# သစ်တောကြေးမုံ

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

## “ကမ္ဘာ့အကြီးဆုံးကျွန်းပင်”



မြန်မာနိုင်ငံတွင်သာမက ကျွန်းပင်ပေါက်ရောက်ရာအခြားနိုင်ငံများမှာပါ မတွေ့ရသေးသော ရင်စို့လုံးပါတ် ၂၇ပေ ၅လက်မ အရွယ် ကျွန်းပင်ကြီး(၁)ပင်နှင့် ရင်စို့လုံးပါတ် ၂၇ပေ အရွယ်ကျွန်းပင်ကြီး(၁)ပင်တို့အား စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ဥတုကြိုးဝိုင်းအတွင်း ၂၈-၈-၂၀၁၇ နေ့တွင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။

စာမျက်နှာ (၂)သို့

# မာတိကာ


| | |
|---|---|
| ➤ကမ္ဘာ့အကြီးဆုံးကျွန်းပင် | မျက်နှာဖုံး ၂-၄ |
| ➤သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းစောင့်ရှောက်ရေး(ခေါင်းကြီး) | ၁ |
| ➤သတင်းများကဏ္ဍ | ၅-၉ |
| ➤တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းနှင့် ဆင်သတ်ဖြတ်သူများဖမ်းဆီးရမိသတင်းများ | ၁၀-၁၁ |
| ➤အင်တာပိုလ်က ပေးပို့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းသတင်းများ | ၁၂-၁၃ |
| ➤ပွင့်ရာတောဓိပင်များ | ၁၄-၁၅ |
| ➤မြန်မာနိုင်ငံသစ်တောဝန်ထမ်း၊ နိုင်ငံကောင်းရန်တစ်ဖက်တစ်လမ်း | ၁၆-၁၈ |
| ➤အုံ့မှယ်ရာသစ်ပင်များ | ၁၉-၂၀ |
| ➤ဇီဝမျိုးစုံမျိုးကွဲကွန်ဝင်းရှင်း၏ အတွင်းရေးမှူးချုပ်မှ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့တိုင်းရင်းသားလူမျိုးများနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ | ၂၂-၂၃ |
| ➤ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဟု ဆိုရာဝယ်- | ၂၄-၂၆ |
| ➤ရေသယံဇာတထိန်းသိမ်းရေးနှင့် သစ်တောများ၏အခန်းကဏ္ဍ | ၂၇-၃၀ |
| ➤Where There is a Problem, There is an answer | ၃၀-၃၅ |
| ➤စာတ်ပုံပညာ | ၃၆ |
| ➤သရော | ၃၇-၃၈ |
| ➤ကျွန်တော်နာမည် ဧအဝမ်း | ၃၉-၄၀ |
| ➤Bago Yoma Eco Resort ဖွင့်လှစ်ခြင်း | ၄၂-၄၃ |
| ➤အဖိုးတန်သစ်မျိုးတန်းဝင် ပျဉ်းကတိုးပင်အကြောင်းသိကောင်းစရာ | ၄၄-၄၅ |
| ➤မြင်တွေ့ရများပေမယ့် မလေ့လာဖြစ်သော ညောင်ပင်မျိုးစိတ်များ | ၄၆-၄၇ |
| ➤သဘာဝပတ်ဝန်းကျင်နှင့်ကျန်းမာရေး | ၄၈-၄၉ |
| ➤ သစ်ပင်၏ကျိန်စာ (ကဗျာ) | ၄၉ |
| ➤တရုတ်-မြန်မာချစ်ကြည်ရေးသစ်တောစိုက်ခင်းစီမံကိန်းစိုက်မျိုး ပြီးစီးခြင်းအခမ်းအနား | ကျောဖုံး၊ ၅ |


တောပင်ကို တော်တော်ခုတ်ပ၊
တောပြုတ်လိမ့် နောက်နောင်၊
တောခုတ်လို့ တောပြောင်၊
မိုးခေါင်တော့မှာဘဲ၊
မိုးခေါင်လို့ ရေမကြွယ်၊
သဲပင်လယ်ဖြစ်လိမ့်မလွဲ။
(ဆရာဇော်ဂျီ)


## စာတည်းချုပ်နှင့် ထုတ်ဝေသူ

ဦးအောင်ချိန်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

## စာတည်း

ဦးလှမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး

## စာတည်းအဖွဲ့ဝင်များ

| | |
|---|---|
| ဦးအောင်ကျော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးစိန်မိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးကိုကိုထွန်း | ဦးစီးအရာရှိ |
| ဦးဝင်းသန်း | ဦးစီးအရာရှိ |

## ပုံနှိပ်သူ

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


ဆက်သွယ်ရန် -
၀၆၇-၄၀၅၃၉၄
extension@forestdepartment.gov.mm

## "သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းစောင့်ရှောက်ရေး"

ယခင်က ကမ္ဘာမြေကြီး၏ ၆၀ရာခိုင်နှုန်းကို သစ်တောများဖုံးလွှမ်းရာမှ ယနေ့အချိန်ကာလ၌ သစ်တောဖုံးလွှမ်းမှုမှာ ၃၀ရာခိုင်နှုန်း ကျော်သာရှိပါတော့သည်။ ကမ္ဘာ့သစ်တောဧရိယာ၏ ထက်ဝက်ခန့်နှင့် အမြဲစိမ်းသစ်တော ဧရိယာ၏ ၇၀ရာခိုင်နှုန်းခန့်ပျက်စီးခဲ့ရပါသည်။ မှတ်တမ်းများအရ ၁၈၅၂ခုနှစ် နောက်ပိုင်းကာလမှစ၍ သစ်တောများပြုန်းတီးသည့်နှုန်းမှာ အလွန်သိသာစွာ များပြားလာပါသည်။ ဥရောပတိုက်ရှိသစ်တောများမှာ အက်ဆစ်မိုးကြောင့်လည်းကောင်း၊ ဆိုက်ဘေးရီးယားရှိ သစ်တောများမှာ သစ်ထုတ်လုပ်မှုများပြားခြင်းကြောင့် လည်းကောင်း၊ တရာဇီးနိုင်ငံရှိအမေဇုန်သစ်တောများမှာ လူများ၏သုံးစွဲမှု ထုတ်လုပ်မှုများပြားခြင်းကြောင့်လည်းကောင်း၊ အပူပိုင်းမိုးသစ်တော (သို့မဟုတ်)မုတ်သုံသစ်တော(Tropical Rainforests)များမှာ အဆိုပါဒေသတွင် မှီတင်းနေထိုင်ကြသော လူဦးရေတိုးပွားမှုအဆမတန်များပြားခြင်းကြောင့်လည်းကောင်း လျော့နည်းလာရခြင်းဖြစ်ပါသည်။

သစ်တောပြုန်းတီးခြင်း(Reforestation)ဆိုသည်မှာ သစ်တောဖုံးလွှမ်းရာဒေသ (Forest Area)အဖြစ်မှ သစ်တောကင်းမဲ့သောဒေသအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခြင်းဖြစ်ပါသည်။ သစ်တောများပြုန်းတီးမှုဆိုးကျိုးများမှာ လွန်စွာများပြားလှပါသည်။ အဓိကအားဖြင့် သဘာဝပတ်ဝန်းကျင် အဆင့်အတန်းနိမ့်ကျလာခြင်း(degraded environment)နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) လျော့နည်းကျဆင်းလာခြင်းတို့ဖြစ်ပါသည်။ တောမီးလောင်ခြင်း၊ တောင်ယာစနစ်ထွင်ခြင်း၊ ထင်း၊ မီးသွေးနှင့်လူနေအိမ်ခြေများအတွက် အိမ်ဆောက်ပစ္စည်းများ၊ အဆမတန်ထုတ်ယူခြင်းနှင့် စက်ရုံများမှ အညစ်အကြေးအဆိပ်အတောက်များ စွန့်ပစ်မှုများ များပြားလွန်းခြင်းကြောင့် သစ်တောများပြုန်းတီးရပါသည်။

ထို့ကြောင့် သစ်တောပြန်လည်ထူထောင်ခြင်း(Reforestation)ကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ၂၀၀၇-ခုနှစ် မိုးရာသီမှစတင်၍ နှစ်အဆက်ဆက်လျော့နည်းကျဆင်းလာခဲ့သော သစ်တောများအား ပြန်လည်တည်ထောင်ရန်(၂၀၀၇)မှ(၂၀၂၆)ထိ သစ်တောပြန်လည်တည်ထောင်ခြင်းစီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းကာလအတွင်း သစ်တောစိုက်ခင်း (၃၅၂၄၃၈)ဧကကိုလည်းကောင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း (၂၈၅၀၀၄)ဧကကိုလည်းကောင်း၊ သဘာဝတောများတွင် မွေးတာမျိုးဆက်ခြင်း ၈၁၈၅၃၈ဧကကိုလည်းကောင်း၊ အပူပိုင်းဒေသတွင် သဘာဝတောထိန်း(၅၀၀၀၀၀)ဧကကိုလည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၇၇၀၃၃၂) ဧကကိုလည်းကောင်း၊ သစ်တောနယ်မြေ ၁၆၁၆၀ စတုရန်းမိုင် (နိုင်ငံဧရိယာ၏ ၆ .၁၇ရာခိုင်နှုန်း) တိုးချဲ့ဖွဲ့စည်းပြီး နိုင်ငံဧရိယာ၏ ၃၀ရာခိုင်နှုန်းကို သစ်တောနယ်မြေအဖြစ် ဖွဲ့စည်းရန် လည်းကောင်း ရည်ရွယ်၍ အားသွန်ခွန်စိုက်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိပါသည်။

သစ်တောသစ်ပင်များ၏တန်ဖိုးမှာ လွန်စွာများပြားလှပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတဖြစ်သော ရေ မြေ တော၊ တောင်နှင့် ရာသီဥတုတို့ကို အစဉ်ထိန်းသိမ်းရမည်ဖြစ်ပါသည်။ တောတောင်ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်စီးကာ ရာသီဥတုဖောက်ပြန်လာသဖြင့် သစ်တောများမပျက်စီးစေရေးအတွက် အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်ဟူသော စံယူချက်ဖြင့် ထိုမျှအသုံးဝင်သော သစ်တောသစ်ပင်များကို စည်းကမ်းတကျထုတ်ယူသုံးစွဲခြင်း၊ အသစ်တစ်ဖန် စိုက်ပျိုးပြုစုခြင်းများသည် ယနေ့ခေတ် လူသားများ မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါကြောင်း တိုက်တွန်းဖော်ပြအပ်ပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူ့အတွင်း နိုးကြားတက်ကြွသည့် အသိရင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရင်သန်စေရန် လှုံ့ဆော်သွားရမည်။

မျက်နှာဖုံး ဆောင်းပါး

# ကမ္ဘာ့အကြီးဆုံးကျွန်းပင်

စစ်ကိုင်းတိုင်းဒေသကြီးသည် FAO မှ Forest Resource Assessment -2015(FRA-2015)အရ တိုင်းဒေသကြီးဧရိယာ၏(၄၇ .၀၄)% သစ်တောဖုံးလွှမ်းလျက်ရှိပြီး သစ်တောဧရိယာဧကပေါင်း(၁၁)သန်းခန့် တောအမျိုးအစားမျိုးစုံတွေ့မြင်နိုင်သကဲ့သို့ အဖိုးတန်သစ်မျိုးများ(အထူးသဖြင့်) မြန်မာ့ဂုဏ်ဆောင်ကျွန်းပင်များပေါက်ရောက်ရာရတနာမြေဖြစ်ပါသည်။

၁၉၉၇ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ နန့်ကျင်ကြိုးဝိုင်း၊ အကွက်အမှတ် (၆၃)၌ တွေ့ရှိရသောကျွန်းပင်ကြီးသည် ၂၀၁၇ခုနှစ်၊ မေလတွင် ပြန်လည်တိုင်းတာမှုအရ ရင်စို့လုံးပတ် ၂၆ ပေ ၈လက်မရှိ လာပြီး အကြီးဆုံးကျွန်းပင်ကြီးအဖြစ်စံချိန်တင်ထားရှိခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးမျိုးမြင့်က ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ် ဆက်စပ်ရာဒေသ၊ တောနက်ထဲတွင် လက်ရှိအကြီးဆုံးကျွန်းပင်ကြီးထက် အရွယ်အစားပိုကြီးမည်ဟု ယူဆရသော ကျွန်းပင်ကြီးတစ်ပင်ကို မျက်မြင်တွေ့ဖူးသူရှိကြောင်း သတင်းစကားမှအစပြု၍ အဆိုပါ ကျွန်းပင်ကြီးများကို ရှာဖွေမှတ်တမ်းတင်ရန် အကြောင်း စတင်ပေါ်ပေါက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ဆက်သွယ်ပေးမှုအရ ၂၀၁၇ခုနှစ်၊ ဩဂုတ်လလယ်တွင် မျက်မြင်တွေ့ရှိသူ ဦးတင်ရွှေနှင့်အဆက်အသွယ်ရရှိခဲ့ပြီး ဦးတင်ရွှေက ဒေသခံရွာသားအချို့နှင့် အဆိုပါသစ်ပင်ကြီးကို ကြိုတင်သွားရောက်ကြည့်ရှုခဲ့ပြီး (၂၀-၈-၂၀၁၇)ရက်နေ့တွင် ကျွန်းပင်ကြီးရှိနေကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။ ဦးတင်ရွှေသည် ပရဆေးမြစ်၊ ဆေးဥများကိုရှာဖွေပြီး အသက်မွေးဝမ်းကျောင်းအတွက် ဟုမ္မလင်းသစ်တောများအတွင်း လှည့်လည်သွားလာရင်း လွန်ခဲ့သည့်(၅)နှစ် ခန့်က ကျွန်းပင်ကြီးကို သတိပြုမိခဲ့ခြင်းဖြစ်ပါသည်။



ဟုမ္မလင်း(၁)



ဟုမ္မလင်း(၂)

### ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း

အဆိုပါကျွန်းပင်ကြီးတည်ရှိနေမှုအပေါ် ကွင်းဆင်းစစ်ဆေးတိုင်းတာနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဖွဲ့စည်းတာဝန်ပေးမှုအရ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူများ၊ ဟုမ္မလင်းမြို့နယ် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံကျေးရွာသားများအပါအဝင် အင်အား(၃၂) ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည်(၂၄-၈-၂၀၁၇)ရက်နေ့တွင် မုံရွာမြို့မှဟုမ္မလင်းမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာ၍ တုံစကားရွာမှဟုမ္မလင်းမြို့သို့ ရောက်ရှိလာသည့် ဦးတင်ရွှေနှင့် တွေ့ဆုံပြီး ကျွန်းပင်ကြီး ရှိနိုင်သည့် နေရာကို ခန့်မှန်းမြေပုံရေးဆွဲခြင်းနှင့် ခရီးစဉ်အသေးစိတ်ကို ညှိနှိုင်းခဲ့ကြပြီး (၂၅-၈-၂၀၁၇)ရက်နေ့တွင် ဟုမ္မလင်းမြို့မှ ကျွန်းပင်ကြီးရှိရာ ဥရုကြိုးဝိုင်း

သို့ထွက်ခွာခဲ့ပါသည်။ ဟုမ္မလင်းမှ နန့်တောသို့ မော်တော်ကား၊ နန့်တောမှဥရုမြစ်အတိုင်း စက်လှေဖြင့်နန့်သာသို့လည်းကောင်း၊နန့်သာမှနန့်သာချောင်းအတိုင်းတုံ့စကားသို့ စက်လှေငယ်ဖြင့်လည်းကောင်း၊ တုံ့စကားမှ သဖန်းပင်စခန်းနှင့် ဝါးပါးစခန်းကို ဖြတ်ကျော်၍ ဥရုကြိုးဝိုင်းအကွက် (၇၉) ရှိကျွန်းပင်ကြီးများဆီသို့ ခြေလျင်ခရီးဖြင့် သွားရောက်ခဲ့ပြီး (၂၈–၈–၂၀၁၇)ရက်နေ့တွင် ကျွန်းပင်ကြီးများအား တွေ့ရှိမှတ်တမ်းတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။ မုံရွာမြို့ကို(၃၁–၈–၂၀၁၇)ရက်နေ့ ပြန်လည်ရောက်ရှိချိန်ထိ(၈)ရက်ကြာမြင့်ပါသည်။

**ကျွန်းပင်ကြီးများတွေ့ရှိသည့်နေရာနှင့် ဥရုကြိုးဝိုင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဖန်းမောက်မြို့နယ်နှင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တို့ ဆုံရာအနီး ဟုမ္မလင်းမြို့နယ်၊ ဥရုကြိုးဝိုင်းအတွင်းတွေ့ရပါသည်။ မှတ်တမ်းအထောက်အထားများအရ ဥရုကြိုးဝိုင်းသည် ၁၈၉၆ခုနှစ်တွင် အမိန့်ကြော်ငြာစာ ၄၈၁/(၉–၁၁–၁၈၉၆)ဖြင့်ဖွဲ့စည်းခဲ့ပြီး၊ကြိုးဝိုင်းဧရိယာမှာ ၅၉၁၈၃ဧကရှိ၍ အကွက်ပေါင်း(၉၉)ကွက်ပါဝင်ပါသည်။ အထက်ရွက်ပြတ်ရောနှောတောစိုအမျိုးအစားဖြစ်ပြီး သဘာဝပေါက်ပင်အနေဖြင့် ကျွန်းနှင့်ကညင်သစ်အများဆုံးတွေ့ရှိရ၍ အင်ကြင်း၊ ထောက်ကြံ့၊ ဘင်္ဂ၊ သတိ၊ ဖန်ခါး၊ တောင်တမာ၊ ကြို့စသည့် သစ်မျိုးများနှင့် ချောင်းစပ်နေရာများတွင် သော်ကကြီးပင်များပေါက်ရောက်ပြီး ဝါးဘိုး မျက်ဆံကျယ်၊ တင်းဝါး၊ ဝါးယား၊ တစ်ပင်တိုင်ဝါး၊ ကြသောင်းဝါးနှင့် ကြိမ်နီ၊ တောင်ကြိမ်၊ ရေကြိမ်၊ ဆူးရစ်နွယ်၊ ရုံးဆူး၊ မန်ကျည်းနွယ်များတွေ့ရပါသည်။ အကြီးဆုံးကျွန်းပင်များရှိရာ ဥရုကြိုးဝိုင်းအကွက် (၇၈)နှင့် (၇၉)တို့တွင် ကိုလိုနီခေတ်မှ ယနေ့တိုင် ကျွန်းထုတ်လုပ်မှုမရှိဘဲ အကွက်(၇၈)တွင် သစ်မာထုတ်လုပ်မှုရှိခဲ့သော်လည်း ကျွန်းပင်ရှိရာ တောင်ကြောရှိအပင်များအား ထုတ်လုပ်ခြင်းမပြုခဲ့သဖြင့် ပင်ထောင်ကျန်များအဖြစ်တွေ့ရပါသည်။

တွေ့ရှိခဲ့သည့်နေရာအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | အမည် | ရင်စို့လုံးပတ် | တွေ့ရှိသည့်နေရာ | |
|---|---|---|---|---|
| (က) | ဟုမ္မလင်း(၁) | ၂၇ပေ၅လက်မ | ဥရုကြိုးဝိုင်းအကွက်(၇၉) | 83P9 252906 |
| (ခ) | ဟုမ္မလင်း(၂) | ၂၇ပေ | ဥရုကြိုးဝိုင်းအကွက်(၇၈) | 83P9 262901 |

ရင်စို့လုံးပတ် ၂၇ပေ ၅လက်မရှိ ကျွန်းပင်ကြီးအား ဟုမ္မလင်း(၁)ဟုလည်းကောင်း၊ ရင်စို့လုံးပတ် ၂၇ပေရှိ ကျွန်းပင်ကြီးအား ဟုမ္မလင်း(၂)ဟုလည်းကောင်း အမည်ပေး သတ်မှတ်ခဲ့ပါသည်။တစ်ပင်နှင့်တစ်ပင်(၁)မိုင်ခန့်အကွာတွင်တည်ရှိပြီး အမြင့်ပေ ၁၉၀၀ခန့်ရှိသော တောင်ကြောတစ်ခု၏ ထိပ်နှစ်ဖက်စွန်းတွင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

**ကျွန်းနှင့်ကညင်ပင်ကြီးများတွေ့ရခြင်း**

အကြီးဆုံးကျွန်းပင်ကြီးများတည်ရှိရာ ဥရုကြိုးဝိုင်းအကွက်အမှတ် (၇၈)နှင့်(၇၉)တို့တွင် ရင်စို့လုံးပတ်(၁၀)ပေအထက် ကျွန်းပင်အများအပြားနှင့် ရင်စို့လုံးပတ် ၂၀ပေဝန်းကျင်ရှိ ကညင်ပင်အများအပြား တွေ့ရပါသည်။

**ကျွန်းပင်ကြီးများ၏လက်ရှိအခြေအနေ**

(၁)ဟုမ္မလင်း(၁)

ရင်စို့လုံးပတ် ၂၇ပေ၅လက်မရှိပြီး အမြင့်(၁၁၀)ပေခန့်ရှိပါသည်။ မြေပြင်အထက်(၁၇)ပေခန့်အမြင့်တွင် ခွ(၂)ခုဖြစ်ပေါ်နေပါသည်။ အရွယ်အစားငယ်သော ခွမှခွအထက် ၅ ပေခန့်တွင် ပြတ်တောက်နေပြီး အရွယ်ကြီးသော ကျန်ခွတစ်ခုကို ကျန်းမာသန်စွမ်းစွာတွေ့ရပါသည်။ ကျွန်းပင်တွင် လုံးပတ်(၂၀)လက္မခန့်ရှိသော နွယ်ပင်(၂)ပင်ရစ်ပတ်နေပြီး ရွက်အုပ်တွင် ကျွန်းရွက်ဖားဖားများနှင့်အတူ နွယ်ပင်၏အရွက်စိပ်စိပ်များအား ရောနှောတွေ့မြင်ရပါသည်။

ရင်စို့အထက်တွင် ကျိုးပေါင်းဘုကြီးတစ်ခုဖြစ်ပေါ်နေမှုကြောင့် အမှန်တိုင်းတာရရှိသည့်လုံးပတ်ထက် ပိုမိုကြီးမားသည်ဟု ထင်ရပါသည်။ တစ်ဘက်တွင်လင်းလုပင်များရှိနေသဖြင့် အခြားတစ်ဘက်သို့၁၅ဒီဂရီခန့်တိမ်းစောင်းလျက်ရှိပါသည်။ ကျွန်းရွက်များသည် အခြားနုပျိုသော ကျွန်းပင်များ၏ အရွယ်အစားအတိုင်းရှိနေပြီး ခက်လက်ဝေဆာပွင့်ဖူးနေသော ကျွန်းပွင့်များကိုတွေ့ရပါသည်။

အဖွဲ့အနေဖြင့် ရင်စို့လုံးပတ်နှင့်တိုင်းတာသည့်နေ့ ဖော်ပြထားသော ဒန်ပြားအား ရင်စို့လုံးပတ်တိုင်းတာသည့်နေရာတွင် ကပ်ရိုက်မှတ်သားခြင်း၊ ကျွန်းပင်ကြီးတွင် ရစ်ပတ်နေသော နွယ်ပင်များနှင့်ညောင်ပတ်ပင်၏အမြစ်များအား ဖြတ်တောက်ခြင်း၊ ပွင့်လင်းရာသီတွင် တောမီးဝင်ရောက်မှုမဖြစ်ပွားစေရေးအတွက် ကျွန်းပင်အောက်ခြေပတ်လည်အား ရှင်းလင်းခြင်း၊ ထိန်းသိမ်းထားသောသစ်ပင်ဖြစ်ကြောင်း သိသာမြင်သာရှိစေရေးအတွက် မျောတိုင်းများဖြင့် ယာယီခြံခတ်ကာရံခြင်း၊ အနီးရှိသစ်ပင်များ ပေါ်မှ နွယ်ပင်များအား ရှင်းလင်းခြင်းတို့ကိုပြုလုပ်ခဲ့ပါသည်။

(၂)ဟုမ္မလင်း(၂)

ရင်စို့လုံးပတ် ၂၇ပေ၊ အမြင့် ၁၀၀ပေခန့်ရှိပြီး ပင်လုံးပင်စည် ဖြောင့်မတ်ပါသည်။ တစ်ဖက်မှကြည့်ပါက အပြစ်အနာအဆာကင်းသော အသွင်သဏ္ဍာန်ရှိသော်လည်း ကျန်တစ်ဖက်မှကြည့်လျှင် မီးလောင်ထားသော ခေါင်းပေါက်ကြီးကိုတွေ့ရပါသည်။ မြေပြင်မှ ၂၅ပေခန့် အမြင့်မှစတင်၍ ကိုင်းတက်များ ဖြာထွက်ပါသည်၊ မီးလောင်ခေါင်းပေါက်သည် ၂၀ပေခန့်မြင့်ပြီး အတွင်းတွင် လူ(၆)ဦးခန့်ဝင်နိုင်ပါသည်။ ခေါင်းပေါက်ရှိသော်လည်း

ကြံ့ခိုင်မှုကောင်းမွန်နေခြင်းကြောင့် ပြုပြင်ထိန်းသိမ်းပေးပါက ကာလကြာရှည်ရှင်သန်နေနိုင်ကြောင်း တွေ့ရပါသည်။

သန်မာသောအခက်အလက်များရှိနေပြီး အဖူးအပွင့်များဖြင့် ဝေဝေဆာဆာတွေ့ရပါသည်။ ကပ်လျက်တွင် လင်းလုပင်နှင့်အခြားပြိုင်ဘက်ပင်များမရှိပါ။ အောက်ပေါင်းများပြားသဖြင့် ပွင့်လင်းရာသီတွင် တောမီးအန္တရာယ်စိုးရိမ်ရခြင်းကြောင့် အောက်ခြေရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ကျွန်းပင်ကြီး၏ဝန်းကျင်တွင် ရင်စို့လုံးပတ် ၁၀ပေအထက် ကျွန်းပင်အများအပြားနှင့် ရင်စို့လုံးပတ် ၂၀ပေဝန်းကျင် ကညင်ပင်အများအပြားကို ကျန်းမာသန်စွမ်းစွာ ခပ်စိပ်စိပ်တွေ့မြင်ရပါသည်။

## ကျွန်းပင်များ၏ ရှင်သန်မှုအပေါ်ခြိမ်းခြောက်နေမှုများ

ကျွန်းပင်အများစုအား နွယ်ပတ်နေသော အခြေအနေနှင့် ညောင်ပတ်ပင်များအဖြစ်တွေ့ရပြီး အပင်ကြီးအများအပြားရှိသော်လည်း မျိုးဆက်ပင်များနည်းပါးနေကြောင်းတွေ့ရပါသည်။ သို့ပါ၍ နွယ်ဖြတ်/ညောင်ပတ်လှဲခြင်းလုပ်ငန်းနှင့် မျိုးဆက်ပင်များ ပေါက်ရောက်နိုင်ရေးအတွက် ဓမ္မတာမျိုးဆက်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်နေကြောင်း တွေ့ရပါသည်။

## ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များ

အကြီးဆုံးကျွန်းပင်ကြီးများ ရေရှည်တည်တံ့စေရေး၊ မူလအနေအထားမပျက် တည်ရှိနေသော သဘာဝသစ်တောကြီး၏ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအစီအစဉ်ဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပါမည်။

(က)အကြီးဆုံးကျွန်းပင်ကြီးများပေါ်ရှိ နွယ်နှင့် ညောင်ပတ်များအား ထပ်မံရှင်သန်မလာအောင် စောင့်ကြည့်ရှင်းလင်းခြင်း

(ခ) ကျွန်းပင်ကြီးများ ပတ်လည်တွင် ပိုမိုတောင့်တင်းသပ်ရပ်သောစည်းရိုးဖြင့်ပြောင်းလဲကာရံခြင်း

(ဂ) ကျွန်းပင်ကြီးများ၏ အခြေအနေအား မှတ်တမ်းထားရှိပြီး လိုအပ်သောပြုစုစောင့်ရှောက်မှုကို မျက်ခြေမပြတ်ဆောင်ရွက်ခြင်း

(ဃ)ကျွန်းပင်ကြီးများအနီးပတ်လည်ရှိ အခြားကျွန်းပင်များတွင် နွယ်နှင့် ညောင်ပတ်ပင်များကို ရှင်းလင်းဆောင်ရွက်ခြင်း

(င) ကျွန်းမျိုးဆက်ပင်နည်းပါးသည့်နေရာများတွင်ကျွန်းပင်များပြည့်စွက်စိုက်ပျိုးခြင်းဖြင့်မူလကျွန်းတော၏တန်ဖိုး ပြန်လည်မြင့်မားလာစေရေးကြိုးပမ်းဆောင်ရွက်ခြင်း

(စ)တောရိုင်းတိရစ္ဆာန်များ၏ ရှင်သန်ရပ်တည်မှုအတွက် အလွန်အကျွံအမဲလိုက်ခြင်း၊ သမားရိုးကျမဟုတ်သော ငါးဖမ်းဆီးခြင်းများမရှိစေရေး ဒေသခံများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း

(ဆ) ကျွန်းပင်ကြီးများအပါအဝင် သဘာဝသစ်တောကြီး၏ အရေးပါမှု၊ ဂုဏ်ယူနိုင်မှုကို ဒေသခံများ ပိုမိုသိရှိပြီး ပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် လက်တွဲပါဝင်လာစေရေးအတွက် တိုးချဲ့ပညာပေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း

(ဇ) သစ်တောဥပဒေဖြင့် ထိရောက်သော အရေးယူမှုဖြင့် လက်ရှိသဘာဝတောအားအကာအကွယ်ပြုခြင်း

(ဈ) ဥရုကြိုးဝိုင်းအား သဘာဝနယ်မြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကမ္ဘာတင်ကျော်ကြားလှသည့် မြန်မာ့ကျွန်းသစ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း အကြီးဆုံးကျွန်းပင်များ တွေ့ရှိမှုသည် နိုင်ငံနှင့် လူမျိုးအတွက် ပို၍ပို၍ ဂုဏ်ယူစရာလည်းဖြစ်ပါသည်။ ယခုကွင်းဆင်းစစ်ဆေးခြင်းနှင့် ဆက်နွယ်၍ဒေသခံများနှင့် လုပ်ငန်းများပူးတွဲဆောင်ရွက်ရခြင်းကြောင့် ဒေသခံများနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာခြင်းနှင့် ဒေသခံများအကြား သဘာဝအမွေအနှစ်များအပေါ် တန်ဘိုးထားမြတ်နိုးမှုများ တိုးပွားလာစေသည့်အပြင် ဒေသခံများနှင့်ပူးပေါင်း၍ နိုင်ငံပိုင် သစ်တောကြီးများ သဘာဝမပျက် ရေရှည်တည်တံ့စေရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။



ကျောဖုံးမှ အဆက်

သတင်းများကဏ္ဍ

## တရုတ်-မြန်မာချစ်ကြည်ရေးသစ်တောစိုက်ခင်းစီမံကိန်း စိုက်ပျိုးပြီးစီးခြင်း အခမ်းအနားကျင်းပခြင်း

ပြည်ထောင်စုဝန်ကြီးကအဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည်သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝပြီး မြန်မာ့သစ်တောများသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများအပြင် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်း စီမံကိန်းကို၂၀၁၇-၂၀၁၈ခုနှစ်မှ၂၀၂၆-၂၀၂၇ခုနှစ်အထိ (၅)နှစ်ကာလနှစ်ခု ခွဲခြားဆောင်ရွက်လျက်ရှိကြောင်း၊

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သစ်တောစီမံအုပ်ချုပ်မှုဌာနတို့အကြား တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာသံရုံးမှ သစ်တောများပြန်လည်ထူထောင်ရေးကနဦးအကူအညီအဖြစ် သစ်တောပျက်စီးသည့်နေရာများအတွင်းတရုတ်-မြန်မာချစ်ကြည်ရေးသစ်တောစိုက်ခင်း (China-Myanmar Friendship Forest Plantation Project) ဧက(၁၀၀)တည်ထောင်ရန် သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ငမင်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၁၆၊၂၁၈)အတွင်း သစ်မျိုးစုံ သစ်တောစိုက်ခင်း(၁၀၀)ဧကတည်ထောင်ခဲ့ပြီး ယခုစိုက်ပျိုးပြီးစီးခြင်းအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်လိုသည့် ရည်ရွယ်ချက်များနှင့် ယခုသစ်တောစိုက်ခင်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး စိုက်ခင်းစီမံကိန်းလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မှာဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားရာတွင် တရုတ်-မြန်မာချစ်ကြည်ရေး (ဇီဝစ်ပြ)သစ်တောစိုက်ခင်းစီမံကိန်းကို ထောက်ခံအားပေးမှုများပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အရှေ့တောင်အာရှ ဇီဝမျိုးစုံမျိုးကွဲ သုတေသနစင်တာ (SEABRI)တို့ကို ကျေးဇူးအထူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ထောက်ခံအားပေးကူညီနိုင်ရန် ဆန္ဒရှိခဲ့ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အကြံပြုချက်အရ ယခုစီမံကိန်းကိုပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး တရုတ်နိုင်ငံတွင် ပညာသင်ကြားနေသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ကြေးငွေများအား ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ပါသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာတွင် သစ်တောသစ်ပင်များမှာ သဘာဝပတ်ဝန်းကျင်နှင့်လူသားတို့အတွက် အဖိုးမဖြတ်နိုင်သည့် ရတနာတစ်ပါးဖြစ်ကြောင်း၊ ပြည်သူများမှ ကောင်းစွာသိရှိနားလည်လာကြသည့် အလျောက် သစ်တောသစ်ပင်များထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးကို နိုင်ငံနှင့်အဝန်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊

မကွေးတိုင်းဒေသကြီးသည် ပူပြင်းခြောက်သွေ့ပြီး ရာသီဥတုဒဏ် အများဆုံးခံစားရသည့် ဒေသဖြစ်သည့်အတွက် ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့မှ အသွင်အမျိုးမျိုးဖြင့် သစ်ပင်များစိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်း သစ်မျိုးစုံအပင်စုစုပေါင်း(၆၇.၅)သိန်းကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊

ယခုသယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကြားပူးပေါင်းဆောင်ရွက်သည့် တရုတ်-မြန်မာချစ်ကြည်ရေးသစ်မျိုးစုံစိုက်ခင်း(၁၀၀)ဧကတည်ထောင်ခြင်းလုပ်ငန်းကို အောင်မြင်စွာအကောင်အထည်ဖော် စိုက်ပျိုးနိုင်ခဲ့ခြင်းသည် တရုတ်-မြန်မာချစ်ကြည်ရေးကို ခိုင်မြဲစေ၍ ဂုဏ်ယူဖွယ်ကောင်းသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုကြီးတစ်ခုဖြစ်သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက တရုတ်-မြန်မာချစ်ကြည်ရေးသစ်တောစိုက်ခင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်တောစိုက်ခင်းတည်ထောင်ခြင်း အထိမ်းအ

မှတ်ကျောက်စာတိုင်အား ဖွင့်လှစ်ပေး၍ သစ်တောစိုက်ခင်း တည်ထောင်ခြင်းအထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း၊ ချစ်ကြည်ရေးသစ်တောစိုက်ခင်းတည်ထောင်ရေးလုပ်ငန်းတွင် အသုံးပြုသည့် ယာဉ်ယန္တရားများနှင့် အကွက်အမှတ်(၂၁၆)ရှိချစ်ကြည်ရေးသစ်တောစိုက်ခင်းအား ကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြပါသည်။ တရုတ်-မြန်မာ ချစ်ကြည်ရေးစိုက်ခင်းဧက(၁၀၀)ဧကတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်းအပါအဝင် အဖိုးတန်သစ်မျိုးများနှင့် ဒေသသစ်မျိုးစုစုပေါင်း(၉၀)မျိုး၊ အပင်တစ်သိန်းနှစ်သောင်းတစ်ထောင်ကျော်အားစိုက်ပျိုးထားရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းသည် ဩဂုတ်လ ၁၁ ရက်နေ့တွင် တောင်တွင်းကြီးမြို့နယ်၊ ငမင်ကြိုးပိုင်းအတွင်း စိုက်ပျိုးထားရှိသည့် တရုတ်-မြန်မာ ချစ်ကြည်ရေး ဇီဝစံပြသစ်တောစီမံကိန်းသို့ သွားရောက်ကာ စိုက်ခင်းတည်ထောင်စိုက်ပျိုးဆောင်ရွက်ပြီးစီးမှု၊ သစ်မျိုးအလိုက် စိုက်ပင်များ ပြုစုထိန်းသိမ်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ဩဂုတ်လ ၁၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ် လေးပင်-အိုင်းမကြိုးပြင် ကာကွယ်တော၌ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသည့် ကျေးရွာသုံးစိုက်ခင်းကိုလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ဆင်ဂေါင်း-ဇီးအိုင်အဆိုပြုကြိုးပြင်ကာကွယ်တောအတွင်း ၂၀၁၆ ခုနှစ်၊ မိုးရာသီ၌ စိုက်ပျိုးတည်ထောင်ခဲ့သည့် ကျေးရွာသုံး စိုက်ခင်းရှင်သန်အောင်မြင်မှုအခြေအနေကိုလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ပုဂံကြိုးဝိုင်းအတွင်းအနီးဝန်းကျင်ရှိ ခရကန်ကျေးရွာနေ ဒေသခံပြည်သူများက တည်ထောင်စိုက်ပျိုးသည့် ယူကလစ်စိုက်ခင်း၊ လျှော်ဖြူစိုက်ခင်း၊ ကျွန်းစိုက်ခင်းနှင့် သစ်မျိုးစုံစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်ရုံးသို့ သွားရောက်ကာ ဥယျာဉ်အတွင်း လိပ်မွေးမြူပြုစုထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများကိုလည်းကောင်း၊ နေ့လယ်ပိုင်းတွင် ရေနံချောင်းမြို့ရှောင်လမ်းဘေး၌ ယခုနှစ်မိုးရာသီတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးတည်ထောင်ခဲ့သည့် ကျေးရွာသုံးစိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဩဂုတ် ၁၃ရက်တွင် ညောင်ဦးမြို့နယ် ထက်လန်းကန်ကျေးရွာ၌ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ JIFPRO အဖွဲ့အစည်းတို့ ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် လက်ထုတ်-ထက်လန်းကန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းစီမံကိန်းကိုလည်းကောင်း၊ တောင်သာမြို့နယ် တောင်သာကြိုးဝိုင်းအတွင်း သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းနှင့် တောကျဲပါးသည့်နေရာများ၌ ကွက်လပ်ဖြည့် စိုက်ခင်းဆောင်ရွက်မှု လုပ်ငန်းကိုလည်းကောင်း၊ နွားထိုးကြီးမြို့နယ် မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ၊ မြန်မာ့ကြယ်လိပ်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ကြယ်လိပ်များအား သဘာဝတောအတွင်း ပြန်လည်စေလွှတ်၍ သဘာဝအတိုင်းမျိုးဆက်ပွားမှု အခြေအနေကိုလည်းကောင်း သွားရောက်စစ်ဆေးခဲ့ကြောင်းသိရပါသည်။



## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရောဝတီတိုင်းဒေသကြီးခရီးစဉ်



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် (၁၈-၈-၂၀၁၇)ရက် ညနေပိုင်းတွင် ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြန်မာ့သစ်လုပ်ငန်းရိပ်သာတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် တောဆင်ရိုင်းများပျံ့နှံ့နေထိုင်ကျက်စားမှု၊ လူနှင့် ဆင်ပဋိပက္ခဖြစ်ပွားမှု အခြေအနေ၊ အရေးပေါ် ကွန်ဂျီဆင်များအဖွဲ့များ(Emergency Elephant Response Unit – EERU) ဖွဲ့စည်းထားရှိမှု၊ တောဆင်ရိုင်းများသတ်ဖြတ်ခံရခြင်းကာကွယ်ရန်အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်နေမှုများနှင့် အမိမဲ့ဆင်ငယ်များဖမ်းဆီးရမိမှုများ၊ တောဆင်ရိုင်းဝင်ရောက်ဖျက်စီးခြင်းနှင့် သတ်ဖြတ်ခံရခြင်း သတင်းများအတွက် မြန်မာ့သစ်လုပ်ငန်းသို့ ပြည်သူလူထုမှ ပွင့်လင်းမြင်သာစွာ ဆက်သွယ်သတင်းပို့နိုင်သည့် ဆက်သွယ်ရေးနည်းစနစ်များ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် အများပြည်သူအတွက် ဆင်စခန်းများ(ချောင်းသာ၊ ငွေဆောင်၊ သစ်ကတိုးအိုင်နှင့် မိုးမခဆင်စခန်းများ) ဖွင့်လှစ်ထားရှိမှုများအား ဆွေးနွေးကြသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေအား သစ်လုပ်ငန်းရိပ်သာတွင် အလွတ်သဘောတွေ့ဆုံခဲ့ပြီး ဒီရေတောများပြုစုထိန်းသိမ်းခြင်း၊ တည်ထောင်ခြင်းသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များအားဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ်၁၉ ရက်တွင် ပုသိမ်-ငွေဆောင် ကားလမ်း မိုင်တိုင်အမှတ် (၁၉/၄) အနီး၊ ချောင်းသာကြိုးဝိုင်း၊ အကွက်အမှတ်(၅၅)နှင့် (၆၁)အတွင်းရှိ ငွေဆောင် ဆင်စခန်း၌ အများပြည်သူများ အပန်းဖြေ ဗဟုသုတရရှိနိုင်ရေးအတွက် ပြသထားသော ဆင်များ အားစစ်ဆေးကြည့်ရှုသည်။ ထို့နောက်ဆင်ဝန်ထမ်းများနှင့်မိသားစုများအတွက် ဆန်၊ဆီနှင့်ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပုသိမ်-မုံရွာလမ်းမိုင်တိုင်အမှတ် (၁၀၀/၂)အနီး ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ တောင်မြန်အောင် တိုးချဲ့ကြိုးဝိုင်း၊ အကွက်အမှတ်(၁၉)၊ (၂၀)အတွင်းရှိ ၁၉၈၈ခုနှစ်၌ စိုက်ပျိုးတည်ထောင်ထားရှိခဲ့သော စီးပွားရေးကျွန်းစိုက်ခင်း(၁၅၀)ကေသို့ ရောက်ရှိစစ်ဆေးသည်။

နေ့လည်ပိုင်းတွင် ပုသိမ်-မုံရွာကားလမ်းမိုင်တိုင်အမှတ်(၁၁၁/၅) အနီးဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၄၀)အတွင်းရှိ ၂၀၀၆ ခုနှစ်၌ စိုက်ပျိုးတည်ထောင်ထားသည့် စီးပွားရေးကျွန်း(၁၅၀)ကေစိုက်ခင်းသို့ရောက်ရှိစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ ရေနံတောင်နှင့် ရွှေသမင်တောင်ကြိုးဝိုင်းအတွင်းရှိကြံခင်းဘိလပ်မြေစက်ရုံအတွက် ကုန်ကြမ်းထုတ်လုပ်သည့် ထုံးကျောက်တောင်အား သွားရောက်ကြည့်ရှုစစ်ဆေးပါသည်။

## အောက်ခြေပြည်သူအစုအဖွဲ့သစ်တောလုပ်ငန်းသုတေသနတွေ့ရှိချက်များ မျှဝေခြင်းနှင့် အကြံပြုချက်များရယူခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် RECOFTC တို့ ပူးပေါင်း၍ (၁၁-၈-၂၀၁၇)ရက် နံနက်(၉)နာရီအချိန်တွင် နေပြည်တော်၊ ဇမ္ဗူသီရိ ဟိုတယ်တွင် လူထုပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်းများ၏ တွေ့ရှိချက်များမျှဝေခြင်းနှင့် အကြံပြုချက်များ ရယူ

ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပါသည်။

သစ်တောဦးစီးဌာနသည် မြန်မာ့သစ်တောများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝစဉ်တည်တံ့စေရေးအတွက် သစ်တောမူဝါဒချမှတ်၍ နှစ်(၃၀)အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဆောင်ရွက်ခြင်းကို လက်ရှိအချိန်အထိ လျာထားချက်၏(၁၈%)ခန့်ကိုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

စီမံကိန်းရည်မှန်းချက် ပြည့်မီရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းကို RECOFTCအဖွဲ့အပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ RECOFTC အဖွဲ့အစည်းအနေဖြင့် သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်(၇)ခုရှိမြို့နယ်(၇)မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များမှ သုတေသနဆောင်ရွက်ခြင်းဖြင့်လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်၊ ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုသိရှိစေပြီး သစ်တောဦးစီးဌာနအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် RECOFTCအဖွဲ့မှ စီမံကိန်းဧရိယာများတွင် ဒေသခံများ ကိုယ်တိုင်ပူးပေါင်းပါဝင်ပြီး ၎င်းတို့၏အတွေ့အကြုံ၊ ဗဟုသုတများအားအခြေခံ၍ သိပ္ပံနည်းကျ ဆန်းစစ်လေ့လာခဲ့သည့် လူထုပူးပေါင်းပါဝင်သော သုတေသန(PAR-Participatory Action Research) နည်းလမ်းကိုအသုံးပြု၍ ရရှိလာသောတွေ့ရှိချက်များအား တင်ပြခဲ့ပါသည်။ ရရှိလာသော သုတေသနရလဒ်များအား ဆက်စပ်ပတ်သက်သည့်ဒေသခံများ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သစ်တောဦးစီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ဝန်ထမ်းများမှ မိမိတို့၏ အတွေ့အကြုံဗဟုသုတများကို အခြေခံ၍ အကြံပြုချက်များ၊ သုံးသပ်ချက်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အဖွင့်အမှာ စကားပြောကြားခဲ့ပြီး သစ်တောဦးစီးဌာနမှ အရာရှိကြီးများ၊ RECOFTCအဖွဲ့မှတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းသစ်မျိုးသန့်ပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း သစ်မျိုးသန့်ပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲအခမ်းအနားကို(၂၁-၈-၂၀၁၇) ရက်နေ့၊ နံနက်(၉)နာရီတွင် သစ်တောသုတေသနဌာန(ရေဆင်း) စုဝေးခန်းမ၌ ကျင်းပပြုလုပ်ပါသည်။

မြန်မာ့သစ်တောများတွင် အရည်အသွေးအကောင်းဆုံးကျွန်းပင်များ ရှင်သန်ပေါက်ရောက်လျက်ရှိသော်လည်း သစ်မျိုးကောင်းမျိုးသန့်ပင်များအားထိန်းသိမ်းခြင်း၊ မျိုးသန့်ပင်များ၏ အစိတ်အပိုင်းများအား ပြန့်ပွားနိုင်မှုများဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အပြင် မျိုးရိုးဗီဇဆိုင်ရာသတင်းအချက်အလက်များဆောင်ရွက်မှုအားနည်းနေသဖြင့် တန်ဘိုးရှိသည့် မျိုးရိုးဗီဇများအား ထိန်းသိမ်းနိုင်ရန် လိုအပ်လျက်ရှိပါသည်။

သစ်တောစိုက်ခင်းများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်သစ်စေ့စုဆောင်းနိုင်မှုနှင့် မျိုးရိုးဗီဇကောင်းမွန်သည့် သစ်စေ့များရရှိမှုအားနည်းနေခြင်းကြောင့် တည်ထောင်ပြီးစိုက်ခင်းအချို့မှာ ထုတ်ယူနိုင်သောကာလတွင် ထုတ်ယူရရှိသည့် အရေအတွက်နည်းပါးခြင်းနှင့်အရည်အသွေးမမီခြင်းများ ဖြစ်ပေါ်နေပါသည်။

ပြင်ပနိုင်ငံများမှ ပျိုးပင်များသစ်စေ့များတင်သွင်း၍ စိုက်ပျိုးရာတွင် သဘာဝအလျောက်ပေါက်ရောက်သည့် သစ်မျိုးများနှင့် မျိုးရိုးဗီဇများရောထွေး၍ မူရင်းဒေသ၏ ကောင်းမွန်သောမျိုးရိုးဗီဇများပါ ညှံ့ဖျင်းသွားနိုင်သဖြင့် ဒေသသစ်မျိုးများတည်ရှိပါက ပြည်ပပျိုးပင်သစ်စေ့များ စိုက်ပျိုးခွင့်မပြုပါကြောင်း၊ သို့ပါ၍ နိုင်ငံအတွင်းရှိ သဘာဝတောများအတွင်းရှိ အသွင်အပြင်ကောင်းမွန်သည့်မျိုးပင်များမှမျိုးစေ့များ၊ အပင်၏အစိတ်အပိုင်းများအားရွေးချယ်၍ မျိုးပွားစိုက်ပျိုးနိုင်ရန် လက်တွေ့ကွင်းဆင်းဆောင်ရွက်ရမည့် ဝန်ထမ်းများအား အဓိကထားလေ့ကျင့်သင်တန်းပေးဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းတွင် ကျွမ်းကျင်သည့်သင်တန်းဆရာများ၊ သုတေသီများမှ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခြင်းနှင့် လက်တွေ့လုပ်ငန်းရလာဒ်များရရှိလာစေရေးအတွက် မိုးစွေဒေသတွင် သင်တန်းသားများအား မျိုးသန့်ပင်များအားလက်တွေ့ရွေးချယ်စေခြင်း၊ သင်တန်းပြီးဆုံး၍ မိမိတာဝန်ကျရာနေရာများတွင် သဘာဝတော၊ စိုက်ခင်းများမှ မျိုးရိုးဗီဇကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်ပင်များအား ရွေးချယ်စေ၍ နမူနာအစိတ်အပိုင်းများအား သစ်တောသုတေသနဌာနသို့ပေးပို့စေပြီး ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စေခြင်းဖြင့် သစ်မျိုးသန့်ပြန့်ပွားခြင်းလုပ်ငန်းများအား လက်တွေ့နယ်ပယ်တွင် ဖြစ်ထွန်းအောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး သစ်တောအရာရှိကြီးများ၊ သုတေသီများ၊ တောအုပ်ကြီးအဆင့်၊ သစ်အုပ်ကြီးအဆင့်နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းမှ စုစုပေါင်းသင်တန်းသား(၃၀)ဦး တက်ရောက်ပြီး သင်တန်းအား(၅)ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**တိုင်းဒေသကြီးနှင့်ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဩဂုတ်လအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၄၆၀၂.၇၆၂၄ | |
| ၂ | သစ်မာ | တန် | ၅၉၀၄.၆၉၅၄ | |
| ၃ | အခြား | တန် | ၁၁၉၁၁.၀၈၂၇ | |
| | စုစုပေါင်း | | ၂၂၄၁၈.၅၄၀၅ | |
| ၄ | မီးသွေး | တန် | ၂၉၂၄.၄၀၇၅ | |
| ၅ | ကား | စီး | ၁၁၀၄ | |
| ၆ | မြေကော်စက်/ ကရိန်း/ ဝန်ချီစက် | စီး | ၃ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၆၇ | |
| ၈ | ဆိုင်ကယ်/ ဆိုက်ကွဲယာဉ် | စီး | ၃၁၁ | |
| ၉ | စက်လှေ/ ရေယာဉ်/ ပဲ့ထောင်လှေ | စီး | ၉၉ | |
| | စုစုပေါင်း | | ၁၅၈၄ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၂၂၆ | |

# တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း

## ရန်ကုန်တိုင်းဒေသကြီး



၁၃–၈–၂၀၁၇ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ် ဦးစီးအရာရှိခေါင်းဆောင်သော သစ်တောဝန်ထမ်းများ ၊သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည်းကူးမြို့နယ်၊ ရန်ကုန်–ပဲခူးလမ်းဟောင်း၊ မိုင်တိုင်အမှတ် ၁၄/၁ ဇရက်ကွင်းသံလမ်းအနီးတွင် ယာဉ် အမှတ် 4M/1946 တပ်ဆင်ထားသော DONG FENG (၂၂)ဘီးယာဉ်ပေါ်မှ တရားမဝင် ကျွန်းသစ်လုံး/ခွဲသား/ခွဲခြမ်း စုစုပေါင်း (၆၄)လုံး/ချောင်း/ခြမ်း (၇.၂၅၀၈)တန်အား တရားခံနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး





၂၄–၈–၂၀၁၇ရက်နေ့၌ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးခေါင်းဆောင်သော သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဆယ်အိမ်မှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့နယ်၊ရန်ကုန်–မော်လမြိုင်ကားလမ်း၊ မိုင်တိုင်အမှတ်(၆၁/၁)အနီးယာဉ်အမှတ်၊ 7E/5605 တပ်ဆင်ထားသော FUSO (၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား (၅၇)ချောင်း (၈.၀၂၄)တန်အားတရားခံ (၁)ဦးဖြင့် လည်းကောင်း၊ မိုင်တိုင်အမှတ် (၆၁/၃)အနီး၌ ရပ်တန့်ထားသည့်ယာဉ်အမှတ်၊ 1J/4208 တပ်ဆင်ထားသောUD(၁၂)ဘီးယာဉ်ပေါ်မှတရားမဝင် ပိတောက်ခွဲသား(၄၆)ချောင်း(၇.၂၂၂၂)တန်အားလည်းကောင်း၊ စုစုပေါင်းတရားမဝင်သစ် (၁၅.၂၄၆၂)တန်၊ ယာဉ်(၂)စီးနှင့် တရားခံ(၁)ဦးတို့အားဖမ်းဆီးရမိခဲ့ပါသည်။

## ဧရာဝတီမြစ်အတွင်းထင်းဖောင်များမှ တရားမဝင်သစ်များဖမ်းဆီးရမိခြင်း

၁၉–၈–၂၀၁၇ရက်နေ့ ကသာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး နှင့်အတူ ဧရာဝတီမြစ်အထက်ဘက် တရားမဝင်သစ်ရှာဖွေဖမ်းဆီးရာ(၂၅–၈–၂၀၁၇) ရက်နေ့တွင် ကချင်ပြည်နယ်အစပ် ကောက်ကွေ့ချောင်းအောက်ဘက်မှ ထင်းဖောင်(၁၀)တွဲတွေ့ရှိပြီးညောင်ခြေထောက်ဆိပ်ကမ်းသို့ ဖောင်တွဲများ ဆွဲယူဆိုက်ကပ်ရှာဖွေရာ(၂၆–၈–၂၀၁၇)ရက်နေ့မှ(၂၇–၈–၂၀၁၇)ရက်နေ့ အထိ ထင်းဖောင်(၃)ခုမှ တရားမဝင်ကျွန်းသစ်(၁၃၁၆)လုံး(၈၉.၆၉၄) တန်ဖမ်းဆီးရမိခဲ့ပါသည်။



# ဆင်သတ်ဖြတ်သူများဖမ်းဆီးရမိမှုသတင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ယင်းတို့၏အစိတ်အပိုင်းများအား လက်ဝယ်ထားရှိ၍ သယ်ယူခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းများအား ဆက်စပ်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းသတင်းရယူ စုံစမ်းဖော်ထုတ်၍ ထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

ဆင်သတ်ဖြတ်သူများအား ဖမ်းဆီးရမိမှုဖြစ်စဉ်အနေဖြင့် ငပုတောမြို့နယ်ဒေသခံတစ်ဦး၏ သတင်းပေးပို့ချက်အရ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ မြစ်တစ်ရာကြိုးဝိုင်းအကွက် (၂၀၇)ခန့်မှန်းမြေပုံအညွှန်း(FP-570231 နှင့် 571228) နေရာများတွင် မြားဒဏ်ရာဖြင့်သေဆုံးနေသော တောဆင်(၂)ကောင်အား စစ်ဆေးတွေ့ရှိခဲ့ပြီး ဆင်သတ်ဖြတ်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်သစ်တောဦးစီးဌာနများ၊ ဆက်စပ်ဌာနများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံများပါဝင်သော ပူးပေါင်းအဖွဲ့မှ စစ်ဆေးဖော်ထုတ်ဆောင်ရွက်ခဲ့ပါသည်။

ပူးပေါင်းအဖွဲ့မှ (၅-၈-၂၀၁၇)ရက်မှ (၈-၈-၂၀၁၇)ရက်နေ့အတွင်း ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်နှင့် ပုသိမ်မြို့နယ်များရှိ ဧရတ်ကောင်းတောင်ကျေးရွာ၊ ဆင်မကြိုးဝိုင်းအကွက် (၉)ခန့်မှန်းမပည(FP-577244)နေရာ၊ ဆင်မကြိုးဝိုင်းအကွက် (၈၇)ခန့်မှန်းမပည (FP-601266)နေရာ၊ ဆင်မကြိုးဝိုင်း အကွက်(၈၄)ခန့်မှန်း မပည (FP-604268)နေရာ၊ မြစ်တစ်ရာကြိုးဝိုင်းအကွက် (၂၁၄)ခန့်မှန်းမပည(FP-547182)နေရာ၊ မြစ်တစ်ရာကြိုးဝိုင်းအကွက် (၂၁၀) ခန့်မှန်းမပည(FP-560197)နေရာ၊ မယ်ဇလီကြိုးဝိုင်းအကွက် (၉၃) ခန့်မှန်းမပည(FP-665375)နေရာ၊ ငပုတောမြို့နယ် ဒီပါကွက်သစ်ကျေးရွာအုပ်စုနေရာ၊ မဲခရဲကြိုးဝိုင်းအကွက်(၂၉၈)နေရာ၊ ငပုတောမြို့နယ် ညောင်ပိုင်းအုပ်စု တင်းမချောင်းကျေးရွာနှင့်တောကြီးကျေးရွာများအတွင်း ဆင်ခန္ဓာကိုယ်၏အစိတ်အပိုင်းများ၊ ဆင်ပစ်ရာတွင်အသုံးပြုသည့် လက်နက်ခဲယမ်းများအပါအဝင် သက်သေပစ္စည်းများနှင့်အတူ တရားခံ(၁၁)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။



(၁၃-၈-၂၀၁၇)ရက်နေ့(၁၄း၁၃) နာရီအချိန်တွင် သာပေါင်းမြို့နယ်၊ အိမ်စိုးချောင်းလက်တက်ခန့်မှန်းမပည(FQ-74 1995)နေရာတွင် ဆင်အရေနှင့်အမြီးအား လှီးဖြတ်၍ ဆင်စွယ်ကိုထွင်းယူထားပြီး သေဆုံးနေသည့် ဆင်(၁)ကောင်အား ထပ်မံ စစ်ဆေးတွေ့ရှိခဲ့သဖြင့် သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ ဒေသခံများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဆင်သတ်သူများအား ဆက်လက်ဖော်ထုတ်ရာ အဆိုပါနေ့ (၁၆း၅၀)နာရီအချိန် ခန့်မှန်း မပည(FQ/FP-734000)နေရာ၌ ဆင်သတ်၍ ဆင်ရေခွံများအား ကြပ်တိုက်နေသောအဖွဲ့နှင့်တွေ့ဆုံ၍ လိုက်လံဖမ်းဆီးစဉ် အဆိုပါအဖွဲ့မှ သေနတ်ဖြင့် ပြန်လည်ပစ်ခတ်မည်ပြုသဖြင့် လုံခြုံရေးအဖွဲ့မှ ပစ်ခတ်ဖမ်းဆီးခဲ့ရာ တရားခံ(၁)ဦး အား ဖမ်းဆီးရမိ၍ (၂)ဦး လွတ်မြောက်ခဲ့ပြီး တရားခံပြေးများအား လိုက်လံဖမ်းဆီးလျက်ရှိပါသည်။ ပြစ်မှုကျူးလွန်သူများအား တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ (၃၇/က)အရ အရေးယူ ဆောင်ရွက်ထားရှိပါသည်။



# အင်တာပိုလ်က ပေးပို့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းသတင်း

တိုးရဲ့ပညာပေးရေးဌာန

INTERPOL




## ထိုင်းနိုင်ငံသုဝဏ္ဏဘူမိနိုင်ငံတကာလေဆိပ်တွင် ကြံ့ချိုအပိုင်းအစများသယ်ဆောင်လာသည့် ဗီယက်နမ်နိုင်ငံသားတစ်ဦး ဖမ်းဆီးရမိခြင်း



ထိုင်းနိုင်ငံ၊ သုဝဏ္ဏဘူမိနိုင်ငံတကာလေဆိပ်ရှိ တောရိုင်းတိရစ္ဆာန်များစစ်ဆေးရေးဂိတ်တွင် လာအိုနိုင်ငံမြောက်ပိုင်းရှိ လောက်ချိုပရာဘန့်သို့ ခရီးသွားမည့် ဗီယက်နမ်နိုင်ငံသားခရီးသည်တစ်ဦးကို ကြံ့ချိုအပိုင်းအစငါးခုနှင့်အတူ (၁၀-၈-၂၀၁၇)ရက်နေ့တွင် ဖမ်းဆီးရမိကြောင်း၊ အဆိုပါ ဗီယက်နမ်နိုင်ငံသားသည် အင်ဂိုလာနိုင်ငံမှ ဒူဘိုင်းနိုင်ငံတကာလေဆိပ်ကိုဖြတ်သန်းကာ ခရီးနှင်လာခဲ့ခြင်းဖြစ်ပြီး လာအိုနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း၊ လေဆိပ်အရာရှိများမှ အဆိုပါ ဗီယက်နမ်နိုင်ငံသား၏အိတ်နှစ်အိတ်အတွင်းမှ ကြံ့ချိုအပိုင်းအစ ငါးခုတွေ့ရှိပြီး အဆိုပါအမျိုးသားကိုရှာဖွေစစ်ဆေးခဲ့ကြောင်း၊ ၎င်းကိုတောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအက်၊ အကောက်ခွန် အက်နှင့်တိရစ္ဆာန်အပိုင်းအစများအက်ဥပဒေများအပါအဝင် အခြားဥပဒေကြောင်းဆိုင်ရာ အရေးယူမှုများဖြင့် သုဝဏ္ဏဘူမိနိုင်ငံတကာလေဆိပ်ရဲများမှ ဆက်လက်အရေးယူလျက်ရှိကြောင်း INTERPOL သတင်းများအရသိရှိရပါသည်။

## မလေးရှားနိုင်ငံတွင် သင်းခွေချပ် အကြေးခွံ ရှစ်တန် ဖမ်းဆီးရမိခြင်း



မလေးရှားနိုင်ငံ၊ ကိုတာကီနာဘလူးဒေသရှိ ဆက်ပန်ဂါပင်လယ်အော် ကွန်တိန်နာဆိပ်ကမ်းတွင် သင်းခွေချပ်အကြေးခွံ ရှစ်တန်ကို ဆာဘာ့ချ် အကောက်ခွန်ဌာနမှ (၁၁-၈-၂၀၁၇)ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါအကြေးခွံများကို ဂုန်နီအိတ် ၂၅၆အိတ်ဖြင့် ကွန်တိန်နာနှစ်လုံးတွင် ဖုံးကွယ်သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အကောက်ခွန်အဖွဲ့၏ သတင်းအရ အဆိုပါသင်းခွေချပ်အကြေးခွံများသည် သင်းခွေချပ်အကောင်ရေ ၁၆၀၀၀ခန့်၏ ပမာဏနှင့်ညီမျှပြီး မှတ်တမ်းများအရ အများဆုံး ဖမ်းဆီးရမိသည့်စံချိန်ဖြစ်ကြောင်း၊ ဆာဘာ့ချ်အကောက်ခွန်ဌာနနှင့် ယစ်မျိုးခွန်ဌာနဆိုင်ရာ ညွှန်ကြားရေးမှူး Datuk Janathan Kandok မှ အဆိုပါ

သင်းခွေချပ်အကြေးခွံများသည် ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သည့် ဂုန်နီအိတ်များတွင် တွေ့ရှိရပြီး ဇူလိုင် ၂၉ရက်နေ့တွင် ပြည်ပတင်ပို့ရန် ကုန်ပစ္စည်းများဖြစ်ကြောင်း၊ ကုမ္ပဏီပိုင်ရှင်မှာ အသက် ၄၃နှစ် အရွယ် မလေးရှားနိုင်ငံသားတစ်ဦးဖြစ်ကြောင်း၊ ယခုအခါ အဆိုပါ သင်းခွေချပ်အကြေးခွံပိုင်ရှင်ကို ထိန်းသိမ်းထားလျက်ရှိကြောင်း၊ အဆိုပါ သင်းခွေချပ်အကြေးခွံများမှာ တရုတ်နိုင်ငံပို့ဆောင်မည်ဟုယုံကြည်ရကြောင်း၊ လက်ရှိပေါက်ဈေးတွင် သင်းခွေချပ်အကြေးခွံတစ်ကီလိုဂရမ်မှာ အမေရိကန် ဒေါ်လာ ၃၀၀၀ခန့်ရှိကြောင်းပြောကြားခဲ့သည်ကို INTERPOL သတင်းများ အရသိရှိရပါသည်။

**တောင်အာဖရိကနိုင်ငံတွင်ကြံ့ချိုနှစ်ချောင်းသယ်ဆောင်လာသည့်အမျိုးသမီးတစ်ဦးဖမ်းဆီးရမိခြင်း**

တောင်အာဖရိကနိုင်ငံ၊ ယိုဟန်နက်စ်ဘာ့မြို့ရှိ OR Tambo နိုင်ငံတကာ လေဆိပ်တွင် အသက် ၃၀အရွယ် ဗင်ဘာဘွေ အမျိုးသမီးတစ်ဦးကို ကြံ့ချိုနှစ်ချောင်း တရားမဝင်ပိုင်ဆိုင်ခြင်းနှင့် တရားမဝင်ခိုးထုတ်ခြင်းအတွက် ၁၄-၈-၂၀၁၇ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ သူမ၏လက်ဆွဲအိတ်ကိုစစ်ဆေးစဉ်အတွင်း သံသယရှိသောပစ္စည်းတစ်ခုတွေ့ ရှိပြီးနောက် လုံခြုံရေးအဖွဲ့မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလုံခြုံရေးအဖွဲ့မှ Green Scorpions ဟုခေါ်ဝေါ်သည့် ပတ်ဝန်း ကျင်စီမံအုပ်ချုပ်မှုကြီးကြပ်ရေးအဖွဲ့မှ အကောက်ခွန်အရာရှိများထံ အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကြံ့ချိုများကို လက်ဆွဲအိတ်အတွင်း လျှပ်စစ်ပစ္စည်းများအကြားဝှက်၍ သယ်ဆောင်လာစဉ် ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း INTERPOL သတင်းများအရ သိရှိရပါသည်။

**ဇမ်ဘီးယားနိုင်ငံတွင် ဖမ်းဆီးရမိသည့် သစ်များရောင်းချခြင်းမှ အမေရိကန်ဒေါ်လာတစ်သန်းခန့်ရရှိခဲ့ကြောင်း**



ဇမ်ဘီးယားနိုင်ငံ၊ မူချင်းဂါနယ်မှ သစ်ကုန်သည်များသည် မူကူလာ(Mukula) သစ်များတရားမဝင်ခုတ်လှဲရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို ဇမ်ဘီးယားသစ်တောရေးရာနှင့် သစ်စက်လုပ်ငန်းဆိုင်ရာကော်ပိုရေးရှင်း(ZAFFICO) မှ သတင်းရရှိသဖြင့် ရှာဖွေဖမ်းဆီးလျက်ရှိကြောင်း၊ မူချင်းဂါနယ်မှ ဝန်ကြီးMalozo Sichare မှ ပြောကြားရာတွင် ဖမ်းဆီးရမိသည့် မူကူလာသစ်များကို ပြန်လည်ရောင်းချခြင်းမှအမေရိကန်ဒေါ်လာတစ်သန်းခန့်အထိရရှိခဲ့ကြောင်း၊ ၄င်းသစ်မျိုးသည် စီးပွားရေးဈေးကွက်အရ များစွာတန်ဘိုးရှိကြောင်း၊ အဆိုပါမူလူကာသစ်၏အတွင်းပိုင်းကို သေနတ်ဒင်ပြုလုပ်ရာတွင် အသုံးပြုကြောင်း၊ ဒုတိယအလွှာကို ပရိဘောဂပြုလုပ်ရာတွင် အသုံးပြုကြောင်း၊ အခေါက်ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြကြောင်း၊ မူချင်းဂါနယ်သည် မူကူလာသစ်များကို တရားဝင်စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း INTERPOL သတင်းများအရသိရှိရပါသည်။

**ထိုင်းနိုင်ငံတွင် ကမ္ဘောဒီးယားနိုင်ငံသားတရားမဝင် သစ်ခိုးသမားလေးဦးဖမ်းဆီးရမိခြင်း**

ထိုင်းနိုင်ငံ၊ ဆူရင်နယ်တွင် ဝတ်ဒိုအာဆာလာဘုန်းကြီးကျောင်းမှ ထိန်းသိမ်းထားသည့် သစ်တောဇရိယာအတွင်းမှ ထိုင်းပိတောက်ဟု လူသိများသည့် (Siamese rosewood) သစ်များကို တရားမဝင်ခုတ်လှဲသည့် ကမ္ဘောဒီးယားနိုင်ငံသား လေးဦးကို(၉-၈-၂၀၁၇)ရက်နေ့က ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းသစ်မျိုးသည် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၃.၅ဒေါ်လာခန့်တန်ဘိုးရှိကြောင်းINTERPOL သတင်းများအရ သိရှိရပါသည်။



စီမံခန့်ခွဲမှုညံ့ဖျင်းရင် သဘာဝသယံဇာတတွေဟာ
အမွေမဟုတ်ပဲ ကျန်စာဖြစ်သွားတယ်။

APK



# ပွင့်ရာဗောဓိပင်များ

ဦးသန်းနွယ် (သစ်တော)

၁၉၈၉ ခုလောက်က ရွှေတိဂုံဘုရားအနောက်ဘက်မုဒ်အနီး သဃံတ္တရဥယျာဉ်တွင် ပွင့်ရာဗောဓိပင်များစိုက်ရန် တာဝန်ပေးခြင်းခံခဲ့ရပါသည်။ ပွင့်ရာဗောဓိ -ပွင့်ရာဗောဓိနှင့် ပြောကြသော်လည်း ကိုးကားချက်များရှားပါးခဲ့ပါတယ်။ မိုးရာပညာရှင်များကိုသော်လည်းကောင်း၊ သံဃာတော်များကိုသော်လည်းကောင်း ချဉ်းကပ်စုံစမ်းခဲ့ရပါတယ်။ ကမ္ဘာအေးဘုရား - တည်ထောင်စက ပွင့်ရာဗောဓိပင်များ သစ်တောက စိုက်ပေးခဲ့ကြောင်း စုံစမ်းသိရပါသည်။ ထိုစဉ်က ဦးဘရီနဲ့ ဦးသာလှဆိုတာ နာမည်ကြီး သစ်တောအရာရှိများ ဖြစ်ကြပါတယ်။

၎င်းတို့အသက်ရှင်လျက်ရှိစဉ် မေးမြန်းပြီး ပညာရခဲ့ရပါတယ်။ ဦးဘရီကိုယ်တိုင် အိန္ဒိယပြည်သို့ သွား၍ လေ့လာခြင်း၊ မျိုးယူခြင်းများ ပြုလုပ်၍ ကိုးကားရန် အချက်အလက်များ သိခဲ့ရပါသည်။ ကမ္ဘာအေးဘုရားဝင်းအတွင်း လိုဏ်ဂူကြီးဘေးပတ်လည်တွင် စိုက်ထားသည်ကို တွေ့ရှိခဲ့ရပါတယ်။ အထူးသဖြင့်''သရက်ဖြူပင်''ကို တွေ့မြင်ခဲ့ရပါတယ်။ ကိုးကားရန်အတွက် မင်းကွန်းဆရာတော်ကြီး ပြုစုရေးသားသည့် ဗုဒ္ဓဝင်ဇာတ်တော်များကို လေ့လာကိုးကားရပါတယ်။ သို့သော်လည်း အချို့အပင်ငယ်များ မရှိတော့ပါ။ သဃံတ္တရဥယျာဉ်တွင် စိုက်ပျိုးခဲ့သော အပင်များကို ဖော်ပြထားပါတယ်။ ကြာလှပြီးဖြစ်တော့ စာစုများ ရှာဖွေမရတော့ပါ။ ကံအားလျော်စွာ ဖိုင်တွဲတစ်ခု ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အများပြည်သူများနှင့် သုတေသီများ သိနိုင်ရန်ကို ထိုစာစုများကို ဤဆောင်းပါးဖြင့် မျှဝေပါမည်။ လေ့လာမှတ်သားနိုင်ကြရန် ဖြစ်ပါသည်။

(ပူးတွဲပါဇယားဖြင့် ဖော်ပြအပ်ပါသည်။)

**ပဌာနဗောဓိသစ်မျိုးစာရင်း (၂၆)မျိုး**

| စဉ် | ဘုရားရှင်ဘွဲ့တော် | ဗုဒ္ဓကျမ်းဂန်လာ ဗောဓိသစ်မျိုး | သဃံတ္တရကုန်းမြေတွင် စိုက်ပျိုးမည့် ဗောဓိသစ်မျိုး | ရုက္ခဗေဒအမည် |
|---|---|---|---|---|
| ၁ | တဏှင်္ကရာ | ကံ့ကော်၊ ပေါက် | ပေါက် | Butea monosperma O.ktze |
| ၂ | မေဓင်္ကရာ | သရက်ဖြူ၊ စရည်း | စရည်း | Alstonia scholaris (1) R. Br. |
| ၃ | သရဏင်္ကရာ | ညောင်ကြပ် | ညောင်ကြပ် | Ficus obtusifolia Roxb |
| ၄ | ဒီပင်္ကရာ | ညောင်ကြပ် | ညောင်ကြပ် | Ficus obtusifolia Roxb |
| ၅ | ကောဏ္ဍည | နဘဲ၊ ကြောင်လျှာ | နဘဲ | Lannea coromandelica Merr. |
| ၆ | မင်္ဂလ | ကံ့ကော် | ကံ့ကော် | Mesua ferrea Linn |
| ၇ | သုမန | ကံ့ကော် | ကံ့ကော် | Mesua ferrea Linn |
| ၈ | ရေဝတ | ကံ့ကော် | ကံ့ကော် | Mesua ferrea Linn |
| ၉ | သောဘိတ | ကံ့ကော် | ကံ့ကော် | Mesua ferrea Linn |
| ၁၀ | အနောမဒဿီ | ထောက်ကြံ့ | ထောက်ကြံ့ | Terminalia alata Heyne & Roth |
| ၁၁ | ပဒုမ | ကြောင်လျှာ | ကြောင်လျှာ | Oroxylum indicum Vent. |

| စဉ် | ဘုရားရှင်ဘွဲ့တော် | ဗုဒ္ဓကျမ်းဂန်လာ ဗောဓိသစ်မျိုး | သယံဇာတရာကုန်းမြေတွင် စိုက်ပျိုးမည့် ဗောဓိသစ်မျိုး | ရုက္ခဗေဒအမည် |
|---|---|---|---|---|
| ၁၂ | နာရဒ | ကြောင်လျှာ | ကြောင်လျှာ | Oroxylum indicum Vent. |
| ၁၃ | ပဒုမုတ္တရ | ထင်းရှူး | ထင်းရှူး | Pinus sp. |
| ၁၄ | သုမေဓ | မအူ၊ တမာ၊ ကျည်းပင်၊ | မအူ၊ တမာ | Anthocephalus cadamba Miq. |
| | | ထိန် | | Azadirachta indica A.juss |
| ၁၅ | သုဇာတ | ကြခတ် | ကြခတ် | Bambusa arundinacea Will. |
| ၁၆ | ပိယဒဿီ | ရေကတက် | ရေကတက် | Crataeva hygrophila kz. |
| ၁၇ | အတ္ထဒဿီ | စကားဝါ | စကားဝါ | Michelia champaca Linn. |
| ၁၈ | ဓမ္မဒဿီ | လိပ်ဆူးရွှေ၊ | လိပ်ဆူးရွှေ | Barleria prionitis Linn. |
| | | မျက်နှာပန်း၊ သံသတ် | | |
| ၁၉ | သိဒ္ဓတ္ထ | မဟာလှေခါး | မဟာလှေခါး | Cochlospermun religiosum Alston. |
| ၂၀ | တိဿ | ပိတောက် | ပိတောက် | Pterocarpus macrocarpus kz. |
| ၂၁ | ဖုဿ | သျှစ်သျှား | သျှစ်သျှား | Phyllonthus simpetex Retz. |
| ၂၂ | ဝိပဿီ | သံသတ် | သံသတ် | Albizzia Lucida Benth |
| | | သခွတ် | သခွတ် | Dolichandrone atrovirens Sprague. |
| | | ကသစ် | ကသစ် | Erythrina suberosa |
| ၂၃ | သိခီ | သရက်ဖြူ၊ အင်ကြင်း | သရက်ဖြူ | Mangifera Indica Linn. |
| ၂၄ | ဝေဿဘူ | အင်ကြင်း | အင်ကြင်း | Shorea robusta Gaertn. F. |
| ၂၅ | ကကုသန် | ကုက္ကို | ကုက္ကို | Albizzia lebbek Benth. |
| ၂၆ | ကောဏဂုံ | ရေသဖန်း | ရေသဖန်း | Ficus saemocarpa Miq. |
| ၂၇ | ကဿပ | ပညောင်၊ ပြည်ညောင် | ပညောင် | Ficus belghalensis Linn. |
| ၂၈ | ဂေါတမ | ဗောဓိညောင် | ဗောဓိညောင် | Ficus religiosa Linn. |
| | | ညောင်ဗုဒ္ဓဟေ | ညောင်ဗုဒ္ဓဟေ | |

အထက်ပါဇယားကို လေ့လာ၍ ရရှိနိုင်သော အပင်မျိုးများကို စိုက်ရမည်ဖြစ်ပါသည်။ ဥပမာ တဏှင်္ကရာဘုရားများ၌ သစ်မျိုး(၂)မျိုးပါရှိရာ ကံ့ကော်နှင့် ပေါက်တို့ဖြစ်ပါသည်။ ကံ့ကော်သည် အခြားဘုရား(၄)ဆူတွင် ပါရှိပြီးဖြစ်၍ ပေါက်ပင်ကို ရွေးချယ်စိုက်ရမည်ဖြစ်ပါသည်။ ပြည်သူအများသိနိုင်ရန် မျှဝေပေးရခြင်း ဖြစ်ပါကြောင်း။

## သစ်တောစိုက်ခင်းတည်ထောင်ခြင်း



သစ်တောအတန်းအစားကျဆင်းခြင်း(Forest Degradation)၊သစ်တောပြုန်းတီးခြင်း(Deforestation)များ ဖြစ်ပေါ်နေသည့် သစ်တောဧရိယာများ၊ ဓမ္မတာနည်းအရ မျိုးဆက်ရန် မဖြစ်နိုင်သောတောများ၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းနည်းအရ ပြုစုဆောင်ရွက်ပေးခြင်းဖြင့် လုံလောက်မှုမရှိသောတောများကို ပဝတ္တိမျိုးဆက်ခြင်းနည်း (Artificial Regeneration)ဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပေးခြင်းဖြစ်ပါသည်။

# မြန်မာနိုင်ငံသစ်တောဝန်ထမ်း၊ နိုင်ငံကောင်းရန် တစ်ဖက်တစ်လမ်း





ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း)
ဒု-ဥက္ကဋ္ဌ၊ FREDA အသင်း

ဒီမိုကရေစီစနစ်အရ ပြည်သူကရွေးချယ်တင်မြှောက်သောအစိုးရအဖွဲ့များမှာ သက်တမ်းတစ်ခုပြီး တစ်ခုပြောင်းလဲမှုများရှိနေမည်ဖြစ်သော်လည်း တက်ရောက်လာသော အစိုးရအဖွဲ့များ၏ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတာဝန်များထမ်းဆောင်ကြရမည့် ဝန်ထမ်းအဖွဲ့အစည်းများမှာမူ အရည်အချင်းပြည့်ပြည့်ဝဝ၊ ဖွဲ့စည်းမှုခိုင်ခိုင်မာမာဖြင့် တည်တည်ငြိမ်ငြိမ် တည်ရှိနေရမည်ဖြစ်သည်။

ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအပေါ်တွင်တာဝန်ခံရမည်ဖြစ်ပါကြောင်းအစိုးရ၏လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သမာသမတ်ရှိရှိ လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နီးနီးကြားကြားတက်တက်ကြွကြွဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ခုနှစ်၊ ဇူလိုင် ၁၀ ရက်က မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော်ကို တည်ဆောက်ရာတွင် အစိုးရအဖွဲ့နှင့်နိုင်ငံ့ဝန်ထမ်းတို့မှာ အဓိကဖော်ဆောင်ဖန်တီးသူများဖြစ်သည်။ နိုင်ငံတော်အစိုးရတစ်ရပ်၏ ပုံရိပ်ကောင်းမွန်မှုသည် နိုင်ငံ့ဝန်ထမ်းများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအရည်အသွေးများ ကောင်းမွန်မှုကျင့်ဝတ်နှင့် စည်းကမ်းများ လေးစားစွာလိုက်နာစောင့်ထိန်းမှုတို့အပေါ်တွင်လည်း တစ်စိတ်တစ်ပိုင်းမှီတည်လျက်ရှိနေသည်။

ပြည်သူ့ဝန်ထမ်းဆိုသည့်အဓိပ္ပါယ်သည် ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်း ဝန်ဆောင်ပေးမည့်သူ၊ ပြည်သူအတွက်အပြည့်အဝဆောင်ရွက်ပေးမည်ဆိုသည့်စိတ်ဓါတ်မျိုး ထားရှိရန်လိုအပ်ပါသည်။ ပြည်သူ့ဝန်ထမ်းသည် Service Delivery ပေးရန်တာဝန်ရှိသူဖြစ်သည်နှင့်အညီ၊ အရည်အသွေး၊ မြန်ဆန်မှုမဆိုင်းမတွ တုံ့ပြန်မှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုစသောအခြေခံချက်(၄)ချက်နှင့် ပြည့်စုံဖို့ရန် အရေးကြီးပါသည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သောမြန်မာနိုင်ငံလူဦးရေနှင့် နေအိမ်အကြောင်းအရာစာရင်းအရ၊ မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်သူဦးရေ ၂၂ သန်းခန့်(၂၁,၈၇၂,၅၃၉ ဦး) ရှိသည့်အနက် အစိုးရယန္တရားအောက်တွင် အလုပ်လုပ်ကိုင်နေသူ ပြည်သူ့ဝန်ထမ်း ၁ဒသ၃၅ သန်းခန့် (၁,၃၄၆,၁၁၁ ဦး) ရှိကြောင်းသိရှိရပါသည်။ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အညီ ပြည်သူ့ဝန်ထမ်းဆောင်ရမည့်သူများ၊ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူများ တနည်းအားဖြင့် ပြည်သူ့အစေအပါး (Civil Servant) ဟုခံယူ၍ ပြည်သူအတွက် အပြည့်အဝဆောင် ရွက်ပေးမည်ဆိုသောစိတ်ဓါတ်မျိုး ဝန်ထမ်းတိုင်းတွင်ထားရှိရန် လိုအပ်ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၈/၉၂ အရ ၁၃၅၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက်(၁၉၉၂ ခုနှစ်နိုဝင်ဘာလ ၃ ရက်)ထုတ်ပြန်ထားသော သစ်တောဥပဒေပုဒ်မ ၂(ထ)တွင် သစ်တောဝန်ထမ်းဆိုသည်မှာ သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းများကိုဆိုသည်ဟု ဖွင့်ဆိုထားပါသည်။၁၈၅၆ခုနှစ်တွင် အထက်မြန်မာပြည်ကို ဗြိတိသျှအစိုးရတို့သိမ်းလိုက်သောအခါ ရှမ်းပြည်နယ် အပါအဝင် ဖြစ်သောသစ်တောများကို စီမံအုပ်ချုပ်ရန် သစ်တောမင်းကြီးတစ်ဦးနှင့် လက်အောက်အရာရှိကြီးငယ်တို့ကို ခန့်

အပ်တာဝန်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံကို ဝန်ရှင်တော်မင်းကြီးချုပ်(Chief Commissioner )အုပ်ချုပ်သောတိုင်းပြည်အဖြစ် အဆင့်တိုးမြှင့်လိုက်သောအခါ ဆာအဲလဗတ်ဖိုက်(Sir Albert Fytche)က ဝန်ရှင်တော်မင်းကြီးချုပ်အဖြစ်ဆောင်ရွက်ရသည်။ ဝန်ရှင်တော်မင်းကြီးချုပ်ကို ကူညီရန် အမှုထမ်းသက်ရင့်သော သစ်တောအရာရှိကြီးမစ္စတာအမ်းဟီး(Mr.Hill)ကို မြန်မာနိုင်ငံ သစ်တောဌာနအတွင်းဝန်အဖြစ် ပထမဆုံးခန့်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ၁၉၀၅ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် သီးသန့် သစ်တောမင်းကြီးချုပ်(Chief Conservator of Forests) စတင်ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံသစ်တောမင်းကြီးချုပ်အဖြစ် ပထမဆုံးဆောင်ရွက်သူမှာ မစ္စတာဘီဒွန်ဗရိုင်ယန့်(Mr.Beadon Bryant)ဖြစ်သည်။ ၁၉၂၃ ခုနှစ်တိုင်အောင် မြန်မာနိုင်ငံသစ်တောဌာနကို အိန္ဒိယပြည် သစ်တောဌာနလက်အောက်ခံအဖြစ် ထားရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် မြန်မာ့သစ်တောများကို ပိုမိုထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရန် သစ်တောဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတည်ထောင်ခဲ့သည်။ စစ်ကြိုခေတ်တွင်သစ်တောဌာန၏ အမြဲတမ်းဝန်ထမ်းအင်အားအဖြစ် ၁၉၄၀ ခုနှစ်၌ အရာထမ်း(၁၅၉)ဦး၊အမှုထမ်း(၃,၂၉၉)ဦးစုစုပေါင်း (၃,၄၅၈) ဦးတို့ကိုခန့်ထား၍ သစ်တောလုပ်ငန်းအဝဝကို နိုင်နင်းစွာ အုပ်ချုပ်လုပ်ကိုင်ခဲ့သည်။

၁၉၄၈ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် လယ်ယာနှင့်သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ စစ်ပြီးခေတ်တွင် မြန်မာ့သစ်တောများကို အစဉ်အလာအတိုင်း ဆက်လက်အုပ်ချုပ်လုပ်ကိုင်ရန် အတွက် ၁၉၄၈–၄၉ခုနှစ်၌ သစ်တောဌာန၏ အမြဲတမ်းဝန်ထမ်းအင်အားအဖြစ် အရာထမ်း (၁၃၅)ဦး၊ အမှုထမ်း (၂,၈၁၇) ဦး၊ စုစုပေါင်း(၂,၉၅၂)ဦးတို့ကိုခန့်ထားဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ခေတ်အဆက်ဆက်မြန်မာနိုင်ငံသစ်တောအရာထမ်းများအတွက် ဌာနဆိုင်ရာ ညွှန်ကြားချက် (Departmental Instructions)များကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ရာမှ မြန်မာဘာသာသည် နိုင်ငံတော်၏ရုံးသုံးဘာသာစကား ဖြစ်လာသည်နှင့်အညီ ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံသစ်တောအရာထမ်းများအတွက် ဌာနဆိုင်ရာညွှန်ကြားချက်များ (Departmental Instructions for Forest Officers in Burma)ကို မြန်မာဘာသာဖြင့် ပထမဆုံးအကြိမ်ပုံနှိပ်နိုင်ခဲ့သည်။ ၁၉၅၂ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့အထိ သစ်တောမင်းကြီးချုပ်ကိုယ်တိုင်ထုတ်ပြန်သော သို့မဟုတ် အခြားသူများထုတ်၍ အတည်ပြုပေးထားသော အမိန့်အားလုံးစုပေါင်းထည့်သွင်းခဲ့သည်။ ယင်းဌာနဆိုင်ရာ ညွှန်ကြားချက်များစာအုပ်တွင် အခန်း၁၄ ခန်းပါဝင်ပြီး ၎င်းတို့မှာ (၁)အမှုထမ်း၊ အရာထမ်းစု၊ (၂) သစ်တောအုပ်ချုပ်ခြင်းနှင့်လုပ်ကိုင်ခြင်း။ (၃)အုပ်ချုပ်မှုနည်းလမ်းစဉ်၊(၄)ကာကွယ်ခြင်း။(၅)တိုးတက်ဆောင်ရွက်မှု၊(၆)သစ်ထုတ်ခြင်း။ (၇) အခွန်တော်အတွက် ပြဋ္ဌာန်းထားသည့် လုပ်ကိုင်နည်း။ လမ်းခုလပ်ရှိ သစ်တောထွက်ပစ္စည်းများအုပ်ချုပ်ခြင်း။သိမ်းဆည်းခြင်းနှင့်ရောင်းချခြင်း။(၈)ပစ္စည်းများ။ (၉)သုတေသန၊ (၁၀)လုပ်ကိုင်ရန် စည်းမျဉ်းအထွေထွေ၊ (၁၁) မှတ်တမ်းများသွင်းပုံနှင့်ထိန်းသိမ်းခြင်း။ (၁၂) အချိန်မှန်အစီရင်ခံစာများနှင့်စာရင်းများ။ (၁၃) ငွေစာရင်း။ (၁၄)တရားဥပဒေနှင့်ဆိုင်သော လုပ်ကိုင်နည်း တို့ဖြစ်သည်။

တော်လှန်ရေးကောင်စီတက်ပြီးနောက်ပိုင်းတွင် ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်းအပြင် အခြားသစ်မာထုတ်လုပ်ရေးလုပ်ငန်းကိုပါ ပြည်သူပိုင်သိမ်းခဲ့သည်။ သစ်တောဌာနသည် သမားရိုးကျလုပ်ငန်းများဖြစ်သော သဘာဝသစ်တောများကိုထိန်းသိမ်းပြုစုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းအပြင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများကိုပါ တိုးချဲ့တာဝန်ယူခဲ့သည်။ သစ်တောဝန်ထမ်းအင်အားအနေဖြင့် ၁၉၆၁–၆၂ ခုနှစ်တွင်အရာထမ်း(၁၄၇) ဦး၊ အမှုထမ်း(၃,၇၉၉)ဦး စုစုပေါင်း(၃,၉၄၆)ဦးအထိတိုးချဲ့ခန့်ထားခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေး စနစ်သစ်အရ သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ် ထပ်မံဖွဲ့စည်းခဲ့သည်။ သစ်တောစီမံအုပ်ချုပ်မှုတွင် ခရိုင်အဆင့်အုပ်ချုပ်မှုကို ဖျက်သိမ်း၍ ဗဟိုအဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့်အုပ်ချုပ်မှုသို့ ပြောင်းလဲခဲ့သည်။ သစ်တောဦးစီးဌာန၏ ဝန်ထမ်းအင်အားမှာ အရာထမ်း(၂၁၄)ဦးနှင့် အမှုထမ်း(၆,၁၆၆)ဦး၊ စုစုပေါင်း(၆,၃၈၀)ဦးဖြစ်သည်။ သမားရိုးကျလုပ်ငန်းများဖြစ်သော သဘာဝသစ်တောများကိုထိန်းသိမ်းပြုစုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများအပြင် နိုင်ငံတော်မှ ချမှတ်ထားသောမူနှင့်အညီ စီးပွားရေးစိုက်ခင်းများ အပါအဝင်ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများကိုတိုးချဲ့၍ တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်းတွေ့ရှိရပါသည်။

၁၉၈၀ပြည့်နှစ်တစ်ဝိုက်တွင် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုစုထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများနှင့် သစ်တောခွန်စည်းကြပ်မှုလုပ်ငန်းများအပြင် တိုးတက်များပြားလာသော သစ်တောစိုက်ခင်းလုပ်ငန်းများအတွက် ဝန်ထမ်းအင်အားအခြေအနေမှာ စီမံအုပ်ချုပ်မှုဆောင်ရွက်ရန် မမျှတသောအခြေအနေအပြင် ကမ္ဘာ့ဘဏ်အရှေ့ပဲခူးရိုးမစိုက်ခင်းလုပ်ငန်းစီမံကိန်း၊ အာရှဘဏ်(၂) စိုက်ခင်းလုပ်ငန်းစီမံကိန်း။သစ်တောသုတေသနတည်ဆောက်ရေးလုပ်ငန်းစီမံကိန်း။ သစ်တောသယံဇာတစာရင်းကောက်

လုပ်ငန်းစီမံကိန်းများအတွက် ယာယီဝန်ထမ်းများကိုစာချုပ်စနစ်ဖြင့် ခန့်ထားဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။ ၁၉၈၂ခုနှစ် နောက်ပိုင်းဒေသန္တရအုပ်ချုပ်ရေး (Civild Amimistration)တွင် ခရိုင်များအစား မြို့နယ်များဖြင့် ဖွဲ့စည်းခဲ့ရာ လိုက်လျောညီထွေဖြစ်စေရန်၊ သစ်တောဦးစီးဌာနတွင် ခရိုင်အဆင့်အုပ်ချုပ်မှုရုံးများကိုဖျက်သိမ်းခဲ့ခြင်း၊ ခေတ်ကာလအလိုက် ဝန်ထမ်းအင်အား အလုံအလောက်မရှိခြင်းတို့ကြောင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် အခက်အခဲများကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများသည် အတိုင်းအတာတစ်ခုအထိသာ ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါသည်။ အကောင်အထည်ဖေါ်ခဲ့သော သစ်တောစိုက်ခင်းအများစုမှာလည်း ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်း၌ ခုတ်လှဲဖျက်ဆီးခြင်းခံခဲ့ရကြောင်းတွေ့ရှိရပါသည်။ ၁၉၈၈ ခုနှစ်တွင် အရာထမ်း (၄၄၆) ဦး၊ အမှုထမ်း (၁၄,၃၀၅) ဦးစုစုပေါင်း (၁၄,၇၅၁) ဦးအထိဖွဲ့စည်းပုံအရ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ရာတွင် ညွှန်ကြားရေးမှူးချုပ် ရုံးနှင့် ဦးစီးဌာနခွဲ(၆)ခု၊သီးသန့်လုပ်ငန်းရုံး(၁၃)ခု၊ ပြည်နယ်/တိုင်းဦးစီးဌာနမှူးရုံး(၁၄)ခုနှင့် မြို့နယ်ဦးစီးဌာနမှူးရုံး(၂၃၂) ခုတို့ကို ဒေသန္တရအုပ်ချုပ်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၅ရက်နေ့စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၉၂ ဖြင့်လယ်ယာနှင့်သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် သီးခြားစီပြင်ဆင်ဖွဲ့စည်းခဲ့သည်။ သစ်တောရေးရာဝန်ကြီးဌာနအောက်တွင် ဝန်ကြီးရုံး၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့်မြေတိုင်းဦးစီးဌာနတို့ကိုထားရှိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကို အထူးအာရုံစိုက်ဆောင်ရွက်နိုင်ရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို သီးခြားဌာနတစ်ခုအဖြစ်ဖွဲ့စည်းပြီး မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့တွင် အခြေစိုက်ဖွင့်လှစ်ခဲ့သည်။ ပြောင်းလဲလာသည့် အုပ်ချုပ်မှုစနစ်နှင့်အညီ လိုက်လျောညီထွေရှိစေရန် သစ်တောဦးစီးဌာနကိုပြင်ဆင်ဖွဲ့စည်းခဲ့ရာ ဖွဲ့စည်းပုံအရ အရာထမ်း(၄၄၆)နေရာနှင့် အမှုထမ်း(၁၄,၃၀၅)နေရာ၊စုစုပေါင်း(၁၄,၇၅၁)နေရာမှ ၁၉၉၄ ခုနှစ်တွင် အရာထမ်း (၅၂၄)နေရာနှင့် အမှုထမ်း(၁၄,၄၁၄) နေရာ စုစုပေါင်း(၁၄,၉၃၈)နေရာသို့ တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ သစ်တောဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် ဦးစီးရုံးချုပ်ဌာန ၆ခု၊(စီမံရေးရာဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ ဘဏ္ဍာရေးဌာန၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၊ ကာကွယ်ရေးနှင့်စစ်ဆေးရေးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာန)၊ သီးသန့်လုပ်ငန်းရုံးများ (၄) ခု၊(သဘာဝပတ်ဝန်းကျင်နှင့်သားငှက်ထိန်းသိမ်းရေးဌာန၊ ရေဝေရေလဲအုပ်ချုပ်ရေးဌာန၊သစ်တောတက္ကသိုလ်၊တိရစ္ဆာန်ဥယျာဉ်များဌာန)၊ ပြည်နယ်/တိုင်းသစ်တောဦးစီးဌာနရုံး(၁၄)ခု၊ ခရိုင်သစ်တောဦးစီးဌာနရုံး (၄၀)နှင့် မြို့နယ်သစ်တောဦးစီးဌာန ရုံး(၃၁၅) ရုံးဖြင့်လုပ်ငန်းများကို လည်ပတ်ဆောင်ရွက်ခဲ့သည်။

ယခုအခါ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်တွင် စီမံခန့်ခွဲရေးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၊ တိုးချဲ့ပညာပေးရေးဌာန၊ ဘဏ္ဍာရေးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန၊ စစ်ဆေးရေးဌာန၊ ရေဝေရေလဲအုပ်ချုပ်ရေးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနတို့ဖြင့် ဖွဲ့စည်းထားပြီး သီးသန့်လုပ်ငန်းရုံးများအဖြစ် သစ်တောသုတေသနဌာန (ရေဆင်း)ကိုဖွဲ့စည်းထားပါသည်။ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးအဆင့်(၁၅)ရုံး(နေပြည်တော်အပါအဝင်)၊ ပြည်နယ်/တိုင်းခွဲ ဒု– ညွှန်ကြားရေးမှူးအဆင့်(၂)ရုံး၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး အဆင့် (၆၈)ရုံးနှင့် မြို့နယ်(က)(ခ)အဆင့်(၃၂၁)ရုံးတို့ဖြစ်သည်။

မြန်မာ့သစ်တောများသည် အလွန်အဖိုးထိုက်တန်လှသော အမျိုးသားပိုင်ပင်ရင်းပစ္စည်းဖြစ်လေရာ ၎င်းတို့ကို အစိုးရပိုင်ပစ္စည်းအဖြစ်နှင့် အစိုးရက အခါခပ်သိမ်း ထိန်းသိမ်းစောင့်ရှောက်အုပ်ချုပ်ရမည်။ အစိုးရ၏လိုရင်းအချက်ကား ရှေ့ရေးနောက်ရေးချင့်ချိန်ပြီး ယခုလက်ငင်းသစ်အထွက် များနိုင်သမျှများအောင်ပြုလုပ်ရုံသာမက နောက်နောင်ကိုလည်း ယခုထွက်သည်ထက်မလျော့ဘဲ တစ်သမတ်တည်း ရေရှည်ထွက်နိုင်ရန်ဖြစ်လေသည်။ သစ်တောများကို အစိုးရက ကိုယ်တိုင်အုပ်ချုပ်လုပ်ကိုင်ထုတ်ယူမည်ဆိုလျှင် နောင်အရှည် တစ်သမတ်တည်း သစ်များများထွက်ရန် သိပ္ပံနည်းအရ သစ်တောများကို ကာကွယ်ထိန်းသိမ်း ပြုစုစောင့်ရှောက်ရမည်ဖြစ်သည်။ စစ်မဖြစ်မီကလည်း သစ်တောဌာနက ဤသစ်တောများကို ထိန်းသိမ်းကာကွယ်ရေးဘက်တွင် အောင်မြင်စွာဆောင်ရွက်ခဲ့၏။ ဤကဲ့သို့ သစ်တောများကို သိပ္ပံနည်းအရ စေ့စပ်သေချာစွာထိန်းသိမ်းပြုစုရေးကို နောင်တွင်လည်း မဆုတ်မနစ်တိုး၍ပင် လုပ်ဆောင်ရမည်ဖြစ်ပေသည်။

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားတွင် နိုင်ငံတော်အစိုးရနှင့် ဝန်ထမ်းအဖွဲ့အစည်းများပါဝင်ကြသည့် အလျောက် အစိုးရ၏မူဝါဒနှင့် ကျွမ်းကျင်ထက်မြက်ကောင်းမွန်သော ဝန်ထမ်းအဖွဲ့အစည်းတို့ကသာကောင်းမွန်သည့်

စာမျက်နှာ (၂၁) သို့

# အုံ့ဖွယ်ရာ သစ်ပင်များ

၁၉၅၆ခု၊ ဒီဇင်ဘာလတွင်ထုတ်ဝေခဲ့သော မြန်မာပြည်သစ်တောကြေးမုံ မှ သစ်တောဝန်ထောက် ဦးဘသွင်ရေးသားသော ဆောင်းပါးအား ပြန်လည်တည်းဖြတ်တင်ပြအပ်ပါသည်။

သဘာဝလောကကြီးတွင် အကြီးဆုံးသော အင်အားသည် တိုးပွားခြင်းဖြစ်၏။ ၎င်းအင်အားအတွက် အကောင်းဆုံးသော ဥပမာကား သစ်ပင်၏တိုးပွားခြင်းပင်ဖြစ်သည်။ သေးငယ်၍ ဂရုမပြုလောက်သောသစ်စေ့မှ ပေါက်ပွားလာပြီး ကျောက်တုံးကျောက်ခဲများကိုလည်း ခွဲစိတ်ဖောက်ထွင်းသွားနိုင်၏။ ကောင်းကင်အမြင့်သို့လည်း ပေတစ်ရာ၊ တစ်ရာကျော်ရောက်အောင်ပင် ထိုးထွက်နိုင်ပေသည်။ မြေအတွင်းမှ ရေကိုလည်း ကမ္ဘာမြေကြီး၏ ဆွဲငင်ခြင်းအားကိုဆန့်ကျင်၍ ပင်စည်ပင်ထောင်တစ်လျှောက်၊ အကိုင်းအခက်အရွက်များတိုင် စုပ်ယူပို့ဆောင်နိုင်လေသည်။ ဤသစ်ပင်အဆောက်အဦကြီးတွင် အနာကုသပျောက်ကင်းစေနိုင်ခြင်းနှင့် အခြားစွမ်းရည်သတ္တိများကိုလည်း တွေ့မြင်နိုင်ပေသေး၏။ သစ်ပင်၏ အသက်တည်နေပုံအကြောင်းခြင်းရာတို့ကား အံ့ဩဖွယ် ကောင်းလှပေတော့သည်။

ဆရာကြီးဒါဝင်က သစ်ပင်များတွင် ဦးနှောက်တည်းဟူသောအသိဉာဏ်သာရှိခဲ့လျှင် မြေတွင်း၌ ၎င်း၏အမြစ်များနှင့်အတူ လဲလျောင်း၍ နေလိမ့်မည်ဟုဆိုလေသည်။ သိမ်မွေ့နူးညံ့သောအမြစ်ဖျားထိပ်များတွင် ဦးထုပ်သဏ္ဌာန်မြစ်ဖုံးကလေးများဖြင့် ကာကွယ်ထားပြီး မြေအတွင်းသို့ ပုလင်းဖော့ဆို့ဖွင့်သည့်ဝက်အူရစ်ကဲ့သို့ လိမ်ကောက်ထိုးဝင်သွားသည်။ ကျောက်ခဲကဲ့သို့ မာကြောသောအရာဝတ္ထုတို့နှင့်တွေ့သည့်အခါ ရှောင်ကွင်း၍ သွားကြသည်။ ၎င်းတို့ထုတ်လွှတ်နိုင်သည့် ဓာတ်ငရဲမီးရည်တစ်မျိုးဖြင့်လည်း ကျောက်တုံးကျောက်ခဲများကို ခွဲစိတ်ဖေါက်ထွင်းနိုင်ပေသေး၏။

အကယ်၍ တိုင်းတာရေတွက်ထားသည့်အတိုင်း ဘလူဂလပ်(စ်)ခေါ် မြက်တစ်မြိုသည် ရှင်သန်တိုးပွားသည့်ရာသီအတွင်းမြစ်ခွဲပေါင်း ၈၄၅၀၀နှင့်ရေစုပ်မြစ်ဆံခြည်တစ်သန်းခန့်ပေါက်ပွားနိုင်ခဲ့လျှင် ကြီးမားထည်ဝါသောဝက်သစ်ချပင်ကြီးအတွက် မည်မျှတိုးပွားပေမည်နည်း။ မြေတွင်းရှိသစ်မြစ်များသည် မြေပေါ်ရှိသစ်ပင်ကြီး၏မှန်တွင်ထင်သောအရိပ်နှင့်တူလှပေတော့သည်။ ပထမဦးစွာမြစ်မကြီးသည် ပင်စည်ပင်မကြီးနှင့်တူသည်။ မြစ်ခွဲ၊ မြစ်တက်၊ မြစ်ပွားများကား သစ်ကိုင်းသစ်ခက် သစ်လက်တို့နှင့်တူပေသည်။ ဤမြစ်ပွားများတွင် ဆံခြည်မျှင်မကသေးငယ်သော ရေသောက်မြစ်ဆံခြည်များ သိန်းသန်းမကရှိသေးသည်။

ဤမြစ်ဆံခြည်များသာ ရေကိုစုပ်ယူ''သောက်သုံး''နိုင်ပေသည်။ အခြားအမြစ်များကား ရေမစုပ်နိုင်သော''ရေခံ''များသာဖြစ်ပေ၏။ ထို့ကြောင့်သွေ့ခြောက်သောရာသီ များတွင် သစ်ပင်၏ပင်စည်ခြေရင်းတွင် ရေလောင်းခြင်းသည် အချည်းနှီးပင်ဖြစ်သည်။ သစ်ကိုင်းသစ်ခက်များအောက်တည့်တည့်မြေပြင်တွင် ရေလောင်းခြင်းသာ အကျိုးရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာများတွင်သာ ရေသောက်မြစ်ဆံခြည်များ ထူထပ်ပေါများစွာရှိသောကြောင့်တည်း။

မြေမှုန့်များတွင် တွယ်ကပ်နေသော ရေငွေ့ရေခိုးများသည် ကြီးမားထယ်ဝါသောသစ်ပင်ကြီးအတွက် သွေ့ခြောက်သောရာသီများ၌ ရှင်သန်ဝလင်အောင် ရေလုံလောက်စွာပေးစွမ်းနိုင်၏။ မြေမှုန့်တိုင်းမြေမှုန့်တိုင်းတွင် ပါးလွှာသောရေငွေ့များရှိ၍ တစ်ခုနှင့်တစ်ခုကပ်လျက်ရှိသော မြေမှုန့်များသည် (မှင်နိုပ်စက္ကူ၏သဘောအတိုင်း) ရေငွေ့ရေခိုးများ စုပေါင်းစေပြီး ရေငတ်နေသော ရေသောက်မြစ်များသို့ ပို့ဆောင်လေသည်။ ထို့ကြောင့် ကြီးမားထည်ဝါသောသစ်ပင်ကြီးသည် သွေ့ခြောက်သော ရာသီ၌ ရေလုံလောက်စွာရရှိနိုင်ခြင်းဖြစ်၏။

မြေအတွင်းရှိ ရေသည် သစ်ပင်၊ ပင်စည်ထိပ်ဖျားသို့တိုင် မည်သို့တက်ရောက်နိုင်လေသနည်း။ ဤကိစ္စအတွက် ရုက္ခဗေဒဆရာတို့သည် အရောင်ရှိသောဆေးရည်ကိုအသုံးပြု၍ ရေတက်ရာလမ်းကြောင်းကို စူးစမ်းလေ့လာပြီးကြလေပြီ။ သစ်ပင်၏ ပကာသား(သစ်စို)များသည် အလွန်သေးငယ်သော ပြွန်များဖြင့်တည်ဆောက်ထား၏။ ၎င်းပြွန်များသည် သစ်ပင်၏အမြစ်အဖျားစွန်းမှသည် သစ်ပင်ထိပ်ဖျား၊ သစ်ရွက်အကြောထိပ်ဖျားများသို့တိုင် တစ်ဆက်တည်းဆက်လျက်ရှိ၏။ ရေသောက်မြစ်ဆံခြည်များ စုပ်ယူသောရေများကို ဤပြွန်များမှ သစ်ပင်ထိပ်ဖျား သစ်ရွက်

များတိုင် ပို့ဆောင်လေသည်။

ရေစုပ်ယူသည့်အားသည် သစ်ရွက်များနှင့် သစ်ရွက်များတွင်ရှိသော အပေါက်ငယ်လေးများမှ ရေခိုး ရေငွေ့များ ထုတ်လွှတ်ထွက်သွားခြင်းကြောင့်ဖြစ်ပေါ်လာ၏။ ၎င်းကို ရုက္ခဗေဒဆရာတို့က ချွေးပြန်ခြင်း(ချွေးထွက်ခြင်း)ဟုခေါ်၏။ သစ်ရွက်များရှိ အကြောသေးအကြောမွှားများမှ ချွေးပြန်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆွဲအားသည် ပကာသားရှိ ပြွန်ငယ်များမှတစ်ဆင့် ရေသောက်မြစ်ဆံခြည်များတိုင် ဆက်လက်တည်၏။ အနှစ်(၁၀၀)ရှိသော ဘိ(ချ်)သစ်ပင်တစ်ပင်သည် ၎င်း၏တစ်သန်းလေးပုံတစ်ပုံရှိသော သစ်ရွက်များမှ နေ့စဉ်ရေပုလင်း(၅၀)ခန့်ရေငွေ့အဖြစ် ချွေးပြန်ခြင်းဖြင့် ထုတ်လွှတ်လေသည်။ ဤနည်းအတိုင်း (၆)လအတွင်း ရေ(၁၀)တန်ခန့်ကို ဆွဲတင်ထုတ်လွှတ်သည့် အင်အားကိုဖြစ်ပေါ်စေလေသည်။

သစ်ပင်၏အသက်သည် သတ္တဝါများထက် ရှည်လျားပေ၏။ အင်အားသည်လည်းကြီးမားလှပေ၏။ သတ္တဝါတို့သည် အသက်ရှင်သန်ကြီးမားလာခြင်းဖြင့် အင်အားများကို သုံးဖြုန်းနေ၍ သစ်ပင်များသည် ရှင်သန်ကြီးမားလာခြင်းဖြင့် တစ်နှစ်ထက်တစ်နှစ် အေးဆေးစွာအားအင်တိုးပွားသန်စွမ်းလာလေသည်။ သစ်ပင်တစ်ပင်အတွက် အသက်သော်လည်း ကောင်း၊ အရွယ်အစားသော်လည်းကောင်း သတ်မှတ်ချုပ်ချယ်ထားသည်ဟူ၍မရှိချေ။ မက္ကဆီကိုပြည် ဩဇကမြို့ရှိ ဆိုက်ပရပ်အပင်ကြီး၏ ပင်စည်လုံးပတ်သည် လူ၂၄-ယောက် လက်ဆန့်တန်း၍ ပတ်ပိုင်းလျှင်ပင် ထိမိရန်ခဲယဉ်း လေသည်။ သစ်ပင်ပါရဂူတစ်ဦးက ၎င်းအပင်ကြီး၏ အသက်ကို နှစ်ပေါင်း၁၀၀၀၀ (တစ်သောင်း)ဟု ခန့်မှန်းလေသည်။ လူတို့သိသော ကမ္ဘာပေါ်ရှိ အသက်အကြီးဆုံး သက်ရှိဝတ္ထုတစ်ခုပင်ဖြစ်တော့သည်။

သစ်ပင်တို့တွင် အနာအဆာကုသပျောက်ကင်းခြင်းနှင့် ၎င်းကိုဖုံးလွှမ်း၍အသားတိုးပွားခြင်းတည်းဟူသော ထူးခြားသည့်တန်ခိုးသတ္တိရှိလေသည်။ နယူးယောက်နယ်ခြံတစ်ခုတွင် ဂျေဒဗလျူဝှုန်ဆန်ဆိုသူ လယ်သမားတစ်ဦးသည် တံစဉ်တစ်ချောင်းကို ထင်းရှူးပင်ငယ်တွင် ချိတ်ထား၍ ''ငါပြန်မလာမချင်း ဒါကိုမထိနှင့်''ဆိုပြီး စစ်ပွဲသို့ထွက်သွားလေသည်။ အချိန်ကား ၁၈၆၁ခုနှစ်ကဖြစ်သည်။ ၎င်းလယ်သမားမှာ စစ်ပွဲတွင်ကျဆုံး၍ သစ်ပင်ငယ်သည်လည်း တဖြည်းဖြည်းကြီးထွားလာပြီး တံစဉ်သံမဏိသွားတို့ကို ဖုံးလွှမ်းဝါးမျိုလိုက်လေသည်။ ယခုအမှတ်တရနေ့ ဝတ်တက်ပွဲများကိုဤသစ်ပင်အောက်တွင်ကျင်းပကြလေသည်။

ကာလကြာမြင့်စွာ ရေးထွင်းခဲ့သော လက်မှတ်များကို သစ်ပင်ပင်စည်၏အတွင်းတွင်တွေ့ရလေသည်။ ရှားဝုဒ်သစ်တောအတွင်း၌ သစ်ခုတ်သမားများသည် ၁၈-ရာစုခေတ်လောက်ကရေးထွင်းခဲ့သောလက်မှတ်များကို သစ်ပင်ပင်စည်၏ တစ်ပေကျော်အနက်အတွင်းမှ တွေ့ရှိကြရသည်။ ဒုတိယမြောက်ချားလ်(စ်)၊ ဒုတိယမြောက်ဂျိမ်း၊ ဝီလီယံဘုရင်နှင့်မေရီဘုရင်မတို့လက်ထက်က ရေးမှတ်ထားခဲ့သော စာတန်းစာကြောင်းများကား ဝက်သစ်ချပင်များအတွင်း၌ ရှိနေကြလေသည်။

အမြောက်ဆံသံလုံးများ၊ ထယ်သွား၊ ထွန်ဆံများ၊ သမင်၏ဦးချိုများတို့သည် ထိုနည်းဆင်ဆင်သာ သစ်ပင်များအတွင်းတွင်မြုပ်နေကြသည်။ ကယ်လီဖိုးနီးယားပြည်၊ ထင်းရှူးပင်တစ်ပင်အတွင်း သမ္မာကျမ်းစာတစ်အုပ် အဘယ်ပုံရောက်ရှိနေလေသနည်း။ ၁၉၂၄ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားတစ်ဦးသည် သစ်ပင်ပေါ်ရှိ သစ်ပင်၏အနာရွတ်အမှတ်ကို သတိထားမိ၍ ၎င်း၏ ဓားမြှောင်ဖြင့် ထိုးဆွဖေါ်ထုတ်ရာ သစ်သားများခိုင်မာစွာ ဖုံးလွှမ်းနေသည့် သားရေဖုံးသမ္မာကျမ်းစာတစ်အုပ် ရရှိခဲ့လေသည်။

သစ်ပင်အသားတိုးပွားခြင်းသည် သစ်ခန်း(ဆဲလ်)ကလေးများ ထာဝစဉ်တွဲ၍ နှစ်ဆတိုးနေခြင်းကြောင့်ဖြစ်၏။ ၎င်းသည် ပါးလွှာစွာ သစ်ပင်တစ်ခုလုံး ပတ်လျက်ရှိသည်။ လက်သည်းဖြင့် သစ်တစ်ပင်ကို ခွာခြစ်လိုက်လျှင် သစ်ခေါက်၏အောက်တွင် အစိမ်းရောင်သမ်းနေသော သစ်စိုကို တွေ့ရမည်ဖြစ်သည်။ ၎င်းကား ရှင်သန်တိုးပွားနေသော သစ်ခန်းကလေးများရှိကြောင်းဖေါ်ပြခြင်းဖြစ်၏။

ဤစက္ကူတစ်ရွက်မျှပါးလွှာသော သစ်ခန်းကလေးများသည် အလျားလိုက်ကွဲကွဲနေပြီး အတွင်းပိုင်းသို့ သစ်ရစ်(သက်ကွင်း)များ ဖြစ်ပေါ်စေ၍ အပြင်ဘက်သို့ အခေါက်(သစ်ခေါက်)သစ်ဖြစ်ပေါ်နေစေသည်။

သစ်ပင်၏တိုးပွားလာပုံအခြင်းအရာကို လတ်ဆတ်၍ ညီညာစွာဖြတ်ထားသော သစ်လုံးထိပ်ဝတွင် တွေ့မြင်နိုင်၏။ အပြင်ဘက်ဆုံးအပိုင်းသည် သစ်ခေါက်အခွံဖြစ်၍ ၎င်းနှင့်ကပ်လျက် အတွင်းပိုင်းပါးလွှာသောအရစ်သည် ရှင်သန်တိုးပွားနေသော အသားတိုးသောနေရာဖြစ်သည်။ အတွင်းပိုင်းအသားစိုကား ရေပေးပို့နေသည့် အရောင်နုသောပကာသားဖြစ်၏။ အတွင်းဆုံး အရောင်ရင့်သော အသားကားအနှစ်ဖြစ်၍ အချို့သစ်စေးသစ်ဆီများထွက်နေတတ်သည်။

ဤအနှစ်သားကား တစ်ကြိမ်က သစ်ပျော့ပကာသားပင်ဖြစ်ခဲ့သည်။ ၎င်း၏သစ်ခန်းလေးများမှာပတ်ဝန်းကျင်နှင့်အပေါ်မှဖိနှိပ်သောအားကြောင့် မာကြောခိုင်ခံ့လှပေ၏။ အနှစ်သားသည်ပင် ထောင်ရပ်တည်နေရန်နှင့် လေပြင်းမုန်တိုင်းကို ကြံ့ကြံ့ခံနေရန် အင်အားပေးစွမ်းပေသည်။

၁၉၀၆-ခု ကယ်လီဖိုးနီးယားပြည်၊ စန်အင်ဒရီးယားစ်အရပ် မြေငလျင်လှုပ်ရာတွင် သံမဏိနှင့်အုတ်များဖြင့် ဆောက်လုပ်ထားသော အဆောက်အဦးအပေါ်ထပ်များလမ်းမပေါ်တွင် ပြိုကျပြန့်ကျဲသွား၏။ ခိုင်ခံ့သောနံရံ

များနှင့် အမိုးများပြိုကျပျက်စီးကုန်သည်။ သို့သော် ရက္ခဗေဒဆရာများသည် အချို့သစ်ပင်များ အမြစ်မပြုတ်ထွက်လဲပြိုကျကုန်သော်လည်း၊ သန်မာထွားကြိုင်းသော သစ်ပင်ကြီးများတစ်ပင်မျှပင် ခါးလယ်မှ ကျိုးပြတ်လဲပြိုခြင်းကိုမူ မတွေ့ကြရကုန်၊ အကြောင်းကား သစ်ပင်များတွင် ခိုင်မာသန်စွမ်းသော အတွင်းသားသားရှိသည်မဟုတ်။ အုံသြဖွယ်ရာပျော့ပျောင်းကိုင်းညွတ်နိုင်သည့် သတ္တိထူးလည်းရှိသောကြောင့်ပင်တည်း။

သစ်ပင်အား တည်ဆောက်ထားသော သစ်ခန်းလေးများသည် အခေါင်းရှိသောအုတ်ကြွပ်များနှင့်တူသည်။ ၎င်းတို့သည် ကော်တစ်မျိုးဖြင့် တည်ဆောက်ထားပြီး နံရံနှစ်ထပ်ရှိ၏။ ၎င်းကော်တစ်မျိုးသည် ပျော့ပျောင်းကွေးညွတ်နိုင်၏။ သို့ကြောင့် သစ်ပင်ကြီးသည် ပျော့ပျောင်းကွေးညွတ်နိုင်သည့် သတ္တိရှိခြင်းဖြစ်တော့သည်။

သစ်ပင်လေရှူရှိုက်သော အပေါက်ကလေးများသည်ကား သစ်ရွက်၏ အောက်မျက်နှာပြင်တွင်အများဆုံးရှိသည်။ ပူပြင်းခြောက်သွေ့သောနေ့များ၌ ၎င်းအပေါက်လေးများပိတ်နေစေခြင်းဖြင့် ရေငွေ့ပြန်ထုတ်လွှတ်ခြင်းကို အတော်အသင့်ထိန်းသိမ်းနိုင်၍၊ စွတ်စိုအေးမြသောအခါတွင် ဖွင့်ထားခြင်းဖြင့် လွတ်လပ်စွာလေရှူရှိုက်(ရေငွေ့ပြန်) နိုင်စေသည်။ အောက်ဆီဂျင်ဓာတ်ကို ရှုပ်ထွေးနက်နဲသော အလုပ်လုပ်နေချိန်အတွင်း အသက်ရှူရှိုက်ခြင်းဖြင့် ထုတ်လွှတ်လေသည်။

၎င်းအလုပ်ကို အစာချက်လုပ်သည်ဟုခေါ်၍ နေ၏အလင်းရောင်ဖြင့် ပူးတွဲဆောင်ရွက်ရခြင်းဖြစ်သည်။ သစ်ရွက်များတွင်တွေ့ရသော အစိမ်းရောင်ဓာတ်ဝတ္ထုတွင် နေရောင်ခြည်ကို အသုံးချနိုင်သော ရှားပါးလှသည့် သတ္တိထူးရှိလေသည်။ ဤတန်ခိုးသတ္တိဖြင့် သစ်ရွက်တွင်းရှိ ရေနှင့်အပေါက်လေးများမှ ရှူရှိုက်ထားသော ကာဗွန်ဒိုင်အောက်ဆိုဒ်တို့ကို ဓာတ်ခွဲလိုက်၍၊ ဤအထုမြူအောက်ဆီဂျင်၊ ကာဗွန်နှင့် ဟိုက်ဒရိုဂျင်တို့ကို စီစဉ်ခြင်းဖြင့် ဓာတ်ဝတ္ထုတစ်မျိုးဖြစ်လာပြီး သစ်ရွက်များကို လိုသော သကြားနှင့်အစာတို့ကိုပေးလေသည်။ ကမ္ဘာပေါ်ရှိမည်သည့် စက်ရုံကြီးမျှ ဤပြိမ်သက်စွာအစာချက်လုပ်နေသော သစ်ရွက်စက်ရုံနှင့်နှိုင်းယှဉ်ခြင်းငှာမစွမ်းသာချေ။

မြေအတွင်းမှ ရေသည် သစ်ပင်အတွက် သောက်ရေသာဖြစ်သည်မဟုတ်သေး၊ ၎င်းရေတွင် သစ်ပင်များအဓိကလိုသော နိုက်ထရိုဂျင်ကယ်လ်ဆီယမ်၊ ဖော့စ်ပရစ်ပိုတက်စီယမ်၊ ကော့ပါး၊ ဇင့်၊ မဂ္ဂနီစီယမ်နှင့် အခြားဓာတ်သတ္တုများဓာတ်ရည်အဖြစ် ပါဝင်သေး၏။ အသက်ရှူရှိုက်ရေမိုးပြန်ခြင်း၊ သစ်ခန်းများအသားတိုးပွားနေခြင်း၊ သစ်ရွက်များအလုပ်လုပ်ဆောင်နေခြင်းတို့သည် သစ်ပင်ကြီးကို ဆောက်လုပ်နေကြခြင်းဖြစ်၏။ အစာချက်လုပ်ခြင်း၊ အသားသစ်တိုးပွားတည်ဆောက်ခြင်း၊ စိမ်းလန်းစိုပြည်၍ သစ်ရွက်များနှစ်စဉ် ရွက်သစ်လောင်းနေခြင်းစသည့် သစ်ပင်ကြီးဓာတ်သဘာဝအလျောက် ရှင်သန်နေခြင်းသည် ရေတစ်ခုတည်းပေါ်တွင်သာ တည်ရှိနေ၏။ ထို့ကြောင့် ထည်ဝါသောသစ်ပင်ကြီးတိုင်းသည် မမြင်နိုင်စွမ်းသော ရေပန်းကြီးနှင့်တူ၍ မိမိအသက်ရာဇဝင်ကို စိမ်းလန်းစိုပြည်စွာ မှတ်တမ်းတင်ထားသည့် သက်ရှိမော်ကွန်းတိုင်ကြီးနှင့်တူလှတော့သတည်း။

**(ဒီစီပိတီရေး= Gaze in Wonedr at Tree= ကို ပြန်မှီးရေးသားသည်)**

**စာမျက်နှာ (၁၈)မှအဆက်**

အုပ်ချုပ်ရေးတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မှသာ ကောင်းမွန်သောလူ့အဖွဲ့အစည်းကို ထူထောင်နိုင်မှာဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်၁၉၄၈ခုနှစ်၊ ကိုလိုနီနယ်ချဲ့လက်အောက်မှလွတ်မြောက်ခဲ့ချိန်နောက်ပိုင်း ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရအဆက်ဆက်တို့၏ မူဝါဒအမျိုးမျိုး၊ အုပ်ချုပ်ရေးစနစ်အမျိုးမျိုးတို့ကို ကျင့်သုံးခဲ့ရသည့်အလျောက် ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဝန်ထမ်းများအတွင်း ခေတ်ဟောင်း စနစ်ဟောင်းမှ လုပ်ထုံးလုပ်နည်းအကြွင်းအကျန်များ၊ အကျင့်ဟောင်းအကျင့်ဆိုးများ၊ ခေတ်စနစ်နှင့်မကိုက်ညီတော့သည့်စနစ်များ၊ လုပ်နည်းကိုင်နည်း နည်းလမ်းဟောင်း အစဉ်အလာဟောင်းများ ကြွင်းကျန်တည်ရှိနေဆဲဖြစ်သည့်အလျောက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် ကျင့်ဝတ်စည်းကမ်းလိုက်နာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို မြှင့်တင်ပေးရန် လိုအပ်သည့်နည်းတူ လုပ်ငန်းဌာနအသီးသီးတို့တွင် ကြွင်းကျန်လျက်ရှိသည့် ခေတ်စနစ်နှင့်မလျော်ညီတော့သော အဟန့်အတားသဖွယ် ဖြစ်စေသော လုပ်ထုံးလုပ်နည်း၊ အတွေးအခေါ်အစဉ်အလာဟောင်းများကိုပါ ရှင်းလင်းဖယ်ရှား၍ သင့်လျော်ကောင်း မွန်သည့်စနစ်အထူးသဖြင့် ယခင်ခေတ်အဆက်ဆက် အစဉ်အလာကြီးမားကောင်းမွန်တည်တံ့သည့် သစ်တောဝန်ထမ်းတို့၏ အစဉ်အလာလုပ်ကိုင်နည်းများကို ပြန်လည်ဖော်ထုတ်ပြီး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ဒီမိုကရေစီစနစ်အရ ပြည်သူက ရွေးချယ်တင်မြှောက်သောပြည်သူ့ဗဟိုပြုအစိုးရအဖွဲ့၏ မူဝါဒ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို သစ်တောဝန်ထမ်းများတို့သည် တာဝန်သိ၊တာဝန်ခံသောစိတ်ဓါတ်အပြည့်ဖြင့် နိုင်ငံတော် ကောင်းရန် တစ်ဖက်တစ်လမ်းဆောင်ရွက်နိုင်စွမ်းရှိပါစေကြောင်း နှိုးဆော်တင်ပြလိုက်ပါသည်။

United Nations Decade on Biodiversity

**၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် ကျရောက်သော**
**အပြည်ပြည်ဆိုင်ရာကမ္ဘာ့တိုင်းရင်းသားလူမျိုးများနေ့အခမ်းအနားသို့**
**ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity)၏ အတွင်းရေးမှူးချုပ်မှ ပေးပို့သော**
**သဝဏ်လွှာ**




**"ကမ္ဘာ့ကုလသမဂ္ဂမှ တိုင်းရင်းသားလူမျိုးအခွင့်အရေးများ အသိအမှတ်ပြုကြေငြာခြင်း ဆယ်နှစ်တာအထိမ်းအမှတ် "**

(တိုးရဲ့ပညာ)

ကမ္ဘာ့ကုလသမဂ္ဂမှတိုင်းရင်းသားလူမျိုး အခွင့်အရေးများ အသိအမှတ်ပြုကြေငြာခြင်း ဆယ်နှစ်တာနှစ်ပတ်လည်နေ့အခမ်းအနားသည် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရေရှည်စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးတို့တွင် တိုင်းရင်းသားလူမျိုးများ၏ အရေးပါမှုကို သတိပြုမိလာစေရန် ပြသနိုင်သည့် အခွင့်အရေးတစ်ခုဖြစ်ပေသည်။

ရှေးယခင်ကတည်းက တိုင်းရင်းသားလူမျိုးများ၏ လူနေမှုနှင့် ယဉ်ကျေးမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ချိတ်ဆက်မှုရှိပေသည်။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာကိုးကွယ်ယုံကြည်မှုများသည် သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်မှုရှိနေသည့်အတွက် ၎င်းတို့မှီခိုနေရသော သက်ရှိများကို ထိန်းသိမ်းကာကွယ်ရာတွင် များစွာအကျိုးရှိပေသည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၏ ရည်မှန်းချက်သုံးခုမှ တစ်ခုဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့စွာ အသုံးပြုခြင်းကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားလူမျိုးများနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းများ၏ တန်ဖိုးကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

ကမ္ဘာ့လူဦးရေ (၇.၅)ဘီလီယံတွင် သန်း(၃၇၀) သည် တိုင်းရင်းသားလူမျိုးများဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ အစိတ်အပိုင်းငယ်တစ်ခုအဖြစ်ပါဝင်နေပေသည်။ ထို့ပြင် ၎င်းတို့သည် ကမ္ဘာပေါ်တွင် ဘာသာစကားမျိုးစုံနှင့် ရိုးရာယဉ်ကျေးမှုမျိုးစုံရှိသော အစိတ်အပိုင်းကြီးတစ်ခုလည်း ဖြစ်ပေသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးများအသုံးပြုနေသည့် ရေမြေသယံဇာတများသည် ဇီဝမျိုးစုံမျိုးကွဲအများအပြားကျန်ရှိနေသေးသည့် နေရာများလည်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများနှင့်ဒေသနေပြည်သူများ၏ ရိုးရာဓလေ့များသည် လက်ရှိကြုံတွေ့နေရသည့် အဓိကပြဿနာများဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းဆုံးရှုံးလာခြင်းနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်းတို့ကို ဖြေရှင်းရာတွင် အဓိကနေရာမှ ပါဝင်နေပေသည်။

သို့သော်လည်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရေရှည်စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေးတို့တွင် တိုင်းရင်းသားလူမျိုးများနှင့် ဒေသနေပြည်သူများ အုပ်ချုပ်လုပ်ကိုင်နိုင်မှုသည် အလှမ်းဝေးကွာနေဆဲဖြစ်သည်။ ၎င်းတို့တွင်ရှိသော ကျွမ်းကျင်မှုနှင့် နည်းပညာဗဟုသုတများသည် ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် အလွန်တန်ဖိုးရှိသော အချက်အလက်များဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့်သက်ဆိုင်သော မူဝါဒများဖော်ထုတ်ရာတွင် အသုံးဝင်ပေသည်။

ကွန်ဗင်းရှင်း၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာစီမံချက်(၂၀၁၁-၂၀၂၀)တွင် ဖော်ပြပါရှိသော ရည်မှန်းချက်(၁၈)အရ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရေရှည်စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေးနှင့် သက်ဆိုင်သော တိုင်းရင်းသားရိုးရာဗဟုသုတများ၊ တီထွင်လုပ်ဆောင်မှုများနှင့် ဓလေ့ထုံးစံများအပြင် ဇီဝမျိုးစုံမျိုးကွဲများ ဓလေ့ထုံးစံအရသုံးစွဲမှုကို အလေးထားရမည့်အပြင် အမျိုးသားဥပဒေများပြဋ္ဌာန်းခြင်းနှင့် နိုင်ငံတကာတာဝန်များ သတ်မှတ်ရာ၌ ထည့်သွင်းစဉ်းစားရပေမည်။ ထို့ပြင် ကွန်ဗင်းရှင်း၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာ၌ တိုင်းရင်းသားလူမျိုးများနှင့် ဒေသနေအဖွဲ့အစည်းများ ထိထိရောက်ရောက် ပူးပေါင်းပါဝင်နိုင်စေရန် ထည့်သွင်းစဉ်းစားရမည်။

တိုင်းရင်းသားလူမျိုးများသည် ကွန်ပင်းရှင်း စတင်ချိန် (၁၉၉၂) ခုနစ်မှစ၍ လက်တွဲလုပ်ဆောင်ခဲ့သော မိတ်ဖက်များလည်းဖြစ်ပေသည်။ ကွန်ဗင်းရှင်း၏ မဟာဗျူဟာစီမံချက် (၂၀)အာအီချိ ဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်များနှင့် (၂၀၂၀)နှောင်းပိုင်း လုပ်ငန်းစဉ်များတိုးတက်စေရန် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများက လက်တွေ့ဖော်ဆောင်ရေးတွင် ထိရောက်စွာ တက်တက်ကြွကြွပါဝင်မှုသည်လည်း အဓိကကျသည်။ ထို့ပြင် နောင်မျိုးဆက်များအတွက် ကမ္ဘာပေါ်ရှိ အပင်နှင့်တိရစ္ဆာန်မျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရန် ပိုမိုကောင်းမွန်သော စီမံချက် အသစ်များ ဖော်ထုတ်ရာ၌ တိုင်းရင်းသားလူမျိုးများ၏ကဏ္ဍသည် အရေးပါလှသည်။

တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့နှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသော အကြောင်းအရာကိစ္စများအားလုံး တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ကွန်ပင်းရှင်းတွင် တိုင်းရင်းသားလူမျိုးများ ပူးပေါင်းပါဝင်ဆောင်ရွက် မှုဆိုင်ရာအစီအစဉ်များ ရှိရန်လိုသည်။ ကွန်ဗင်းရှင်းမှ ပြုလုပ်သော အစည်းအဝေးများတွင် တိုင်းရင်းသားလူမျိုး များနှင့် ဒေသနေပြည်သူများ ပူးပေါင်းပါဝင်တက်ရောက်နိုင်ရန်ရန်ပုံငွေများထားရှိရန်လိုသည်။ ကွန်ဗင်းရှင်းမှပြုလုပ်သော အစည်းအဝေးများ တက်ရောက်လိုသော တိုင်းရင်းသားလူမျိုး ကိုယ်စားပြုများသည် http://www. cbd.int/meetings/ တွင် အစည်းအဝေးကျင်းပမည့် အချိန်ဇယားများကို ကြည့်ရှုဆွေးနွေးနိုင်ပြီး http://www.cbd.int/traditional/fund. shtml တွင် လျှောက်လွှာပုံစံများ ဖြည့်စွက်ရပါမည်။ လျှောက်လွှာကိုတရားဝင်အမည် အဆိုပြုစာနှင့်အတူ mailto: secretariat@cbd.int သို့ အစည်းအဝေးမပြုလုပ်ခင် သုံးလကြိုတင်၍လျှောက်ထားနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ တိုင်းရင်းသားလူမျိုးများအားလုံး အမှတ်ရဖွယ်ကောင်းသော အထိမ်းအမှတ်အခမ်းအနားလေးဖြစ်ပါစေဟု ဆန္ဒပြုရင်း ရှေ့ဆက်လက်တွဲအလုပ်လုပ်ကြဖို့ မျှော်လင့်မိပါသည်။

## တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ပန်ဒါနီ(၃)ကောင်ပေါက်ဖွားခြင်း

ဆာဖာရီဥယျာဉ်(နေပြည်တော်)ပန်ဒါနီ ပြကွက်တွင် မွေးမြူပြသထားသော ပန်ဒါနီအထီး(၂)ကောင်၊အမ(၂) ကောင်၊ စုစုပေါင်း(၄) ကောင်ရှိသည့်အနက် ပန်ဒါနီအမ (သဲသဲ)မှ (၂၆-၅-၂၀၁၇)ရက်နေ့(၀၃း၁၅)နာရီအချိန်တွင် ပန်ဒါနီကလေးငယ်(၁) ကောင်ကိုလည်းကောင်း၊ ပန်ဒါနီအမ မီးမီးမှ(၁၀-၆-၂၀၁၇)ရက်နေ့(၀၂း၃၀)နာရီအချိန်တွင် ပန်ဒါနီကလေးငယ် (၂)ကောင်ကိုလည်းကောင်းပေါက်ဖွားခဲ့ပါသည်။ ပန်ဒါနီ(၃)ကောင်မှာလသားအရွယ်ဖြစ်ပြီး မိခင်များနှင့်ရင်အုပ် မကွာနေထိုင်လျက်ရှိသဖြင့် အထီး၊အမခွဲခြား၍ မရနိုင်သေးပါကြောင်း၊ ပန်ဒါနီကလေးငယ်(၃) ကောင်မှာ ပန်ဒါနီအမေကြီးများ၏ မိခင်ပြုစုစောင့်ရှောက်မှုနှင့်အတူ ကျန်းမာရေး ကောင်းမွန်လန်းဆန်းလျက်ရှိပြီး စိတ်ချရနိုင်သည့် အနေအထားရှိကြောင်းသိရှိရပါသည်။ ပန်ဒါနီများသည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ (၇၂၀၀)ပေမှ (၁၅၇၀၀)ပေအတွင်း သမပိုင်းသစ်တောများတွင် ရှင်သန်တွေ့ရှိနိုင်ပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် CITIES APPENDIX I အဆင့်၊ လုံးဝကာကွယ်ထားသောမျိုးစိတ်အဖြစ်သတ်မှတ်ထားပါသည်။



ပန်ဒါနီအမ(မီးမီး)မှ မွေးဖွားသော ပန်ဒါနီကလေးငယ်(၂)ကောင်





ပန်ဒါနီအမ(သဲသဲ)မှ မွေးဖွားသော ပန်ဒါနီကလေးငယ်



# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာဝယ်

## (ဒေသ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မှု)

ဒေါက်တာ မောင်မောင်သန်း

ယခင်အပတ်များက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ(Community ForestryCF)အောင်မြင်ဖို့အတွက် အရည်အသွေးရှိတဲ့မြေနှင့် သစ်တောတွေကို လုပ်ပိုင်ခွင့်ပေးဖို့၊ မူဝါဒနှင့်ဥပဒေရေးရာ ကူညီပံ့ပိုးပေးမှုများလိုအပ်ခြင်း၊ ရှင်းလင်းတိကျ ခိုင်မာတဲ့မြေယာလုပ်ပိုင်ခွင့်များရရှိမှု၊ ကောင်းမွန်သည့်စီမံအုပ်ချုပ်မှု၊ ထိရောက်သည့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုတို့ လိုအပ်တယ်ဆိုတဲ့ အရေးကြီးတဲ့အချက်များကို ရေးသားတင်ပြခဲ့ပါတယ်။ ယခုအပတ်မှာတော့ အောင်မြင်ရေးအတွက် နောက်ထပ်သော့ချက်တစ်ခုဖြစ်တဲ့ဒေသရဲ့လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မှု(Meeting Local Needs)ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို တည်ထောင်ရာမှာ အဓိကသော့ချက်ကျတဲ့သူတွေကတော့ သစ်တောကြီးများရဲ့ဝန်းကျင်မှာနေထိုင်ပြီး သစ်တောကြီးများကို မိမိရဲ့စားဝတ်နေရေးအတွက် နေ့တစ်ဓူဝ မှီတင်းနေထိုင်နေကြတဲ့ ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများဟာ နှစ်ပေါင်းများစွာ သစ်တောကြီးများရဲ့ဝန်းကျင်မှာ နေထိုင်လာကြပြီးသူတို့မှီခိုအားထားနေရတဲ့ သစ်တောကြီးများအကြောင်းကို မိဘဘိုးဘေးများရဲ့ မိရိုးဖလာသင်ကြားပေးမှုတွေကို ဆက်ခံရင်း တတ်သိနားလည်ထားကြသူတွေဖြစ်ပါတယ်။ သိပ္ပံနည်းကျမဟုတ်ပေမယ့်လည်း အဲဒီမိရိုးဖလာ အသိပညာတွေနဲ့ သစ်တောကြီးများကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းခဲ့ကြတဲ့ သာဓကများကိုလည်း ကမ္ဘာ့နိုင်ငံအတော်များများမှာ တွေ့မြင်နိုင်ကြပါတယ်။ မြန်မာနိုင်ငံကနေကမ္ဘာကျော်ခဲ့တဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးမှုကိုအခြေခံတဲ့တောင်ယာစနစ်ကို ကျေးလက်နေပြည်သူတွေဟာ သစ်တောတွေကိုလည်း ထိန်းသိမ်းရင်း မိမိစားဝတ်နေရေးကိုလည်း ဖြည့်ဆည်းဖို့အတွက် စနစ်တကျကျင့်သုံးခဲ့ကြတာ မှတ်တမ်းများလည်းရှိခဲ့ပါတယ်။ ဒီနေ့ခေတ်မှာတော့အကြောင်းအမျိုးမျိုးကြောင့် စနစ်တစ်ကျဆောင်ရွက်ခဲ့တဲ့တောင်ယာစနစ်ကို ကျင့်သုံးဖို့ခက်ခဲလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

သစ်တောကြီးများကို မှီခိုလုပ်ကိုင်စားသောက်ကြရတဲ့ကျေးလက်နေပြည်သူများဟာသူတို့အချင်းချင်းကြားမှာ နှစ်ပေါင်းရာချီ၊ ထောင်ချီပြီး အသိအမှတ်ပြုလာကြတဲ့ ရပိုင်ခွင့်တွေ၊ လုပ်ပိုင်ခွင့်တွေရှိကြပါတယ်။ အထူးသဖြင့်တော့ တိုင်းရင်းသားလူမျိုးစုတွေနေထိုင်ကြတဲ့ တောင်ပေါ်ဒေသတွေမှာ ပိုမိုပြီးတွေ့နိုင်ပါတယ်။ မြေပြန့်ဒေသတွေမှာလည်း တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တရွာချင်းစီရဲ့ အစဉ်အလာမြေပိုင်ဆိုင်မှုနှင့် သစ်တောနယ်မြေတွေ ၊ စားကျက်တွေ၊မြစ်၊ချောင်းဆိုင်ရာ ဆိုင်ခွင့်တွေက နိုင်ငံအစိုးရတွေရဲ့ စာအုပ်စာမျက်နှာတွေမှာ ပါချင်မှပါပေမယ့် ဒေသခံတွေကြားမှာတော့ သိရှိနားလည်ကြပြီးသားဖြစ်ပါတယ်။ အစဉ်အလာရပိုင်ခွင့်တွေ၊ အသိပညာတွေ၊ အတွေ့အကြုံတွေ၊ ပိုင်ဆိုင်မှုတွေကို အပြန်အလှန်လေးစားအသိအမှတ်ပြုခဲ့ကြပါတယ်။ အဲဒီတန်ဖိုးတွေပေါ်မှာ အခြေပြုပြီး ၎င်းတို့ပတ်ဝန်းကျင်က သစ်တောများကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းခဲ့ကြပါတယ်။

ဥပဒေ၊ညွှန်ကြားချက်တွေအရ မဟုတ်ပဲ ဒေသအလိုက် သူတို့ရဲ့လိုအပ်ချက်များကိုအခြေခံပြီး သစ်တောများကိုထိန်းသိမ်းခဲ့ကြပါတယ်။ အထူးသဖြင့် တောင်ပေါ်ဒေသများမှာ ကနေ့ထိတည်ရှိနေတဲ့ ကျေးရွာရေထိန်းတောများက တစ်ကယ့်သာဓကောင်းတွေပါပဲ။ အချို့ဒေသများမှာ ရိုးရာယုံကြည်မှုအရ အစဉ်အဆက်လေးလေးစားစား ထိန်းသိမ်းလာခဲ့တဲ့သစ်တောများလည်း (ဥပမာ–နတ်ထိန်းတော) ရှိနေပါတယ်။ ကမ်းရိုးတန်းဒေသများမှာလည်း လေပြင်းဒဏ်၊ရေလှိုင်းဒဏ်တွေခံနိုင်အောင် ထိန်းသိမ်းထားတဲ့ တောတွေကိုလည်းတွေ့ရပါတယ်။ အင်တိုင်းတောရှိတဲ့ ဒေသအချို့မှာတော့ အိမ်မိုးဖို့အတွက် နှစ်စဉ် အင်ဖက်တွေကောက်နိုင်ဖို့ထိန်းသိမ်းထားတာကိုတွေ့ရပါတယ်။ တောရိုင်းတိရစ္ဆာန်လေးတွေစောင့်ရှောက်ဖို့အတွက်လည်း သစ်တောတွေကို ထိန်းသိမ်းထားကြပါတယ်။ သစ်တောအတွင်းနှင့်သစ်တောကြီးများရဲ့အနီးအနားမှာ နေထိုင်ကြတဲ့ဒေသခံပြည်သူများဟာ လိုအပ်ချက်ဖြစ်တဲ့ မိမိတို့ရဲ့စားဝတ်နေရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့် ရိုးရာဓလေ့ကိုးကွယ် ယုံကြည်မှုများအတွက် သစ်တောများကို ကာကွယ်ထိန်းသိမ်းခဲ့ကြတယ်၊ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရင်း သုံးစွဲခဲ့ကြပါတယ်။ ၁၉၉၅ခုနှစ်မှာ သစ်တောဦးစီးဌါနကနေပြီးဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ

ကိုထုတ်ပြန်ပြီး မြန်မာနိုင်ငံမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကိုအစပျိုးခဲ့ပါတယ်။ ပြဋ္ဌာန်းဥပဒေကိုအခြေပြုပြီး ညွှန်ကြားချက်၊လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြီး ဆောင်ရွက်စေခဲ့တာ ဖြစ်ပါတယ်။အဆိုပါညွှန်ကြားချက်များမှာအစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံလူထုကစီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော နေရာများကိုလည်း ခွင့်ပြုမယ်လို့ဖော်ပြခဲ့ပါတယ်။ ဒါကြောင့်မို့အစဉ်အလာ ထိန်းသိမ်းလာခဲ့တဲ့ တောများကိုလည်း ညွှန်ကြားချက်နဲ့အညီတရားဝင်ဖြစ်လာအောင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတစ်ခုရလာပါတယ်။ လက်တွေ့မှာဒီအခင်းအကျင်းကိုကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်နိုင်အောင်လုပ်ဖို့တော့ ကြိုးစားရပါအုံးမယ်။ ဥပဒေ၊ ညွှန်ကြားချက်များအရ အစုအဖွဲ့ပိုင်သစ်တောများကို အသိအမှတ်ပြုဆောင်ရွက်လာကြတဲ့အခါမှာလည်း အစဉ်အလာရပိုင်ခွင့်များကို အလေးထားပြီး သစ်တောကြီးများထံကရတဲ့ အကျိုးကျေးဇူးများကိုဒေသခံပြည်သူများကိုသာဦးစားပေးပြီးပေးအပ်သင့်ပါတယ်။

ပြဋ္ဌာန်းဥပဒေပါ ညွှန်ကြားချက်များအရ အစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ချင်ရင်ဒေသခံများနဲ့သစ်တောအသုံးပြုသူအဖွဲ့များဖွဲ့စည်းရပါတယ်။ အသုံးပြုသူများအဖွဲ့အဓိပ္ပါယ်ကိုလည်း ပြင်ဆင်လိုက်တဲ့(၂၀၁၆)ညွှန်ကြားချက်များမှာတော့ ဖော်ပြလာပါတယ်။ အသုံးပြုသူများ အဖွဲ့ဆိုသည်မှာ သစ်တောများအတွင်း သို့မဟုတ် အနီး (၅)မိုင်ပတ်လည်အတွင်းတွင် (၅)နှစ် တဆက်တစပ်တည်း အခြေချနေထိုင်ခဲ့သော ဒေသခံပြည်သူများအနက် သစ်တောလုပ်ငန်းကို စိတ်ဝင်စားပြီး သစ်တောကို အမှန်တကယ်မှီခိုအသုံးပြု၍ တိုက်ရိုက်အကျိုးသက်ဆိုင်သည့်အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကိုဆောင်ရွက်သည့်အဖွဲ့ကို ဆိုသည်ဟု ရှင်းလင်းဖော်ပြထားတာကို တွေ့ရပါတယ်။

အသုံးပြုသူများဖွဲ့ခြင်းနှင့် သစ်တောတည်ထောင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မည့်မြေနေရာကိုအတည်ပြုပြီးလျှင်တော့ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ကိုရေးဆွဲရပါတယ်။ ရေးဆွဲတဲ့နေရာမှာ ကျေးလက်နေပြည်သူများက သစ်တောပညာအခေါ်အဝေါ်လည်းမသိ၊ စီမံချက်ရေးထုံးလည်း နားမလည်ကြသူတွေများတော့ သစ်တောဦးစီးဌာန သို့မဟုတ် အငြိမ်းစားသစ်တောဝန်ထမ်းများဖြင့်ဖွဲ့စည်းထားကြတဲ့ အစိုးရမဟုတ်တဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းများက ကူညီပေးကြရပါတယ်။

ကျေးရွာသားများ ဖြစ်ချင်တဲ့၊ လုပ်ချင်တဲ့ အနေအထားတွေကို သစ်တောစီမံအုပ်ချုပ်မှု ရှုထောင့်ကနေညှိနှိုင်းပေါင်းစပ်ပြီး ဒေသရဲ့ ဘူမိရုပအခြေအနေနှင့်လူမှုစီးပွါးရေးအခြေအနေတွေကို ထောက်ရှုကာရေးသား ပြုစုကြရပါတယ်။ ရေ့ကရေးသွားတဲ့စာအုပ်ကို မိတ္တူကူးယူပြီး ရွာနာမည်နှင့် ဇေယျာကေလေးပြောင်းရုံလုပ်ငန်းမဟုတ်ပါဘူး။ သေသေချာချာ ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်ရတဲ့အလုပ်ဖြစ်ပါတယ်။ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ဖို့ဆိုရင်လူထုပူးပေါင်းပါဝင်တဲ့ချဉ်းကပ်နည်းများကို အသုံးပြုရပါတယ်။ ဒီနည်းလမ်းများကိုသုံးရင် အချိန်ယူပြီးလုပ်ကိုင် ဆောင်ရွက်ရပါတယ်။ အချိန်မယူပဲ အမိန့်ပေးတဲ့စနစ် သို့မဟုတ် အပေါ်ကနေ အောက်ခြေဝန်ထမ်းကို ညွှန်ကြားချက်ပေးပြီး စေခိုင်းတဲ့နည်းလမ်းသုံးမယ်ဆိုရင် မလိုလားအပ်တဲ့အကျိုးသက်ရောက်မှုတွေသာ ရေရှည်မှာဖြစ်လာနိုင်ပါတယ်။

အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးတဲ့အခါမှာ ဒေသခံတွေနဲ့တိုင်ပင်ဆွေးနွေးတဲ့အခါမှာ အကြောင်းအချင်းရာများစွာကို မေးမြန်းဆွေးနွေးတိုင်ပင်ကြရပါတယ်။ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနဲ့ပတ်သက်ပြီး စိုက်ပျိုးမယ့်သစ်မျိုး၊ပျိုးဥယျာဉ်တည်ထောင်တာတွေ၊ စိုက်ခင်းတည်ထောင်တာတွေ အစရှိသည်တို့ကို ဆွေးနွေးပြီး ရေးဆွဲကြရပါတယ်။ သစ်တောထိန်းသိမ်းပြုစုခြင်း ဖြစ်လျှင်လည်းတောရဲ့အခြေအနေပေါ်မှာမူတည်ပြီး မည်သည့်ပျိုးထောင်နည်းစနစ်တွေကျင့်သုံးမလဲ။ တောကအတန်းအစားအလွန်ကျဆင်းနေလျှင် မျိုးဆက်ပင်တွေအားကောင်းလာမယ့် ခုတ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ပြီးအချိန် ဘယ်လောက်ကြာကြာအနားပေးမလဲဆိုတာတွေကို တိုင်ပင်ဆွေးနွေးအကြံပြုတာတွေလည်းလုပ်ရပါတယ်။

အဲဒီလိုဆွေးနွေးတိုင်ပင်အကြံပြုကြရင် မိရိုးဖလာအသိသညာတွေနဲ့ သိပ္ပံနည်းကျစီမံခန့်ခွဲတဲ့ အသိသညာတွေကို ဟန်ချက်ညီညီပေါင်းစပ်နိုင်မှာဖြစ်ပါတယ်။ အဲဒီလိုမှမဟုတ်ပဲ ခင်ဗျားတို့ယူကလစ်ကိုမဖြစ်မနေစိုက်ရမယ်။ ယူကလစ်တွေကို အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းတွေကိုဝေပေးဖို့ပျိုးထောင်ထားပြီးဖြစ်တယ် စသည်ဖြင့် အတင်းတိုက်တွန်းမယ်ဆိုရင်လည်း ရွာသားများခမျာ မတတ်သာလို့ယူလိုက်ရပေမယ့် စိုက်ဖို့သိပ်စိတ်မပါတာကြောင့် ပစ်စလက်ခတ်စိုက်တာတွေ၊ စောင့်ရှောက်ထိန်းသိမ်းမှုကင်း မဲ့တာတွေကို ကြုံတွေ့နိုင်ပါတယ်။ စိုက်မယ့်ပျိုးမယ့် အချိန်ကိုလည်း မိမိဌာနကလုပ်တဲ့ စံချိန်စံညွှန်းအတိုင်း မိုးဦးမှာပဲစိုက်ရမယ်။ မိုးနှောင်းမှာ မစိုက်ပါနှင့် စသည်ဖြင့် အတင်းတွန်းမယ်ဆိုရင် တစ်ချို့နေရာတွေမှာ ဒေသခံပြည်သူတွေလိုက်မလုပ်နိုင်တဲ့ အခြေအနေမျိုးကို ကြုံတွေ့နိုင်ပါတယ်။ တစ်ကယ်တော့ CF ဆိုတာက တစ်နိုင်ငံလုံး တစ်မူတည်းနဲ့လုပ်ဖို့မလွယ်။။

ဒေသအလိုက်ဖြစ်တည်နေတဲ့ အခြေအနေကိုထည့်သွင်းစဉ်းစားပြီး လုပ်ရတဲ့လုပ်ငန်းမျိုးဖြစ်ပါတယ်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွေ ရေရှည်တည်တံ့ပြီး အောင်မြင်ဖို့ဆိုရင် မိမိဆောင်ရွက်မည့်

ဒေသအလိုက် ဒေသခံကျေးလက်ပြည်သူများရဲ့ လိုအပ်ချက်ကို သိရှိဖို့လိုပါတယ်။ သိရှိဖို့အတွက် ဖော်ထုတ်ရပါမယ်။ ဖော်ထုတ်ဖို့အတွက် ရင်းရင်းနှီးနှီးအချိန်ယူပြီး ဆွေးနွေးကြရပါမယ်။

ဆွေးနွေးတဲ့အခါမှာ လူထုပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုရပါမယ်။တာဝန်ရှိသူတစ်ဦးကပဲ ပရိသတ်ရှေ့မှာတစ်ယောက်တည်း မိမိပြောချင်တာတွေကိုပဲ ပြောနေလို့ကတော့ အားလုံးရဲ့ စိတ်ရင်းအမှန်နဲ့ဆောင်ရွက်လိုသည့် သဘောထားများ မရနိုင်သလို ပူးပေါင်းပါဝင်ဆောင်ရွက်မှုလည်း ရနိုင်မှာ မဟုတ်ပါဘူး။ ဒေသခံများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှု မရှိတဲ့ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကိုလည်း ဒေသခံရွာသားများက စိတ်ဝင်စားကြမှာမဟုတ်ပါဘူး။

အောင်မြင်အောင်လည်း အကောင်အထည်ဖော်ဆောင်ရွက်ကြမယ်လို့လည်း မျှော်လင့်လို့မရပါဘူး။ဒေသခံရွာသားများရဲ့လိုအပ်ချက်ဟာ တာဝန်ရှိသူတွေ၊ ကူညီပံ့ပိုးဆွေးနွေးပေးမည့်သူတွေမျှော်လင့်သလို ဟုတ်ချင်မှ ဟုတ်မှာပါ။ တာဝန်ရှိသူတွေက အစုအဖွဲ့ပိုင်သစ်တောကနေ သစ်ကြီးဝါးကြီးတွေရစေချင်ပေမယ့် ရွာသားများကတော့ သူတို့ရဲ့ရှင်သန်ရေးအတွက် လိုအပ်ချက်ဖြစ်တဲ့ရေထိန်းတောတွေလုပ်ချင်တဲ့ ဆန္ဒတွေရှိကောင်းရှိနေပါမယ်။တာဝန်ရှိသူတွေက အဖိုးတန်ကျွန်းပင်တွေစိုက်စေချင်ပေမယ့်လည်း သူတို့ကလိုအပ်ချက်အရ အခြားသစ်မာသစ်မျိုးကို စိုက်ချင်ကောင်းစိုက်ချင်ပါလိမ့်မယ်။ အဖိုးတန်သစ်တွေထက် သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းတွေကို(ဥပမာ- ဝါး၊ ကြိမ်၊ ငှက်ပျောက်ကောင်း စသည်ဖြင့်) သူတို့ရဲ့ လိုအပ်ချက်အတွက် စိုက်ချင်၊ထိန်းသိမ်းချင်စိတ်တွေရှိနေကောင်းရှိနေပါလိမ့်မယ်။ သူတို့ရဲ့လတ်တလောစားရမယ့် စိုက်ပျိုးရေးသီးနှံနှင့်အတူ သစ်တောသစ်ပင်တွဲစိုက်လို့ရမယ့် သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့စနစ်ကို လုပ်ချင်ကောင်းလုပ်ချင်ပါလိမ့်မယ်။

ဒါကြောင့်မို့ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးတဲ့ အခါမှာ စိုက်ပျိုးလိုတဲ့သစ်မျိုး၊ စိုက်ပျိုးလိုတဲ့နည်းစနစ်များ၊ စိုက်ပျိုးပင်တစ်ပင်နှင့်တစ်ပင်အကွာအဝေး၊ ခုတ်လှဲထုတ်ယူလိုတဲ့ကာလ၊ ပြုစုပျိုးထောင်တဲ့နည်းလမ်းများကို ဒေသခံရွာသူရွာသားများနှင့် အကြေအလည်ဆွေးနွေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဥပမာ- စိုက်ပျိုးလိုတဲ့သစ်မျိုးကို ဖော်ထုတ်တဲ့အခါမှာ ဒေသခံတွေ ကြိုက်နှစ်သက်တဲ့သစ်မျိုးတွေကို ဖော်ထုတ်ပါတယ်။ အဲဒီနောက်၎င်းတို့ရဲ့အသုံးဝင်မှုတွေကို ရေးသားပြီးအားလုံးကပေးတဲ့အမှတ်ပေးစနစ်နှင့် ဦးစားပေး သစ်မျိုးကို ရွေးချယ်တဲ့နည်းလမ်းတွေကို အသုံးပြုကြပါတယ်။ အားလုံးလည်း မြင်သာထင်သာရှိပြီး စုပေါင်းဆွေးနွေးအဖြေရှာတဲ့နည်းလမ်းပါပဲ။ ဒီနည်းအတိုင်းပါပဲ၊ ကျန်တဲ့လုပ်ငန်းစဉ်များကိုလည်း သူတို့ရဲ့ လိုအပ်ချက်ကို ထင်ဟပ်ပြီး ဆွေးနွေးတိုင်ပင်ပြီး အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်မှာ ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ကြဖို့လိုမယ်ထင်ပါတယ်။

ဒေသခံများဟာ သူတို့ရဲ့လိုအပ်ချက်တွေပါတဲ့ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို တန်ဖိုးထားမှာဖြစ်ပါတယ်။ ပိုင်ရှင်စိတ်ဓါတ် (Sense of Ownership) လည်းမြင့်တက်လာပြီး ကိုယ်တိုင်ကိုယ်ကျမိမိရဲ့လုပ်ငန်းများကဲ့သို့ ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်လာမှာဖြစ်ပါတယ်။ ဒေသခံများရဲ့သဘောထားတွေကို ထင်ဟပ်ခြင်းမရှိတဲ့ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များဟာ တဖြည်းဖြည်းနဲ့ လက်တွေ့ဘဝနဲ့ကင်းကွာပြီး၎င်းတို့စီမံအုပ်ချုပ်တဲ့သစ်တောများဟာလည်း မူလရည်ရွယ်ချက်များကို မရောက်တော့ပဲလမ်းခုလတ်တွင် ပျက်စီးပြုန်းတီးသွားကြမှာဖြစ်ပါတယ်။

အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲတဲ့အခါမှာ ဒေသခံများကတော့ သူတို့ရဲ့လိုအပ်မှုတွေအပေါ်အခြေခံပြီးဆွေးနွေးပြောဆိုကြမှာဖြစ်ပါတယ်။ တာဝန်ရှိသူတွေနှင့် ကူညီပံ့ပိုးပေးသူတွေဟာမိမိဖြစ်စေလိုတဲ့ အရာတွေကို အသင့်ရေးပြီးယူလာတဲ့ စက္ကူဖြူစာတမ်းကြီးကို ချပြဆောင်ရွက်တာမျိုးမလုပ်သင့်ပါဘူး။ ဒါ့အပြင်သိပ္ပံနည်းကျ သစ်တောပညာဆိုတဲ့ပေတံကြီးနှင့် အတိအကျလိုက်တိုင်းနေရင် တော့ဒေသခံပြည်သူများနှင့် ဆောင်ရွက်မယ့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကတော့ သွားလိုတဲ့နေရာမရောက်ပဲ တစ်ဝဲလယ်လယ်နဲ့ဆားဒယ်ကြီးစီးနေရသလိုဖြစ်နေပါအုံးမယ်။

တာဝန်ရှိသူတွေအနေနဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွေကို စီမံဆောင်ရွက်တဲ့အခါမှာ ထိန်းချုပ်လိုတဲ့သဘောထားထက် ထိန်းကျောင်းလိုတဲ့သဘော၊ ကူညီပံ့ပိုးပေးလိုတဲ့သဘောများနဲ့သာ ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့်မို့ အထက်မှာရေးသား ဖော်ပြခဲ့တဲ့ ဒေသခံများရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းဆိုတဲ့အချက်ဟာလည်း အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအောင်မြင်ရေးအတွက်သော့ချက်တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။






**ရေသယံဇာတ**

သဘာဝသယံဇာတအမျိုးမျိုးရှိသည့်အနက် ရေသယံဇာတသည် လူနှင့် သက်ရှိလောကအတွက် မရှိမဖြစ် အလွန်အရေးပါသော သဘာဝသယံဇာတဖြစ်သည်။ ကမ္ဘာပေါ်တွင် ရွှေ၊ငွေ၊ ကြေး၊ စိန်၊ သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့စသည်ဖြင့် သဘာဝသယံဇာတ မြောက်မြားစွာ ရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။ သို့သော် အဆိုပါသယံဇာတများသည် ရှားပါးမှုအရ ငွေကြေးတန်ဖိုးသတ်မှတ်ထားသဖြင့် အဖိုးတန်သည်ဟုထင်ရသော်လည်း လူသားများအပါအဝင် သက်ရှိသတ္တဝါများ၏ အသက်ရှင်သန်ရပ်တည်ရေးအတွက်မူ ရေသယံဇာတများကဲ့သို့ မရှိမဖြစ်မဟုတ်ချေ။ ရေ၏တန်ဖိုးမှာ လူ့အသက်ကဲ့သို့ပင် အဖိုးတန်လှသည်။ ''ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊သက်ရှိလောက ရေသာပဓာန၊ ရွှေကိုမလိုရေကိုသာလိုသည်''ဟူသောဆောင်ပုဒ်များမှာ သက်ရှိများ ရှင်သန်ရပ်တည်ရေးတွင် ရေ၏အရေးပါမှုကို မီးမောင်းထိုးပြနေသည်။ ရေရှိမှအပင်ရှိမည်။ အပင်ရှိမှ ရာသီဥတု သဟဇာတမျှတမည်။ ရာသီဥတုသဟဇာတမျှတပါမှ လူသားများနှင့် သက်ရှိသတ္တဝါများ ကောင်းမွန်စွာ ရှင်သန်နိုင်မည် ဖြစ်သည်။ရေ၊ မြေ၊ သစ်တောသယံဇာတများနှင့် သက်ရှိသတ္တဝါများ၏ ရှင်သန်ရပ်တည်နိုင်မှုမှာ ဆက်စပ်နေသည်။ ဤဆက်စပ်မှုဂေဟစနစ်ကို တည်မြဲနေစေဖို့ စဉ်ဆက်မပြတ်ထိန်းသိမ်းရန်လိုအပ်သည်။

၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာပေါ်၌ စုစုပေါင်းရေချိုရရှိနိုင်မှုပမာဏမှာ ကုဗမီတာ(၄၃,၈၀၇) ဘီလီယံခန့်ရှိသည်ဟု ပညာရှင်များ တွက်ချက်ခန့်မှန်းထားသည်။ ကမ္ဘာ့လူဦးရေတိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာခြင်းတို့ကြောင့် ရေသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်မြင့်မားလာသည့်အပြင် သစ်တောများပြုန်းတီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုများကြောင့် ရေကောင်းရေသန့်ရရှိနိုင်မှု အခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာသည်။

ထို့အပြင် ရွှေနှင့်သတ္တုအမျိုးမျိုးတူးဖော်ခြင်းနှင့် စက္ကူစက်ရုံများ အပါအဝင် စက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများသည် မြစ်၊ ချောင်းများအတွင်း ရောက်ရှိပြီး ရေထုကိုညစ်ညမ်းစေသည်။ ရေထုညစ်ညမ်းမှုကြောင့် ရေကောင်းရေသန့်များ ရှားပါးလာသည်။ မြစ်၊ ချောင်းများကို အမှီပြုနေထိုင်သော လူနှင့်ရေနေသတ္တဝါများအား အဆိပ်သင့်စေကာ အသက်ပင် ဆုံးရှုံးကြရသည်။ မြစ်များ၊ ချောင်းများတွင် ရေနေသတ္တဝါများ လျော့နည်းလာခြင်း၊ ရေထုညစ်ညမ်းပြီး သန့်ရှင်းသော သောက်သုံးရေ ရှားပါးလာခြင်း၊ ရေနှင့်ဆက်စပ်သော ရောဂါများဖြစ်ပွားခြင်းစသည့် အကျိုးဆက်များကိုပါ ရင်ဆိုင်ကြရသည်။

**လူသားများအတွက် ရေသယံဇာတ**

ရေသယံဇာတသည် လူသားများနှင့် သက်ရှိသတ္တဝါများအတွက် မရှိမဖြစ် အရေးပါလျက်ရှိသော်လည်း ရေရှားပါးမှု၊ ရေကောင်းရေသန့်မလုံလောက်မှုနှင့် လူဦးရေတိုးပွားလာမှုကြောင့် ရေသယံဇာတနှင့်ဆက်စပ်နေသော ပြဿနာများကို ကမ္ဘာနှင့်အဝန်းရင်ဆိုင်ရလျက်ရှိသည်။ ထင်ရှားသော အချက်အလက်အချို့မှာ -

- ကမ္ဘာပေါ်တွင် လူဦးရေ ၂.၆ ဘီလီယံသည် သန့်ရှင်းသော သောက်ရေအရင်းအမြစ်များကို ရရှိသော်လည်း ၆၆၃ ဘီလီယံသော လူဦးရေကမူ လက်လှမ်းမှီခြင်း မရှိသေးခြင်း၊
- ကမ္ဘာနှင့်အဝန်းရှိ လူဦးရေ ၁.၈ဘီလီယံသည် သန့်ရှင်းမှုမရှိသော၊ ညစ်ညမ်းနေသော သောက်ရေအရင်းအမြစ်များကိုသာအသုံးပြုရလျက် ရှိခြင်း၊
- ရေရှားပါးမှုအကျိုးဆက်များသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအပေါ် သက်ရောက်မှု ရှိနေခြင်းနှင့် ဆက်လက်တိုးပွားဦးမည်ဟု ခန့်မှန်းထားခြင်း၊
- ၂၀၅၀ ခုနှစ်တွင် လူ ၄ ဦးတွင် ၁ ဦးမှာ ရေ ပြတ်လပ်မှုအကျိုးဆက်များကို ခံစားကြရမည်ဟု ခန့်မှန်းထားခြင်း၊
- လူများကြောင့် ဖြစ်ပေါ်လာသည့် ရေဆိုးရေညစ်များ၏ ၈၀ ရာခိုင်နှုန်းသည် ပြန်လည်သန့်စင်မှုမပြုပဲ မြစ်များ၊ ချောင်းများ၊ ပင်လယ်များသို့ စွန့်ထုတ်ခြင်း၊
- ရေနှင့် ပတ်သက်သည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြောင့် နေ့စဉ် ကလေး

၁၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိခြင်း၊

- သဘာဝဘေးအန္တရာယ်ကြောင့် အသက် ဆုံးရှုံးရမှုများ၏ ၇၀ရာခိုင်နှုန်းသည် ရေကြီးရေလျှံခြင်းကြောင့် ဆုံးရှုံးရခြင်း။
- ကမ္ဘာ့လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်သည် ရေရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်ရန် အလားအလာများစွာရှိနေပြီး ၂၀၅၀ ခုနှစ်တွင် လူဦးရေ ၂.၃ ဘီလီယံသည် အလွန်အမင်း ရေနည်းမှု၊ ရေရှားပါး ပြတ်လပ်မှုဖြစ်နေသော မြစ်များ၏ရေဝေရေလဲဒေသတွင်သာ နေထိုင်ရနိုင်ခြင်း စသည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

**ရေသယံဇာတ ရှားပါးလာခြင်း အဓိကအကြောင်းအရင်းများ**

မြန်မာနိုင်ငံတွင် ရေသယံဇာတအပါအဝင် သဘာဝသယံဇာတများသည်ပေါများသည်ဟု ဆိုသော်လည်း အကန့်အသတ်ဖြင့်သာရှိသည်။ အထူးသဖြင့် လူနှင့်သက်ရှိတို့အတွက် မရှိမဖြစ် နေ့စဉ်လိုအပ်ချက်ဖြစ်သော ရေချို၊ ရေကောင်းရေသန့်များသည် အကြောင်းအမျိုးမျိုးကြောင့် လျော့ပါးလျက်ရှိသည်။ မြစ်ချောင်းအင်းအိုင်များ ပေါများသော်လည်း မလျော်ကန်သော မြေအသုံးချမှုများ၊ ရေဝေရေလဲဒေသ ရေထိမ်းသစ်တောများပြုန်းတီးပျက်စီးမှုများကြောင့် မြေဆီလွှာတိုက်စားပြီး နုန်းအနည်အနှစ်များပို့ချပြီး မြစ်ချောင်းများ တိမ်ကောခြင်း၊ ရေကြီးရေလျှံခြင်းတို့ဖြစ်ပေါ်ကာ ရေကောင်းရေသန့် ရရှိရန် ခက်ခဲလာသည်။ ရွှေသတ္တုတူးဖော်မှုများ၊ ရေဝေရေလဲဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုများ၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများစသည့် အကြောင်းအရင်းများကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး အချို့နေရာဒေသများတွင် သောက်သုံးရေရှားပါးမှုများ၊ ပြတ်လပ်မှုများကို ရင်ဆိုင်ရလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ အပူချိန်မြင့်မားလာမှုကြောင့်လည်းကောင်း ရေတွင်းရေကန်များ ရေလျော့နည်းခြင်း၊ ခန်းခြောက်ခြင်း၊ ညစ်ညမ်းခြင်းများဖြစ်ပေါ်၍ ရေကောင်းရေသန့်ရှားပါးမှု ပြဿနာများ၊ ရေနှင့်ဆက်စပ်လျက်ရှိသော ရောဂါများ ဖြစ်ပေါ်လျက်ရှိသည်။

**သစ်တောများနှင့် ရေသယံဇာတ**

လူနှင့်တိရစ္ဆာန်များ၊ သက်ရှိများအားလုံးအတွက် မရှိမဖြစ်လိုအပ်သည့် ရေသယံဇာတများနှင့် သစ်တောများသည် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် -

- သစ်တောများဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိခြင်း၊
- ကမ္ဘာ့အကြီးဆုံးမြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၄င်းတို့အတွက် လိုအပ်သည့် သောက်သုံးရေ၏ ရာခိုင်နှုန်းအများစုကို သစ်တောများဖုံးလွှမ်းနေသည့် သဘာဝနယ်မြေများမှ ရရှိခြင်း၊
- သစ်တောများသည် သဘာဝရေသန့်စက်ကြီးများသဖွယ်ဖြစ်၍ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ချောင်းများနှင့် အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်း၊
- ရာသီဥတုပြောင်းလဲမှုသည် သစ်တောများအပေါ် သက်ရောက်မှုရှိပြီး ထိုမှတစ်ဆင့် ရေလုည့်ပတ်မှုစနစ်များ၊ ရေရရှိနိုင်မှုအခြေအနေများအပေါ် လွှမ်းမိုးသက်ရောက်နိုင်ခြင်း၊
- စနစ်တကျ ရေသယံဇာတ စီမံခန့်ခွဲအုပ်ချုပ်ခြင်းဖြင့် စီးပွားရေးအကျိုးအမြတ်များစွာ ရရှိနိုင်ခြင်း၊ ရေဝေရေလဲဒေသရှိ သစ်တောများ ထိန်းသိမ်းရန် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း ရေသန့်စင်ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျမည့် အမေရိကန် ဒေါ်လာ ၇.၅ ဒေါ်လာမှ ၂၀၀ ဒေါ်လာအထိ သက်သာစေနိုင်ခြင်း၊
- သစ်တောများသည် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြန်လည်ကောင်းမွန်လာစေရေးအတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး သစ်တောများမှ အထောက်အပံ့ပြုသည့် ဂေဟစနစ်ဝန်ဆောင်မှုများ၏တန်ဖိုးသည် အလွန်များပြားခြင်း စသည်တို့ကြောင့် သစ်တောများကို စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်မှသာလျှင် သဘာဝရေထွက်များ၊ စိမ့်စမ်းရေများ၊ မြေအောက်ရေများ၊ မြစ်ချောင်း အင်းအိုင်များ ထာဝစဉ်တည်တံ့၍ ရေကောင်းရေသန့်သောက်သုံးရေများ လုံလောက်စွာ ရရှိနိုင်မည် ဖြစ်သည်။

**မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များနှင့် ရေဝေရေလဲ ထိန်းသိမ်းရေး သစ်တောကြီးများ**

ရေအရင်းအမြစ်ဆိုသည်မှာ ရေရရှိစေသော ရေထွက် ရှိရာဒေသများဖြစ်သည့် ရေခဲဖုံးလွှမ်းသော တောတောင်၊ သစ်တောများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတိမ်ဒေသ၊ ဆည်မြောင်း၊ ရေကန်စသည်တို့ဖြစ်ပါသည်။ ရေဝေရေလဲဒေသဆိုသည်မှာ မြစ်၊ ချောင်းများအတွင်းသို့

ရေစီးဆင်းစေသော ကုန်းမြေဒေသကိုခေါ်ပါသည်။ ရေသည်သစ်တောများ ဖုံးလွှမ်းသောတောတောင်ဒေသမှ ပင်လယ်၊ သမုဒ္ဒရာအထိစီးဆင်းသဖြင့် ကမ္ဘာ့ရေဝေရေလဲ ဒေသများသည် အလွန်ကျယ်ပြန့်ပါသည်။

အလားတူပင် မြန်မာနိုင်ငံ၏ အဓိကရေဝေရေလဲ ဒေသကြီးများဖြစ်သည့် မြောက်ဖျား ခါကာဘိုရာဇီ တောင်တန်းမှသည် တောင်ဖျားတနင်္သာရီကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်ခြမ်း ရှမ်းတောင်တန်းများမှသည် အနောက်ဘက်ခြမ်း ချင်းတောင်တန်းများနှင့် ရခိုင်ရိုးမ၊ အလယ်ပိုင်း ပဲခူးရိုးမမှသည် အပူပိုင်းဒေသများအထိ သစ်တောများနှင့် ရေဝေရေလဲဒေသများသည် နိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းခန့် ရှိပါသည်။

အဆိုပါ ကြီးမားကျယ်ပြန့်လှသည့် ရေဝေရေလဲ ဒေသအတွင်းရှိ ရေ၊ မြေ၊ တောတောင်နှင့်သစ်တောသယံဇာတတစ်မျိုးမျိုးသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ လူသားများ၏ ပယောဂကြောင့်ဖြစ်စေ ပျက်စီးသောအခါ ရေသယံဇာတများအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်စေပြီး လူသားများအပါအဝင် သက်ရှိသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်အပေါ်ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ရေချိုများထွက်ရှိရာ ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများ၊ သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် အထူးလိုအပ်ပါသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတအကဲဖြတ်အစီရင်ခံစာ (FRA 2015)အရ မြန်မာနိုင်ငံဧရိယာ၏ ၄၂.၉၂ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး သစ်နှင့်သစ်တောထွက်ပစ္စည်းများအပြင် ရေသယံဇာတထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးစသည့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ ထာဝစဉ်တည်တံ့စေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားရရှိစေရန်အတွက် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်လျက် နှစ် (၃၀) အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း(၂၀၀၁- ၂၀၀၂ မှ ၂၀၃၀-၂၀၃၁ခုနှစ်အထိ)ကို ရေးဆွဲပြီးအကောင်အထည်ဖော်လျက်ရှိသည်။ ယခုနှစ်ပိုင်းများအတွင်း ထင်ရှားသည့်သစ်တောထိန်းသိမ်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအနက် အောက်ဖော်ပြပါလုပ်ငန်းများသည် ရေသယံဇာတထိန်းသိမ်းရေး၊ ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသထိန်းသိမ်းရေးအတွက် အလွန်အရေးပါသောလုပ်ငန်းများဖြစ်သည်-

- ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပဲခူးရိုးမဒေသတွင်သစ်ထုတ်လုပ်မှု ၁၀နှစ် ရပ်ဆိုင်းခြင်းနှင့်သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်း၊
- ရေဝေရေလဲသစ်တောများ ထိန်းသိမ်းခြင်းနှင့် ရေဝေရေလဲ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းများ အပါအဝင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(၂၀၁၇-၁၈ မှ ၂၀၂၇-၂၈)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စတင်အကောင်အထည်ဖော်ခြင်း၊
- မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများ၊ ရေချိုကန်ကြီးများ (ဥပမာ အင်းလေးကန်၊ အင်းတော်ကြီးကန်၊ မိုးယွန်းကြီးအင်း စသည်)၏ ရေဝေရေလဲဒေသကြီးများ၊ ကမ်းရိုးတန်းဒေသများနှင့် တောင်တန်းဒေသကြီးများ (အပူပိုင်းဒေသရှိ တောင်တန်းများ အပါအဝင်) အတွက် အထူးလုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊
- သစ်တောများ တိုးပွားစေရန်ရည်ရွယ်လျက် အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စနစ်တကျ အစီအစဉ်ရေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊
- သစ်တောသုတေသနဌာန၊ ရေဆင်းတွင် ရေဓာတ်ခွဲခန်းတည်ထောင်၍ အဓိက မြစ်ကြီးများနှင့် ရေချိုကန်ကြီးများ၏ ရေအရည်အသွေး စဉ်ဆက်မပြတ် သုတေသနပြုတိုင်းတာစမ်းသပ်အကဲဖြတ်ခြင်း။

အဆိုပါ လုပ်ငန်းစဉ်များသည် နိုင်ငံ၏ ရေသယံဇာတအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေရုံသာမက အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များဖြစ်သည့် Nationally Determined Contribution (NDC) ကဲ့သို့သော ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များ၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးဆိုင်ရာ ကတိကဝတ်များကိုပါ ဖြည့်ဆည်းပေးလျက်ရှိသည်။

### စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၆ နှင့် ရေသယံဇာတ

သဘာဝသယံဇာတများဖြစ်သည့် ရေ၏မရှိမဖြစ်အရေးပါမှုကြောင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၆တွင် လူသားတိုင်းသန့်ရှင်းသော သောက်သုံးရေရရှိရေး၊ရေသယံဇာတစဉ်ဆက်မပြတ်စီမံခန့်ခွဲမှုဖြစ်ပေါ်လာစေရေးနှင့် ရေဆိုးများစီမံခန့်ခွဲမှုစနစ်ဖွံ့ဖြိုးလာစေရေးဟူ၍ဖော်ပြထားပါသည်။ အဆိုပါ ပန်းတိုင်အောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ ရည်မှန်းချက်များကို ချမှတ်ခဲ့ပါသည်-

- ၂၀၃၀ ခုနှစ်တွင် လုံခြုံစိတ်ချ၍ လူတိုင်းသုံးစွဲနိုင်သော သောက်သုံးရေကို လူတိုင်းရနိုင်ရမည်၊
- ၂၀၃၀ ခုနှစ်တွင် လုံလောက်၍ မျှတမှုရှိသော ရေဆိုးမိလ္လာစနစ်၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစနစ် အောင်မြင်စေရမည်၊
- ၂၀၃၀ ခုနှစ်တွင် ရေထုညစ်ညမ်းမှုများ လျှော့ချခြင်း၊ အမှိုက်ပုံနှင့်အညစ်အကြေးများ ဖယ်ရှားခြင်း၊ အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ရေဆိုးရေညစ်ပမာဏ တစ်ဝက်ထိ လျှော့ချခြင်းနှင့် ကမ္ဘာအနှံ့ စိတ်ချစွာဖြင့် ရေပြန်လည်သုံးစွဲနိုင်အောင် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်၊
- ၂၀၃၀ခုနှစ်တွင် ကဏ္ဍအသီးသီးတွင် ရေသုံးစွဲမှု ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး ရေရှားပါးမှုကို ဖြေရှင်းရန်အတွက် ရေချိုကို စနစ်တကျစဉ်ဆက်မပြတ် သုံးစွဲခြင်း၊ ရေရှားပါးမှု ဒဏ်ခံစားနေရသော လူဦးရေ အရေအတွက် သိသာစွာလျှော့ချနိုင်ရမည်၊
- ၂၀၃၀ ခုနှစ်တွင် ကဏ္ဍအားလုံးပူးပေါင်းပါဝင်သည့် ရေသယံဇာတစီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်၊
- ၂၀၂၀ ခုနှစ်တွင် ရေနှင့် ဆက်စပ်နေသော ဂေဟစနစ်များ ထိန်းသိမ်းခြင်း၊ သစ်တောများ၊ တောင်တန်းများ၊ ရေဝပ်ဒေသများနှင့် မြစ်ချောင်းအင်းအိုင်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေသယံဇာတကြွယ်ဝစေရန် ဆောင်ရွက်မည်၊
- ၂၀၃၀ ခုနှစ်တွင် ရေတူးဖော်ခြင်း၊ ရေအသုံးချခြင်း၊ ရေဆိုးများပြန်လည်သန့်စင်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်း နည်းပညာများအပါအဝင် ရေနှင့်ရေဆိုးမိလ္လာစနစ်များနှင့် ဆက်စပ်သည့်စွမ်းဆောင်ရည် တည်ဆောက်ခြင်း ဆောင်ရွက်နိုင်ရမည်၊
- ရေသယံဇာတများနှင့် ရေဆိုးမိလ္လာစနစ်များ စီမံအုပ်ချုပ်ရာတွင် ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုနှင့် ကူညီပံ့ပိုးမှု ပိုမိုကျစ်လစ်ခိုင်မာစေရန် ဆောင်ရွက်မည်။

**ရေသယံဇာတ ပေါများဖို့ သစ်တောတွေကို ထိန်းသိမ်းစို့**

မြန်မာနိုင်ငံ၏ အဖိုးတန်ရေသယံဇာတများကို ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ရည်မှန်းချက်များ ပြည့်မီအောင်မြင်စေရန်အတွက်လည်းကောင်း ယခုကပင်စတင်၍ လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် အထူးလိုအပ်သည်။ဥပမာ ရေကောင်းရေသန့်ရရှိစေမည့် အဆောက်အဦများ၊ ရေဆိုးများပြန်လည်သန့်စင်ရန် လိုအပ်သည့်အထောက်အပံ့ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။

အထူးအရေးကြီးသည်မှာ ရေအရင်းအမြစ်များဖြစ်သည့် ရေထွက်တောများ ထိန်းသိမ်းခြင်း၊ ရေနှင့် ဆက်စပ်နေသော ဂေဟစနစ်များ ထိန်းသိမ်းခြင်း၊ သစ်တောများ၊ တောင်တန်းများ၊ ရေဝပ်ဒေသများနှင့် မြစ်ချောင်းအင်းအိုင်များကို ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများတွင် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်၍ ရန်ပုံငွေကြေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုအပ်သည်။ သစ်တောများထာဝစဉ်တည်တံ့ရေးအတွက် အရေးအကြီးဆုံးဆောင်ရွက်ရမည့်လုပ်ငန်းမှာ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် သစ်တောပြုန်းတီးမှုနှုန်း လျှော့ချရန်နှင့် ကျန်ရှိနေသည့် သဘာဝတောများကို ထိထိရောက်ရောက် စီမံအုပ်ချုပ်ထိန်းသိမ်းကာကွယ်ရန် ဖြစ်သည်။

ချမှတ်ထားသော မူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ သစ်တောများမှ အထောက်အပံ့ပြုလျက်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တန်ဖိုးအစစ်အမှန်ကို သိရှိတန်ဖိုးထား ထိန်းသိမ်း ရေး၊ ရေ၊ မြေ၊ သစ်တောနှင့် ဆက်စပ်ပတ်သက်နေသောလုပ်ငန်းကဏ္ဍအသီးသီး၏ မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များသည် တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်လျက် ရေနှင့် သစ်တောသယံဇာတထိန်းသိမ်းရေးကို အထောက်အပံ့ပြုနိုင်ရေး အတွက် ဦးတည်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

ရေနှင့် သစ်တောသယံဇာတထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိကကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများတိုးပွားစေရန် အလွန်အရေးကြီးသကဲ့သို့ ကျေးလက်၊ မြို့ပြနေပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကလည်း မရှိမဖြစ်လိုအပ်ပါသည်။ ရေကောင်းရေသန့်များကို မြိုးမြိုချွေတာ၍ စနစ်တကျ အလေအလွင့်မရှိသုံးစွဲရန် လိုအပ်သကဲ့သို့ ရေကောင်းရေသန့် ရေချိုအရင်းအမြစ်များ ဖြစ်သော သစ်တောသစ်ပင်စိုက်ပျိုးရေး၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။သစ်ပင်စိုက်ရန်အကောင်းဆုံးအချိန်သည် လွန်ခဲ့သည့် အနှစ်(၂၀)က ဖြစ်ပြီး ဒုတိယအကောင်းဆုံးအချိန်သည် ယခုပင် ဖြစ်သည်ဟူသော ဆိုရိုးစကားအတိုင်းပင် ယနေ့အချိန်အခါသည် ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့၏ အနာဂတ်မျိုးဆက်သစ်များအတွက်၊ ကျွန်တော်တို့၏ တန်ဖိုးမဖြတ်နိုင်သော ရေသယံဇာများ၊ ရေကောင်းရေသန့်များ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် ''သစ်ပင်များ ရှင်သန်အောင် စိုက်လိုက်ကြပါစို့၊ သစ်တောများ ထိန်းသိမ်းကာကွယ်ကြပါစို့'' ဟု တိုက်တွန်းအပ်ပါသည်။

+++++++++++



# "Where There is a Problem, There is an answer"

ဝန(ဓမြ)

ညီနောင်တို့ရေ ပြီးခဲ့တဲ့အခေါက်က ''ပင်ကျပ်နှုတ်သစ်ထုတ်ရဲရဲလုပ်''ဆိုတဲ့ ဆောင်းပါး သစ်တောကြေးမုံဂျာနယ်မှာဖော်ပြခဲ့တော့ တပည့်အများဆီက comment တွေ၊ contect တွေ ရောက်လာတယ်။ စာလုံးတွေ၊ စကားလုံးတွေနဲ့ ပြောတာလွယ်သလို၊ ဟုတ်သလိုရှိပေမဲ့ တကယ်လက်တွေ့မှာ အခက်အခဲရှိတဲ့အတွက် လက်တွေ့အတွေ့အကြုံလေးဝေမျှပေးပါ ဆိုတဲ့အတွက် တစ်ဦးချင်းစီရှင်းပြမဲ့အစား အားလုံးသိရအောင် ဒီဆောင်းပါးလေး ရေးသားလိုက်ရပါတယ်။

ကျွန်တော် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်းမှာ လက်ထောက်ကထိက တာဝန်ထမ်းဆောင်စဉ်က ဒုတိယနှစ် သင်တန်းသားများနဲ့ တောတွင်းကွင်းဆင်း သင်ကြားပေးပြီး လက်တွေ့ပင်ကျပ်နှုတ်ခဲ့တဲ့ အတွေ့အကြုံလေး ပြန်လည်ဖောက်သည်ချပါရစေ။ စာတွေ့မှာလည်း သစ်တောစိုက်ပျိုးပြုစုခြင်း ဘာသာရပ်ကို ကျွန်တော်ကပဲ သင်ခဲ့တာဆိုတော့ တောတွင်းလက်တွေ့ကိုလည်း ကျွန်တော်ကပဲ ဦးဆောင်ရတာပေါ့။ ကျွန်တော်တို့ ၁၉၉၈–၂၀၀၀ ခုနှစ် သင်တန်းသားများနဲ့ စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအနီးရှိ ဖက်ဆွတ်ကြိုးဝိုင်းထဲက ပျဉ်းကတိုးသက်ကြီးစိုက်ခင်း ပင်ကျပ်နှုတ်ခဲ့စဉ်ကပေါ့–

စိုက်ခင်းတည်နေရာ–အင်းတော်မြို့နယ်၊ ဖက်ဆွတ်ကြိုးဝိုင်း
သစ်မျိုး – ပျဉ်းကတိုး
စိုက်ပျိုးသည့်ခုနှစ်– ၁၉၇၉ ခုနှစ်
စိုက်ပျိုးဧရိယာ – ၁၀၀ဧက
ပင်ကျပ်နှုတ်ဧရိယာ–၁၀၀ဧက
ပင်ကျပ်နှုတ်ကာလ– ၁၉၉၉ခုနှစ်
ပင်ကျပ်နှုတ်အဖွဲ့အစည်း –မြန်မာနိုင်ငံသစ်တောကျောင်း
၁၉၉၈–၂၀၀၀(ဒုတိယနှစ်
သင်တန်းသားများ)

နယ်နိမိတ်၊ မြေမျက်နှာပြင်၊ မြေအမျိုးအစား၊ သဘာဝပေါက်ပင်နှင့် အောက်ပေါင်းစတဲ့ အခြေအနေ အသေးစိတ်မဖော်ပြလိုတော့ပါ၊ အချို့အချက်အလက်များ အတိအကျမမှတ်မိတော့တဲ့အတွက်လည်းကောင်း၊ အဓိကသိစေချင်ရေးချင်တာက လက်တွေ့ပင်ကျပ်နှုတ်ခြင်း အကြောင်းဖြစ်တာကြောင့် အသေးစိတ်မဖော်ပြခြင်း ဖြစ်ပါတယ်၊ ၎င်းအပြင် စိုက်ခင်း၏ ရာဇဝင်အသေးစိတ်မှတ်တမ်းများလည်း သက်ဆိုင်ရာမြို့နယ်သစ်တော၊ ခရိုင်သစ်တောတို့တွင် ပြည့်စုံစွာမရခဲ့ခြင်းကြောင့် နယ်ခံဝန်ထမ်းဟောင်းများ၊ အနီးဝန်းကျင် အဓိကပင်ဝယ်ကျေးရွာရှိ သစ်တောစိုက်ခင်းလုပ်ကိုင်ခဲ့ဖူးသော ဒေသခံများအား စုံစမ်းမေးမြန်း၍ ဆောင်ရွက်ခဲ့ရပါတယ်၊

အဆိုပါ စိုက်ခင်းသည် မူလက(9'×9')ပန္နက်ဖြင့် စိုက်ပျိုးခဲ့သည်ဟုသိရပြီး ၁၉၉၀ ခုနှစ်လောက်က ပင်ကျပ်နှုတ်ခဲ့သည်ဟု သိရှိရပါတယ်။ စိုက်ခင်းအပင်ပေါက်ရောက်တည်ရှိမှုသည် မနည်းလေး၊ မြစ်ကြီးနားကားလမ်းနှင့် နီးသောအခြမ်းတွင် ကောင်းမွန်ပြီး အတွင်းပိုင်းရောက်လေ အပင်ကျဲသွားလေဖြစ်ကြောင်း တွေ့ရှိရ၏၊ နှစ်ကွင်းတိုင်းကိရိယာဖြင့် နှစ်ကွင်းတိုးပွားမှုကို လေ့လာရာ စတင်စိုက်ပျိုးနှစ်မှ (၁၀)နှစ်ခန့်အထိ တစ်လက်မလျှင် နှစ်ကွင်း(၅)ကွင်းခန့်ရှိပြီး (၁၀)နှစ်နောက်ပိုင်း တစ်လက်မလျှင် နှစ်ကွင်း(၁၂)ကွင်းခန့် စိတ်လာသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် အဆိုပါ စိုက်ခင်းသည် စိုက်ပျိုးပြီး (၁၀)နှစ်သားခန့်အတွင်း ပုံသေပင်ကျပ်နှုတ်ခြင်းကို ပုံမှန်ဆောင်ရွက်ခဲ့သည်ဟုသုံးသပ်ရပြီး၊ (၁၀)နှစ်နောက်ပိုင်းကာလများတွင် ပြုစုထိန်းသိမ်းမှုအားနည်းခဲ့သည်ဟု သုံးသပ်ရပါသည်။ သင်တန်းသားများအား အဖွဲ့(၁၅)ဖွဲ့ခွဲပြီး တစ်ဖွဲ့လျှင် (၀.၂)ဧက (66'×132') နမူနာကွက်များ သတ်မှတ်စေ၍ ပလပ်စတစ်ကြိုးများဖြင့် အကွက်နယ်နိမိတ် သတ်မှတ်စေခဲ့ပါသည်။ ပင်ကျပ်နှုတ်အဆင့်ကို D.grade သတ်မှတ်စေခဲ့ပြီး နမူနာ ကွက်များတွင် Site quality ရှာဖွေစေခဲ့ပါသည်။ Site quality အား နမူနာကွက်အတွင်းရှိ လွှမ်းမိုးမှုအရှိဆုံး အပင်(၃)ပင်၏ အမြင့်ကို တိုင်းတာ၍ ပျမ်းမျှအမြင့် ရှာဖွေစေခဲ့ပါသည်။ ပျမ်းမျှအမြင့်အား နှစ်နားညီထောင့်မှန်တြိဂံနည်းဖြင့် တိုင်းတာစေခဲ့ပါသည်။ တိုင်းတာပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁' အရှည်စီရှိသော ဝါးလုံးအသေး (၂)လုံးအား ပုံပါအတိုင်း ထောင့်မှန် (AB နှင့် BC ) ချိုး၍ အဆစ်



မပါသော(ဒိုးယိုပေါက်မြင်ရသော) ဝါးလုံးအားထောင့်မှန်ခံအနားအတိုင်း (AC)တပ်ဆင်၍ (၄')အရှည် ဝါးလုံးထောက်တိုင်ပြုလုပ်ပါသည်။ ထိုတိုင်အားကိုင်၍ ဝါးလုံးပေါက်မှ(AC)အတိုင်း သစ်ပင်ထိပ်ဖျားသို့ မြင်ရသည့်နေရာသို့ ရှေ့တိုးနောက်ဆုတ်ချိန်ပြီး အပင်အဖျားကိုတွေ့ရသည့် နေရာတွင်ရပ်ပြီး A အမှတ်နေရာမှ သစ်ပင်အထိ အကွာအဝေးတိုင်းတာပါသည်။ ထိုအကွာအဝေးအား ထောက်တိုင်၏ အမြင့်(၄') ထည့်ပေါင်းခြင်းဖြင့် သစ်ပင်၏အမြင့်ကို အနီးစပ်ဆုံးရရှိပါသည်။

- A သည် လူမှသစ်ပင်ထိပ်ဖျားကြည့်သည့်နေရာ
- B သည် မြေပြင်မှ ၄ပေ အကွာရှိသစ်ပင်အမြင့်နေရာ
- C သည် သစ်ပင်ရွက်အုပ် ထိပ်ဖျားနေရာ
- D သည် မြေပြင်မှ သစ်ပင်ပင်စည်စထွက်နေရာ
- AB သည် BC နှင့် အကွာအဝေးတူ –∴ $AB_1$ သည် $AC_1$ နှင့် အကွာအဝေးတူ
- C1 Dသည် သစ်ပင်တစ်ခုလုံး၏ အမြင့်ဖြစ်၍ $C1D = B_1C_1 + B_1D$

တစ်နည်းအားဖြင့် သစ်ပင်အမြင့် = $B_1C_1$ + ၄'

တြိဂံနှင့် တိုင်းတာမှု စနစ်တကျဆောင်ရွက်ပါက (ဝါးပင်များကိုနမူနာတိုင်း၍ခုတ်လှဲစစ်ဆေးရာ)ကွာဟမှု ၆" မှ ၁၂" အတွင်းသာ ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။

နမူနာကွက် (၁၅)ကွက်တွင် Site qualityတူရာစုစည်း၍ အမြင့်ဆုံးအပင်များ၏ ပျမ်းမျှအမြင့် ရှာဖွေရာ(၅၆') ရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် yield table ဇယား (၁)၊ စိုက်ခင်းအသက် (၂၁)နှစ် အတန်းအစားတွင် အမြင့်ဆုံး အပင်အမြင့် (၅၆')ကို ရှာဖွေရာ SQ IV ဖြစ် ကြောင်း တွေ့ရှိရသဖြင့် စိုက်ခင်း၏ SQ ကို IV ဟု သတ်မှတ်ခဲ့ပါသည်။ ပထမနေ့တွင် SQ ရှာမည့် အဆင့်နှင့် ရပ်နားခဲ့ပါသည်။

ညနေပိုင်းတွင်နမူနာကွက်အတွင်း အပင်တိုင်းတာစာရင်းပြုစုခြင်း၊ ပျမ်းမျှရင်စို့ဖြတ်ပုံဧရိယာ ရှာဖွေတွက်ချက်ခြင်း၊ yield table အရ ချန်ပင်နှင့်ခုတ်လှဲပင်တွက်ချက်ခြင်းသင်ခန်းစာများပို့ချခဲ့ပါသည်။

ဒုတိယနေ့တွင် သင်တန်းသားများမှာ တက်ကြွစွာဖြင့် အပြိုင်အဆိုင်လုပ်ငန်း ဆောင်ရွက်ရန် စိုက်ခင်းသို့ ချီတက်ကြပြီး ယခင်နေ့ညက ရှင်းလင်းခဲ့သော လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြတော့သည်။ ချန်ပင်တိုင်းတာစာရင်းပြုစုသည်၊ ပျမ်းမျှရင့်စို့ဖြတ်ပုံဧရိယာရှာဖွေတွက်ချက်သည်၊ အဆင်ပြေ၏။ အဲ– လာပြီ yield table အရ ချန်ပင်ခုတ်လှဲပင်တွက်ချက်ရာတွင် ပြဿနာတွေ့ပြီ၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကျွန်တော့်ထံရောက်လာပြောကြပြီ၊ ဆရာ ကျွန်တော်တို့အတွက်က နုတ်စရာမလိုတော့ဘူး၊ တစ်ပင်တည်းနုတ်ရမှာဟုတ်ပါ့မလား၊ ပြန်တောင်စိုက်ပေးရမဲ့အခြေအနေဖြစ်နေတယ်၊ ကျွန်တော်တို့မှားပြီထင်တယ်၊အခြေအနေအခက်အခဲအမျိုးမျိုးကျွန်တော့်ဆီ ဦးတည်ရောက်ရှိလာချေပြီ၊ ကျွန်တော့်အနေ ဖြင့် အဖွဲ့အားလုံးအား စုဝေးစေပြီး အခြေအနေအဆိုးဆုံး အဖွဲ့ရဲ့အကွက်ကိုသွားကြမယ်၊ အားလုံးလိုက်ခဲ့ကြရန်ပြောကြားပြီး အဖွဲ့(၉)၏ နမူနာကွက်သို့ ချီတက်ခဲ့ပါသည်။

အဖွဲ့(၉)၏ နမူနာကွက်အတွင်း ပင်ကျပ်မနုတ်မီ အတိုင်းစာရင်းကို ကြည့်ရှုရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ပျမ်းမျှရင်စို့ဖြတ်ပုံဧရိယာ = ၇.၁၁၅ / ၂၅

= ၀.၂၈၄၆ စ/ပေ

∴ပျမ်းမျှအချင်း = ၈ .၂၈ လက်မ

| စဉ် | လုံးပတ်အတန်းအစား | အပင်အရေအတွက် | ပျမ်းမျှလုံးပတ် (လက်မ) | ပျမ်းမျှရင်စို့ဖြတ်ပုံဧရိယာ (စ/ပေ) | ရင်စို့ဖြတ်ပုံဧရိယာပေါင်း (စ/ပေ) |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ၁'.၀" မှ ၁'၅" | ၃ | ၁၄ | ၀.၀၉၈ | ၀.၁၉၆ |
| ၂ | ၁'၆" မှ ၁'၁၁" | ၉ | ၂၂ | ၀.၂၁၀ | ၂.၁၀၀ |
| ၃ | ၂'၀" မှ ၂'၅" | ၁၀ | ၂၈ | ၀.၃၄၀ | ၃.၄၀၀ |
| ၄ | ၂'၆" မှ ၂'၁၁" | ၃ | ၃၃ | ၀.၄၇၃ | ၁.၄၁၉ |
| | | ၂၅ | | | ၇.၁၁၅ |

Yield table အရ ချန်ပင်နှင့် ခုတ်လှဲပင်တွက်ခြင်း

- Yt အရ SQ IV ဇယား၌
- အသက် (၂၁) နှစ် အနီးစပ်ဆုံး (၂၀) နှစ်အတန်းအစားတွင် တစ်ကေချန်ရမည့် အပင်= ၂၀၃ ပင်ဖြစ်၍
- နမူနာကွက်(၀.၂)ကေတွင်= ၂၀၃ × ၀.၂ = ၄၀ပင်
- ဇယားမှာ စာတိုင်(၂)က နမူနာကွက်ထဲရှိသမျှ အပင်အားလုံးရဲ့ လုံးပတ်အတန်းအစား
- စာတိုင် (၃) က လုံးပတ်အတန်းအစားအလိုက် ရှိနေတဲ့အပင်အရေအတွက်
- စာတိုင် (၄) က ပျမ်းမျှယူထားတဲ့ လုံးပါတ်
- စာတိုင် (၅) က Yt III စာတိုင် Girth in inches ထဲက လုံးပတ် ၁၆ နဲ့ တစ်တန်းထဲ အလျားလိုက် BA in sq ft စာတိုင်ထဲက ကိန်းဂဏန်းပါ
- စာတိုင်(၆)က စာတိုင်(၅)ကိန်းဂဏန်းကို အပင်အရေအတွက်စာတိုင်(၃)ထဲကဂဏန်းနဲ့မြှောက်တဲ့ရလဒ်ပါ

ဤစိုက်ခင်းအား D အဆင့်ဖြင့် ပင်ကျပ်နုတ်မည်ဆိုပါက တစ်ကေချန်ထားရမည့်အပင် (၂၀၃)ပင် နမူနာကွက်(၀.၂)ကေတွင် ချန်ထားရမည့် အပင်(၄၀)ပင် ဖြစ်နေသဖြင့် နမူနာကွက်အတွင်း လက်ရှိအပင်မှာ(၂၅)ပင်သာရှိနေသောကြောင့် ပင်ကျပ်နုတ်ရန်မဆိုနှင့် ပြန်စိုက်ပေးခဲ့ရမည့် အခြေအနေမျိုးကြုံတွေ့ရမှုကြောင့် အဖွဲ့(၉) အနေဖြင့် ကျွန်တော့်ထံ ညည်းတွားရောက်ရှိလာခြင်းဖြစ်သည်။ ကျွန်တော်မှ အဖွဲ့(၉)ကျောင်းသားများအား "ND check လုပ်ကြည့်သေးလား"မေးရာ အပင်တစ်ဝက်နီးပါးလောက်ကွာနေတာကြောင့် ND check မလုပ်သေးဘဲ ဆရာထံ လာရောက်တင်ပြခြင်းဖြစ်ကြောင်း တင်ပြသဖြင့် ၎င်းတို့အား ND check လုပ်ရန် ကျန်ကျောင်းသားများပါ အဖွဲ့(၉)၏ အကွက်ကို ND check လုပ်ပြီး အဖြေပြန်တင်ပြရန် ပြောကြားလျက် ကျွန်တော်ကိုယ်တိုင်လည်း ND check ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့တစ်ဖွဲ့၊ နှစ်ဖွဲ့လောက်မှလွဲ၍ ကျန်အဖွဲ့များ၏ ရလဒ်နှင့် ကျွန်တော်တွက်ချက်သောရလဒ်များ တူညီစွာထွက်ပေါ်ပါသည်။

ND check လုပ်ခြင်းဆိုသည်မှာ အကွက်တွင်းရှိနေသောအပင်အရေအတွက်အလိုက် အပင်များ၏ အချင်းတိုးပွားမှုကို နှိုင်းယှဉ်တွက်ချက်ခြင်း ဖြစ်သည်။ နမူနာကွက်အတွင်း ကောက်ယူထားသော အပင်စာရင်းမှ တွက်ချက်ထားသော ပျမ်းမျှအချင်း ၈.၂၈ လက်မကို ဇယား (၂)တွင် တိုက်ဆိုင်ကြည့်ရာ SQ IV တွင် အနီးစပ်ဆုံး (၈.၁) ရှိသဖြင့် Dအဆင့်ဖြင့် ပင်ကျပ်နုတ်မည်ဆိုပါက တစ်ကေချန်ထားရမည့် အပင်ဦးရေ ဇယား၊ ကော်လံ၊ စာတိုင်(၅) တိုင်တွင်ကြည့်ကာ(၁၀၈)ပင် တွေ့ရှိရမည် ဖြစ်ပါသည်။

D အဆင့်ဖြင့် ပင်ကျပ်နုတ်မည်ဆိုပါက တစ်ကေလျှင် ချန်ရမည့် အပင် = ၁၀၈ ပင်

D အဆင့်ဖြင့် ပင်ကျပ်နုတ်မည်ဆိုပါက (၀.၂) ကေတွင် = ၁၀၈×၀.၂ = ၂၁ပင် ဖြစ်သည်။ မူလနမူနာကွက်အတွင်းရှိ အပင်မှာ (၂၅) ပင် ဖြစ်၍ ပင်ကျပ်နုတ်ရမည့် အပင်အရေအတွက်မှာ = ၂၅-၂၁ = ၄ ပင် ဖြစ်သည်။

Yield table အရ ပင်ကျပ်နုတ်ရန် မလိုအပ်သော်လည်း nd check အရ (၄) ပင် ခုတ်လှဲရမည်ဖြစ်ကြောင်း ရှင်းပြလိုက်မှ ကျောင်းသားများက "ဪဒီလိုလား ဆရာ"ဆိုပြီး ကျေနပ်သွားကြလေရဲ့ နုတ်မဲ့အပင်တွေကို ရွေးချယ်၍ နီးပတ်စေပြီး အခြားအဖွဲ့များကိုလည်း ကိုယ့်အကွက် ကိုယ်ပြန်၍ ဆောင်ရွက်စေပါသည်။ ဒုတိယနေ့တွင် yield table နှင့် nd checkတွေ အသုံးချပုံ ရှင်းလင်းပြီး ပင်ကျပ်နုတ်မည့် အပင်ရွေးချယ် မှတ်သားစေခြင်းဖြင့် ရပ်နားခဲ့ပါသည်။

တတိယနေ့ နံနက်တန်းစီချိန်တွင် ပင်ကျပ်နုတ်မည့်အပင်ရွေးချယ်ခြင်းကိစ္စနှင့် ပတ်သက်ပြီး တစ်ယောက်တစ်မျိုး အမျိုးမျိုး ပြောဆိုငြင်းခုံလျက် သူတို့၏ ယူဆချက်များ၊ သဘောထားကွဲလွဲချက်များ ကျွန်တော့်အား တင်ပြကြ၏။ ကျွန်တော့်အနေဖြင့် ကမနေ့ကအဖွဲ့(၉)၏ အကွက်တွင် စုမည်၊ အဖွဲ့များအနေဖြင့် အဖွဲ့(၉)မှ ရွေးချယ်ထားသော ပင်ကျပ်နုတ်မည့် အပင်နှင့်ပတ်သက်၍ ကိုယ့်အဖွဲ့တွင်း ဆွေးနွေးညှိနှိုင်း၍ အဖွဲ့ကိုယ်စား တစ်ဦးစီမှ တင်ပြဆွေးနွေးရန် မှာကြားပြီး အဖွဲ့(၉)၏အကွက်သို့ချီတက်ကြလေတော့သည်။ အဖွဲ့(၉)အနေဖြင့် ပင်ကျပ်နုတ်မည့် အပင်(၄)ပင်ရွေးချယ်ခဲ့ရာတွင် လုံးပတ် ၁' - ၀" မှ ၁' - ၅" နှင့် ၁' - ၆" မှ ၁' - ၁၁"အတွင်းရှိ (၄) ပင် ရွေးချယ်ခဲ့ကြောင်း သိရှိရပါသည်။ အဖွဲ့အတော်များများက ရွေးချယ်မှုကို သဘောတူလက်ခံခဲ့ပြီး အဖွဲ့(၂)ဖွဲ့ကသာလျှင် ကျွန်တော်စိတ်ကူးနှင့် တူညီခဲ့ပါသည်။ ၁' - ၀" မှ ၁' - ၅" (၂) ပင်မှာ အကွာအဝေး နီးကပ်လျက်ရှိပြီး ယင်းပတ်ဝန်းကျင်တွင် စုစုပေါင်း (၅) ပင်ရှိလျက် ရွက်အုပ်ပိတ်ခြင်းမရှိပဲ အလင်းရောင်လုံလောက်စွာ ရရှိလျက်ရှိပါသည်။ အဆိုပါနေရာတွင် (၂) ပင်စလုံး ခုတ်လှဲရန်မလိုပဲ တစ်ပင်ခုတ်လှဲမည်ဆိုလျှင် လုံလောက်ပါသည်။ ကျန်နေရာများတွင် အပင်များကျပ်နေခြင်း မဟုတ်သော်လည်း အကွက်၏ အလယ်နေရာတွင် အပင်(၅)ပင် အကွာဝေးညီရှိနေပြီး အပင်(၄)ပင်ကို အုပ်မိုးနေသော အပင်ကြီးတစ်ပင် တွေ့ရှိရသော်လည်း အဖွဲ့(၉)မှ ရွေးချယ်မှုမပြုပဲ အုပ်မိုးခံ (၄)ပင်ထဲမှ လုံးပတ်ငယ်သည့် အပင်တစ်ပင်ကိုလည်းကောင်း၊ တစ်နေရာတွင် ခေါင်ကျိုးနေသောအပင်ကိုမရွေးပဲ ငယ်သောအပင် အပေါ်ပိုင်းတစ်ဝက်၌ ခွဖြစ်နေသော အပင်ငယ်ကို ရွေးချယ်ထားကြောင်း တွေ့ရှိရပါသည်။ ကျောင်းသားများအနေဖြင့် သစ်တောသစ်ပင်ကို ချစ်မြတ်နိုးသံယောဇဉ် ရှိလွန်းသဖြင့် အပင်ကြီး

ခုတ်လှဲရမည်ကို မရွေးချယ်လိုကြောင်း၊ ဤအရွယ်ရောက်ရန် အချိန်များစွာ ရင်းနှီးစောင့်ဆိုင်းရမည်ဖြစ်၍ အပင်ကြီးခုတ်လှဲဖို့ ရွေးချယ်ရန် ဆန္ဒမရှိကြောင်း နှမြောကြောင်း ပြောဆိုတင်ပြရာတွင် ကျွန်တော်မှ အောက်ပါအတိုင်း ရှင်းလင်းပြောဆိုမှ ကျေနပ်လက်ခံကြတော့သည်။

နမူနာကွက်အတွင်း အပင်စာရင်းကောက်ယူပြီး Yield Table အရ ပင်ကျဲနှုတ်မရပဲ၊ nd check လုပ်ပြီး ပင်ကျဲနှုတ်ရန် အပင်ရှိလာခြင်း၊ ပင်ကျဲနှုတ်ပင်ရွေးချယ်ရာတွင် အခြေအနေတူ တစ်ရပ်၌ အဘယ်ကြောင့် အပင်ကြီးကို ရွေးချယ်ရခြင်း အကြောင်းများ မေးမြန်းထားသည့် ကျောင်းသားများရှိသဖြင့် အားလုံးသဘောပေါက်အောင် ကျွန်တော်၏ ယူဆချက်များအား ရှင်းလင်းပြောဆိုရပေတော့သည်။

ဒီလိုရှိတယ် တပည့်တို့ရေ စီးပွားရေးစိုက်ခင်းတစ်ခုမှာ ပထမအကြိမ်၊ ဒုတိယအကြိမ် ပင်ကျဲနှုတ်မယ်ဆိုရင် အပင်ကြီးတာ၊ ငယ်တာ၊ ခွပင်ဖြစ်တာ၊ မဖြစ်တာ ကောင်းတာ၊ မကောင်းတာတို့ သိပ်မစဉ်းစားဘူး၊ အကွာအဝေးညီဖို့နဲ့ အရေအတွက်ကိုပဲ အဓိကစဉ်းစားတယ်၊ ဥပမာ – တစ်ဧကအပင်(၆၀၀)စိုက်ထားရင် တစ်ပင်ကျော်နှုတ်ပြီး(၅၀ %)တစ်ဝက်ကျန်ဖို့ပဲ စဉ်းစားတယ်၊ ဒုတိယအကြိမ်မှာလည်း တစ်တန်းကျော် အကုန်နှုတ်ပြီး ပထမအကြိမ် ကျန်ရမဲ့အရေအတွက်ရဲ့တစ်ဝက်ကျန်ဖို့ပဲလိုတယ်၊ အကွာအဝေးညီရမယ်၊ ဘာလို့ အကွာအဝေးညီဖို့ စဉ်းစားတာလဲဆိုတော့ ထိုင်ခုံတစ်ခုံဟာ လူတစ်ယောက်ထိုင်ဖို့ပဲ ဒါမှ ကြာရှည်ခံမှာ၊ ၃ယောက်၊ ၄ယောက်ထိုင်ရင် ခဏနဲ့ပျက်စီးမယ်၊ မလိုလားအပ်တဲ့ပြဿနာဖြစ်မယ်၊ ဒီလိုပဲ သစ်ပင်တစ်ပင်ရဲ့ လွတ်လပ်စွာ ရှင်သန်ကြီးထွားနိုင်ဖို့ လိုအပ်တဲ့ မြေ၊ ရေ၊ အာဟာရ၊ အလင်းရောင်ရရှိဖို့ လုံလောက်တဲ့မြေနေရာအကျယ်လိုအပ်တယ်၊ အဲဒီအတွက် လူသားတွေ (ငါတို့လို)သစ်တောပညာရှင်တွေက ဆောင်ရွက်ပေးရတယ်၊ ဒီနေရာမှာ တခုသတိပြုရမှာက ပထမအကြိမ်၊ ဒုတိယအကြိမ်တွေမှာ(၅၀ %)နှုတ် (၅၀ %) ကျန်ရမယ်ဆိုတာကို တစ်ချို့က မြေပြင်မှာရှိတဲ့ အပင်အရေ အတွက်လို့မှားပြီး ယူဆတာမျိုးရှိတယ်၊တကယ်က ပထမအကြိမ်ဆိုရင် မူလစိုက်ပင်အရေအတွက်ရဲ့ တစ်ဝက်ကို ဆိုလိုတာ၊ ဒုတိယအကြိမ်ဆိုရင် မူလစိုက်ပင်အရေအတွက်ရဲ့ (၂၅ %)ကို ဆိုလိုတာ၊ ဥပမာ– ပထမအကြိမ်ဆို မူလ(၆၀၀)ပင်စိုက်ရင် (၃၀၀)ပင် ချန်ကိုချန်ရမယ်၊ ဒုတိယအကြိမ်ဆို (၁၅၀)ပင် ချန်ရမယ်လို့ဆိုလိုတာပဲ၊ ဒါဟာ ပုံသေပင်ကျဲနှုတ်ခြင်း Mechanical Thinning ပဲ၊ အဲဒီမှာမှ စိုက်ခင်းရဲ့ရှင်သန်အောင်မြင်မှုဟာ ပုံမှန်မဟုတ်ခဲ့ရင် ထိန်းချုပ်ပုံသေပင်ကျဲနှုတ်ခြင်း Control (or) Modify Mechanical Thinning ဆိုတာမျိုးလုပ်ရတာရှိတယ်၊ အဲ တတိယအကြိမ်မှာတော့ ရွေးချယ်ပင်ကျဲနှုတ်ခြင်း လုပ်ရတယ်၊ ဒါဟာ ထိုက်သင့် လုံလောက်တဲ့ အပင်အကွာအဝေးရရှိပြီးဖြစ်လို့ အပင်ရဲ့ကြီးထွားနှုန်း၊ ရင်စို့ဖြတ်ပုံဧရိယာကို တွက်ချက်ပြီး ဆောင်ရွက်ရတဲ့အဆင့်ဖြစ်သွားပြီ၊ အပင်တစ်ဝက်လောက် နှုတ်ပစ်တာမှန်ပေမဲ့ အကွာအဝေးညီမဟုတ်တော့ဘူး၊ နှုတ်ရမဲ့အပင်ရဲ့ အပြစ်အနာအဆာ သတ်မှတ်ချက်တွေရှိသလို သစ်တောပညာရှင်တွေရဲ့ ဦးနှောက်သုံး ဆုံးဖြတ်ရမဲ့အခြေအနေဖြစ်ပြီး အတွေ့အကြုံလိုလာပြီး ရဲရဲဆုံးဖြတ်တတ်ဖို့နဲ့ ဆုံးဖြတ်ချက်မှန်ကန်ဖို့ အရေးကြီးလာပြီ၊ ရည်ရွယ်ချက်က စတုတ္ထအကြိမ် (သို့) နောက်ဆုံးအကြိမ် ပင်ကျဲနှုတ်ပြီးရင် တစ်ဧက အပင်(၄၀) မှ ဝန်းကျင်ကျန်ဖို့ဖြစ်တယ်၊ ဒါဟာ စနစ်တကျ တွက်ချက်ထားတဲ့ စီးပွားရေးစိုက်ခင်းတစ်ခုရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ရရှိမဲ့အကျိုးအမြတ်ပဲ၊ အဲဒီနောက်ဆုံး တတိယအကြိမ်၊ စတုတ္ထအကြိမ် ပင်ကျဲနှုတ်ခြင်းဟာ ရွေးချယ်ပင်ကျဲနှုတ်ခြင်း Selection Thinning ပဲ၊ အဲဒီစနစ်မှာ အရေးကြီးတာက နှမြောစိတ်ကို မေ့ထားဖို့ပဲ၊ ဆရာလည်း သစ်ပင်ချစ်တာပေါ့၊ သံယောဇဉ်ရှိတာပေါ့၊ နှမြောတတ်တာပေါ့၊ ဒါပေမဲ့ အပင်အများကောင်းဖို့ဆိုရင် ဗိုလ်ကျစိုးမိုးနေတဲ့ အပင်ကြီးကိုလည်း စတေးသင့်စတေးရမှာပဲ၊ ဆရာတို့ မင်းတို့အရွယ်တုန်းက မောင်နှမအချင်းချင်း ဗိုလ်ကျရင်၊ လူလည်ကျရင် မိဘများက ရိုက်နှိုက်အပြစ်ပေးဆုံးမသလိုပေါ့ မိဘတွေက ဆရာတို့ မင်းတို့ကို လိမ္မာစေချင်တယ်၊ စိတ်ဓာတ်ကောင်းစေချင်တယ်၊ ကောင်းစားတာကို မြင်ချင်တယ်၊ ဒါကြောင့် အကြီးအငယ် မခွဲခြားပဲ ဆုံးမသင့်သူကို ဆုံးမတာပေါ့ ၊ ဆရာတို့လည်း အပင်အကြီးကြီးတွေ ကြည့်ပဲ လိုချင်တာပေါ့၊ ဖြစ်စေချင်တာပေါ့၊ ဒါပေမဲ့ အပင်ကြီးတစ်ပင်ထဲ ဖြစ်ထွန်းပြီး ကျန်(၄–၅)ပင်ကို ဖိနှိပ်ထားမယ်၊ လွှမ်းမိုးထားမယ်ဆိုရင် ကျန်အပင်အများကောင်းဖို့ အပင်ကြီးကို နှုတ်သင့်နှုတ်ရမှာပဲပေါ့၊ ဒီလောက်ဆို မင်းတို့ရွေးချယ်တဲ့အပင် ဆရာတို့ရွေးချယ်တဲ့အပင် ဘာကြောင့် မတူရသလဲ သဘောပေါက်လောက်ပါပြီလို့ ရှည်ရှည်ဝေးဝေး ရှင်းပြပြီး တတိယနေ့ကို အလုပ်သိမ်းခဲ့ရပါတယ်။

စတုတ္ထနေ့မှာတော့ ယခင်နေ့က ပြင်ဆင်ရွေးချယ်ခဲ့တဲ့ ပင်ကျဲနှုတ်မဲ့ အပင်စာရင်းပြုစုကြပါသည်။

အဖွဲ့(၉)၏ နမူနာကွက်အတွင်းခုတ်လှဲရန် ရွေးချယ်ခဲ့သောအပင်များ –

| စဉ် | ပေရှည် | ခါးလယ်လုံးပါတ် |
|---|---|---|
| ၁ | ၂၄' | ၁'၃" |
| ၂ | ၁၀' | ၁'၁၀" |
| ၃ | ၂၄' | ၁'၉" |
| ၄ | ၂၆' | ၂'၁" |

## ပင်ကျပ်နုတ်ပြီး ချန်ပင်အတိုင်းစာရင်း

| စဉ် | လုံးပါတ်အတန်းအစား | အပင်အရေအတွက် | ပျမ်းမျှလုံးပါတ် (လက်မ) | ပျမ်းမျှ (B.A) | ရင်စို့ဖြတ်ပိုင်းဧရိယာ |
|---|---|---|---|---|---|
| ၁ | ၁'-၀" မှ ၁'-၅" | ၁ | ၁၅ | ၀.၀၉၈ | ၀.၀၉၈ |
| ၂ | ၁'-၆" မှ ၁'-၁" | ၈ | ၂၂ | ၀.၂၁၀ | ၁.၆၈၀ |
| ၃ | ၂'-၀" မှ ၂'-၅" | ၉ | ၂၈ | ၀.၃၄၀ | ၃.၀၆၀ |
| ၄ | ၂'-၆" မှ ၂'-၁၁" | ၃ | ၃၃ | ၀.၄၇၃ | ၁.၄၁၉ |
| | | ၂၁ | | | ၆.၂၅၇ စ/ပေ |

နမူနာကွက် (၀.၂) ဧက ၏ ရင်စို့ဖြတ်ပိုင်းဧရိယာ = ၆.၂၅၇ စ/ပေ

(၁.၀) ဧက ၆.၂၅၇× ၁.၀ ×၅= ၃၁.၂၈၅ / ၀.၂ စ/ပေ

နမူနာကွက်အား တန်ဖိုးဖြတ်ခြင်းကို အောက်ပါပုံသေနည်းဖြင့် တွက်ချက်နိုင်ပါသည်။

ပင်ပြည့်ဧရိယာ= စုစုပေါင်းရင်စို့ဖြတ်ပိုင်း ဧရိယာ (စ/ပေ) / Potential Area Yield Table &Sd SQIV တွင်တစ်ဧကရှိရင်စို့ဖြတ်ပိုင်းဧရိယာပေါင်း

= ၃၁.၂၈၅ / ၃၃.၁ = ၉၅ရာခိုင်နှုန်း

နမူနာကွက်၏ ပင်ပြည့်ဧရိယာသည် ၀.၉၅ရာခိုင်နှုန်းရှိသည့်အတွက် ပင်ကျပ်နုတ်ခြင်းသည် မှန်ကန်လုံလောက်သော ပင်ကျပ်နုတ်ခြင်းဖြစ်သည်ဟု သတ်မှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

ကျွန်တော်တွက်ချက်ရှင်းလင်းပြပြီး အဖြေထွက်လာသည်နှင့် ကျောင်းသားများ သဘောပေါက်ပြီ ဆရာ ဟုပြောပြီး ပုဆိန်၊ ဓားနှင့် ငါးမန်းလွှများကိုင်၍ သူတို့ရွေးချယ်ထားသည့် ပင်ကျပ်နုတ်မည့်အပင်များဆီသို့ အလုအယက်ပြေးလွှားသွားကြတော့သည်။ ဤသို့ဖြင့် စီးပွားရေးစိုက်ခင်း (၁၀၀)ဧကအား စနစ်တကျနည်းစနစ်မှန်မှန်ဖြင့် ပင်ကျပ်နုတ်လုပ်ငန်းကို ( ပင်ကျပ်နုတ်ခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဆွဲယူခြင်း၊ ကားခံသို့ သယ်ထုတ်ခြင်း၊ သက်ဆိုင်ရာတံဆိပ်ရိုက်မှတ်ခြင်း၊ မြို့နယ်သစ်တောသို့အပ်နှံခြင်း၊ တစ်ကွက်စီ၏ ပင်ကျပ်နုတ်အစီရင်ခံစာနှင့် ဧက(၁၀၀)ပင်ကျပ်နုတ်လုပ်ငန်း ပြီးစီးကြောင်းအစီရင်ခံစာ၊ ပင်ကျပ်ပုံစံ (၁) (၂)တို့ကို လုပ်ထုံးလုပ်နည်းအတိုင်း ပြုစုဆောင်ရွက်ခဲ့ရာ (၃၀)ရက်ခန့်သာကြာခဲ့သော်လည်း ကျွန်တော် သင်ကြားပြသခဲ့သည့် ကျောင်းသားများအနေဖြင့်လည်းကောင်း၊ ဤလုပ်ငန်းအတွေ့အကြုံစာစုကို ဖတ်ရသောညီနောင်တို့အနေဖြင့်လည်းကောင်း၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းကို လုပ်သက် (၃၀)နှစ်တိုင်အောင် မမေ့အောင် မှီငြမ်းဆောင်ရွက်၍ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် ကျွန်တော်ဝမ်းသာကျေနပ်ပါ၏။

**သစ်တောအလုပ်ရဲရဲလုပ်နိုင်ကြပါစေ။**

မှတ်ချက် –

- ပင်ကျပ်ပုံစံ (၁) စိုက်ခင်းပင်ကျပ်နုတ်ခြင်းအစီရင်ခံစာအကျဉ်းချုပ်
- ပင်ကျပ်ပုံစံ (၂) ကားခံ၊ လှည်းခံအထိ စုပုံထားသော ပင်ကျပ်တိုင်စာရင်း
- ပင်ကျပ်ပုံစံ (၃) ပင်ကျပ်တိုင်ထုတ်ယူရန် ED မှ MTE သို့ အကြောင်းကြားသောစာရင်း (သက်ဆိုင်ရာမြို့နယ်မှ ဆောင်ရွက်ရန်)
- ဇယား (၁) ကျွန်းစိုက်ခင်းများ၏ အဆင့်အတန်းနှင့် အသက်အလိုက် အမြင့်ဆုံးအပင်များ၏ ပျမ်းမျှအမြင့်များ
- ဇယား (၂) ကျွန်းစိုက်ခင်း၏ အသက်အလိုက် ပုံမှန် အချင်း၊ လုံးပတ်၊ တစ်ဧကလျှင် ရှိသင့်သော အပင်ဦးရေများ (စီအဆင့်၊ ဒီအဆင့်၊ အီးအဆင့်နှင့် ရင်စို့ဖြတ်ပိုင်းဧရိယာ စတုရန်းပေ )

မှီငြမ်း

- SOP
- MFS(1998-2000)လက်တွေ့ပင်ကျပ်နုတ်အစီရင်ခံစာ

# ဓာတ်ပုံပညာ



**ကျော်ကေကေစု**





ယနေ့ခေတ်သည် ပွင့်လင်းမြင်သာပြီး မြန်ဆန်သွက်လက်သည့် သတင်းအချက်အလက်နည်းပညာခေတ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်သည့်ဝန်ထမ်းများသည် မိမိတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်၍ အထက်အဆင့်ဆင့် သို့တင်ပြရာတွင် အရည်အသွေးနှင့် အသွင်သဏ္ဌာန်များဖော်ပြရန်အတွက် ဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယိုမှတ်တမ်းများဖြင့် တင်ပြဆောင်ရွက်လျက်ရှိပါသည်။

ယခုအချိန်အခါ၌ ဓာတ်ပုံပညာသည် လူအချင်းချင်းဆက်သွယ်ရာတွင် လက်တွေ့ကျသည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း၊ ဓာတ်ပုံတစ်ပုံကို အများသူငါနှစ်သက်လေ အသုံးဝင်လေဖြစ်ကြောင်း သိမြင်ကြုံတွေ့ရပါသည်။

အကယ်တန္တ ဓာတ်ပုံပညာသည် ရုပ်ပြဘာသာစကားတစ်ခုဖြစ်သည့်အပြင် တစ်စုံတစ်ရာသောအကြောင်းကို ကျိုးကြောင်းခိုင်လုံစွာပြောကြားလိုလျှင်ဖြစ်စေ၊ သက်သေပြလိုလျှင်ဖြစ်စေ ဆက်သွယ်ဆက်စပ် အသုံးချနိုင်ပေသည်။ အတွေးအခေါ်များ၊ရည်ရွယ်ချက်များ၊ဆန္ဒသဘောထားများသည် အရေးကြီးသည်မှာ မှန်ကန်သော်လည်း ရုပ်ပုံ၊ ဓာတ်ပုံများအဖြစ်ထိရောက်စွာ ကူးလူးဖလှယ်ပုံဖော်နိုင်ခြင်းမရှိပါက အကောင်းဆုံးသောအတွေးအခေါ်များ၊ ဆန္ဒများသည်ပင်လျှင် အချည်းနှီး၊ အလဟဿဖြစ်သွားနိုင်ပေသည်။ မိမိဆိုလိုရင်းကို ရှင်းလင်းပြတ်သားစွာ တင်ပြနိုင်သည့် ကျွမ်းကျင်မှုသည် စာရေးဆရာတွင် သာမက ရုပ်ပြဘာသာစကားဖြင့် ပုံဖော်တင်ပြရာတွင်လည်း ထပ်တူထပ်မျှအရေးကြီးပေသည်။

မိမိအသုံးပြုလိုသော သင်္ကေတ၊ သရုပ်ဖော်မှုများကို ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းသည် အောင်မြင်မှုအတွက် အလွန်အရေးပါပေသည်။ စာရေးဆရာများအတွက် ယင်းသင်္ကေတများသည် စကားလုံးများဖြစ်သည်။ ယင်းတို့ကို အဓိပ္ပါယ်အတွက်ဖြစ်စေ၊ သရုပ်ဖော်မှုအားမာန်အတွက်ဖြစ်စေ၊ အသံအတွက်ဖြစ်စေ၊ ကောင်းမွန်အောင်ရွေးချယ်ရသည်။ ဓာတ်ပုံဆရာတစ်ဦး၏ သင်္ကေတ၊ သရုပ်ဖော်မှုများအနက် အရေးကြီးသည့်အချက်အချို့ကို ဥပမာပြုဖော်ပြရသော် အဝေး၊ အနီးနိုင်းယှဉ်ချက်၊ အမှောင်ရိပ်၊ ရုပ်ပုံကားချပ်၏ ကြည်လင်ပြတ်သားမှု (သို့မဟုတ်)ဝိုးတဝါးဖြစ်မှုတို့အပေါ် မူတည်ပါသည်။ သို့သော် ယင်းသင်္ကေတသရုပ်ပြမှုကို နည်းလမ်းအသွယ်သွယ်ဖြင့် ပုံဖော်၍မှတ်တမ်းတင်ထားစေကာမူ ပီပြင်ထိရောက်ပြီဟု တထစ်ချမမှတ်ယူနိုင်ပေ။စာရေးဆရာတစ်ဦးသည် မိမိရေးသားလိုသော အကြောင်းအရာတစ်ခုအတွက် အထိရောက်ဆုံး၊ သရုပ်၊ သကန်အပေါ်လွင်ဆုံးစကားလုံးကို သံတူကြောင်းကွဲစကား လုံးများစွာထဲက ရွေးချယ်၊ ထုတ်နုတ်ဖော်ပြရေးသားနိုင်ပေသည်။ အလားတူ ဓာတ်ပုံဆရာတစ်ဦးသည်လည်း ထူးထွေများပြားသော သင်္ကေတများစွာထဲက မိမိဖော်ပြလိုသောအတွေးအခေါ်၊ အယူအဆတစ်ရပ်ကို တိကျစွာ ဖော်ညွှန်းနိုင်စွမ်းရှိသည့်သင်္ကေတ၊ မြင်ကွင်းကိုရွေးချယ်ရိုက်ကူးဖော်ပြပေးနိုင်သည်။

သို့သော်လည်း အများတကာလက်ခံသည့် ထုံးစံဖြစ်နေသော သမားရိုးကျရှုမြင်သုံးသပ်နည်းများကိုသာ အသုံးပြုရန် ကန့်သတ်ထားပါကလည်းကောင်း၊ နည်းပညာကျွမ်းကျင်မှုမရှိပါကလည်းကောင်း၊ မိမိ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို မိမိဘာသာ တိကျပြတ်သားစွာ သတ်မှတ်နိုင်စွမ်းမရှိပါကလည်းကောင်း စသည့်အကြောင်းများစွာတို့ကြောင့် ဓာတ်ပုံဆရာအများစုသည် စနစ်တကျ ရွေးချယ်သည့်အလုပ်ကို အပင်ပန်းခံ၊ အနှံ့အတာခံ၍ ကြိုးပမ်းအားထုတ်ခြင်းမပြုကြတော့ဘဲ ကံကြမ္မာအခွင့်အခါ ကောင်းနှင့်ကြုံကြိုက်တိုက်ဆိုင်မှုကိုသာ မျှော်ကိုးဆောင်ရွက်ကြပေသည်။ သို့သော်လည်း အများတကာလက်ခံသည့် ထုံးစံဖြစ်နေသော သမားရိုးကျရှုမြင်သုံးသပ်နည်းများကိုသာအသုံးပြုရန် ကန့်သတ်ထားပါကလည်းကောင်း၊နည်း ပညာကျွမ်းကျင်မှုမရှိပါကလည်းကောင်း၊ မိမိ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို မိမိဘာသာ တိကျပြတ်သားစွာ သတ်မှတ်နိုင်စွမ်းမရှိပါကလည်းကောင်း စသည့်အကြောင်း များစွာတို့ကြောင့် ဓာတ်ပုံဆရာအများစုသည် စနစ်တကျ ရွေးချယ်သည့်အလုပ်ကို အပင်ပန်းခံ၊ အနှံ့အတာခံ၍ ကြိုးပမ်းအားထုတ်ခြင်းမပြုကြတော့ဘဲ ကံကြမ္မာအခွင့်အခါ ကောင်းနှင့်ကြုံကြိုက်တိုက်ဆိုင်မှုကိုသာ မျှော်ကိုးဆောင်ရွက်ကြပေသည်။

စာမျက်နှာ (၄၁) သို့ ➢ ➢



# သရော

*Excoecaria agallocha L*
EUPHORBIACEAE
Local name: Thayaw (သရော)

ဦးမိုးဇော်
လက်ထောက်ညွှန်ကြားရေးမှူး



ရာသီအလိုက်ရွက်ကြွေသော အပင်ငယ်အမျိုးအစား ဖြစ်ပါသည်။ အမြစ်များ အပင်ရင်းမှ မြေတစ်လျှောက်တွေ့ရပြီး ၎င်းတို့အပေါ်တွင် အပုအထစ်၊ lenticels (အပေါက်)များနှင့် ပြည့်နှက်လျက်ရှိပါသည်။ ပင်စည်မှ ပူလောင်သောအဖြူရောင်အစေးများစွာ ထွက်ရှိပါသည်။ ရှင်သန်ရန် ရေချိုလိုအပ်ပါသည်။ ကုန်းတွင်းပိုင်းတွင် အများဆုံးတွေ့ရှိရပြီး ဒီရေရောက်သစ်တောၾ၏အမြင့်ဆုံးအနားသတ်တွင် ပေါက်ရောက်သော ဒီရေတောသစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တားမြစ်ရာပါသစ်အဖြစ် သတ်မှတ်ထားပါသည်။





**အရွယ်အစားနှင့်ပုံသဏ္ဍာန်** ။ ၁၅ မီတာ အထိ မြင့်မားတတ်ပြီး ပုံသဏ္ဍာန်မမှန်သောရွက်အုပ် ရှိပါသည်။
**အခြစ်** ။ လေရှူမြစ် မထင်ရှားပါ။
**သစ်ရွက်ထွက်ပုံ** ။ ရွက်ထီး၊ ရွက်လွှဲ
**ရွက်ပြားပုံစံ** ။ အနားချွန်ထက်သောလွှန်းပုံ
**အရွက်ထိပ်များ** ။ ထိပ်ချွန်
**သစ်ရွက်အရွယ်အစား** ။ ၆ - ၉ စင်တီမီတာ ထိ ရှည်ပါသည်။
**အခြား** ။ သစ်ရွက်အောက်ခြေတွင် ဂလင်းနှစ်ခု ပါရှိပါသည်။
**သစ်ခေါက်** ။ မီးခိုးရောင်ရှိပြီး ပြောင်ချောဖြစ်သော်လည်း အချို့နေရာတွင် အဖုကလေးများ တွေ့ရပါသည်။ ပင်စည်လုံးပတ်မှာ ရင်စို့အချင်း ၁၅ စင်တီမီတာထိ ကြီးထွားပါသည်။

**သီသာထင်ရှားသော လက္ခဏာများ။**လိမ္မော်ရောင်မှသည် အနီပုတ်ရောင်အထိရှိသောကြွေခါနီးအရွက်များကို အမြဲလိုလိုတွေ့ရှိရခြင်း၊ မျက်စိနှင့်အရေပြားကိုပူလောင်စေသော အဖြူရောင်အစေးများထွက်ရှိပါသည်။

**ပန်းပွင့်။** ကြိုကြား ကြိုကြားနှင့် တစ်နှစ်ပတ်လုံးပန်းပွင့်ပါသည်။ ဝတ်မှုန်ချောင်းများဖြစ်ခြင်း၊ အပွင့်အောက်ရှိ ရွက်မှာအောက်ခြေတွင် ဝတ်ရည်များ ထုတ်ပေးနေသော ဂလင်းများရှိနေခြင်းတို့ကြောင့် အင်းဆက်များ အထူးသဖြင့် ပျားများဖြင့် ဝတ်မှုန်ကူးခြင်းမှာ ဖြစ်နိုင်ခြေနည်းသည်ဟု ယူဆရပါသည်။ သစ်ပင်တစ်ပင်တည်းတွင် အဖိုပွင့်၊အမပွင့် နှစ်မျိုးစလုံးမရှိပါ။ ပွင့်ကိုင်းမရှိဘဲ သေးငယ်သောအပွင့်ကလေးများသည် ခရုပတ်ထောင်မတ်၍ ပွင့်ပါသည်။

**ပန်းခိုင်** ။ အဖိုပွင့်ကြောင်မြီးပန်းခိုင်သည် ၇ စင်တီမီတာထိရှိပါသည်။ အမပွင့်သည် ပို၍ တိုပါသည်။ ကြားပန်းခိုင်ဖြစ်ပါသည်။

**ပွင့်ချပ်။** အစိမ်း နှင့် အဝါရောင်

**ပွင့်ဖတ်။** စိမ်းဝါရောင်

**အဖိုဝတ်ဆံတိုင်။** ၃ ခု၊ အဝါရောင်

**အရွယ်အစား။** အချင်း ၀.၂– ၀.၃ စင်တီမီတာ

**အခြား။** လိင်မစုံ ပန်းခိုင်

**အသီး**

အလုံး ၃ လုံးစုစည်းထားသော ပုံစံရှိပါသည်။ အသီးတွင် ညိုညစ်ညစ်အရောင်ရှိသောအစေ့များ ပါဝင်ပြီး အက်ကွဲကြောင်း တွေ့ရပါသည်

**အရွယ်အစား** ။ အချင်း ၀.၇ စင်တီမီတာ

**အရောင်** ။ အစိမ်း

**မျက်နှာပြင်** ။ သားရေနှင့်တူသောမျက်နှာပြင်

**မြန်မာပြည်တွင် ပျံ့နှံ့ပေါက်ရောက်ပုံ**

လူသုံးနည်းသစ်ဖြစ်သောကြောင့် အများအပြားကျန်ရှိနေပါသည်။ သို့သော် ဤသစ်မျိုးသည် ကုန်းတွင်းအမြင့်ပိုင်းတွင် ပေါက်သောကြောင့် ဒီရေတောမြေများ လယ်မြေအဖြစ် ပြောင်းလဲကြသည့်အချိန်တွင် အစောဆုံးခုတ်ထွင်ရှင်းလင်းခံခဲ့ရပါသည်။ သရောပင်များသည် ဒီရေတောမှ လယ်အဖြစ်ပြောင်းလဲသွားသောနေရာများတွင် တစ်ပင်စ၊နှစ်ပင်စဖြင့် နဂိုမူရင်း ဒီရေတောအား ညွှန်ပြရန်ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ လွန်ခဲ့သည့် ၂၅နှစ်ခန့်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် များစွာတွေ့ရှိရပါသည်။ လယ်ယာမြေတိုးချဲ့ခြင်းကြောင့် အပင်ကြီးများလုံးဝမတွေ့ရှိရတော့ပါ။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်အတွင်း ဒေသခံများ ထိန်းသိမ်းထားသောနေရာများနှင့် ဘိုကလေးမြို့နယ်၊ မိန်းမလှကျွန်းဘေးမဲ့တောတွင်သာ ခုတ်လွှန်တောပျက်အဖြစ်သာတွေ့ရှိနိုင်ပါသည်။ ရခိုင်ပြည်နယ် ဒီရေတောများအတွင်း အပင်ကြီးများတွေ့ရှိနိုင်ပါသေးသည်။ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒီရေတောများတွင်လည်း ကျနှ၊ ကနစိုပင်များနှင့် တွဲဖက်၍ အပင်ကြီးများကိုတွေ့ရှိရဆဲဖြစ်ပါသည်။

**အသုံးပြုပုံ**

အမြစ်အား သွားကိုက်ခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းခြင်းတို့တွင် ဆေးဝါးအဖြစ် အသုံးပြုပါသည်။ သစ်ကို ပန်းပုထုရာတွင် သုံးပါသည်။ မီးခိုးအလွန်အကျွံထွက်သောကြောင့် ထင်းအဖြစ်အသုံးမပြုပါ။ စက္ကူပျော့ဖတ်လုပ်ရာတွင်လည်း သုံးနိုင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် မီးခြစ်သစ်အဖြစ် သုံးပါသည်။ သစ်ပင်၏အစေးကြောင့် အချို့ငါးများသေစေပါသည်။ သစ်သားသည် ထုံသင်းသောရနံ့ရှိခြင်းကြောင့် ရောင်းတမ်းဝင်သော်လည်း နှစ်အနည်းငယ်အတွင်း ရနံ့ပျယ်နိုင်ပါသည်။ သစ်ပင်မှထွက်သောအစေးသည် အဆိပ်အတောက်ဖြစ်စေ၍ မျက်စိထဲဝင်ပါက အဖုအပိန့်များထွက်ပြီး အချိန်အနည်းငယ်အကြာ အမြင်အာရုံပျောက်ကွယ်နိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ ဒီရေတောအပင်မျိုးစုံမျိုးကွဲများနှင့် ဒီရေတောအပင် ပြုစုမျိုးထောင်စိုက်ပျိုးခြင်းနည်းပညာလက်စွဲစာအုပ် (GCP/MYA/010/ITA)(FAO Publication, 2013)မှ ထုတ်နုတ်ဖော်ပြချက်



# ကျွန်တော့်နာမည် အေဝမ်း



ဝင်းဦးနိုင်၊ လက်ထောက်သုတေသနအရာရှိ

ဟုတ်ပါ . . . ကျုပ်နာမည်ကအေဝမ်း။ ကျုပ်ကအခုတော့ တောမှာ အနေများလို့ တောသားလို ကျုပ်လို့သုံးလိုက်တာ ရိုင်းတယ်လို့တော့ မထင်လိုက်နဲ့နော်။ တကယ်တော့ ကျုပ်ရဲ့မွေးရပ်ဇာတိက နေပြည်တော်ဆိုတဲ့ မြို့ကြီးပြကြီးကပါ။ အခုတော့လည်း တောမှာအနေကြာလာလို့ တောသားလုံးလုံးဖြစ်မှန်းမသိဖြစ်နေပါပြီ။ ကျုပ်ကိုမွေးတုန်းကတော့ တော်တော်ခက်ခက်ခဲခဲနဲ့ မွေးခဲ့ရတယ်လို့တော့ ပြောကြတာဘဲ၊ ဒါကြောင့်လည်း ကျုပ်အရွယ်မရောက်ခင်အထိ ကျုပ်မိဘတွေကျုပ်ကိုတော်တော်ဂရုစိုက်ခဲ့ကြရတယ်။ ကျုပ်ကိုပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေတတ်၊ထိုင်တတ်ဖို့အတွက်လည်း အမျိုးမျိုးပြုပြင်ပေးခဲ့ကြတယ်လေ၊ ကျုပ်အဖေနဲ့အမေကလည်း မကြာခဏဆိုသလို ရွာကအမျိုးတွေဆီကို ခေါ်ခေါ်သွားပေးခဲ့ကြတယ်။ အဲ့ဒီတုန်းကတော့ ကျုပ်ကငယ်သေးတာဆိုတော့ ကြံ့ခိုင်မှုအားနည်းလို့ပင်ပန်းတဲ့ဒဏ်မခံနိုင်ဘူး။ ဒါကြောင့် ရွာက ပြန်လာတိုင်း အဖေနဲ့အမေက ကျုပ်ကိုပိုပြီးကြံ့ခိုင်လာအောင် အဖက်ဖက်ကနေ ပြုပြင်ပေးခဲ့ကြတယ်လေ။

တကယ်တော့ ကျုပ်အဖေနဲ့အမေက ကျုပ်ကို မွေးကတည်းကရည်ရွယ်ချက်ကြီးကြီးမားမားထားခဲ့တယ်ဆိုတာ ကျုပ်အရွယ်ရောက်လာမှ သိခဲ့ရတာပါ၊ အရွယ်ရောက်မှဆိုလို့ ကျုပ်ဒီနာမည်ကိုလည်းအရွယ်ရောက်မှ အဖေနဲ့အမေက သတ်သတ်မှတ်မှတ်ပေးခဲ့ကြတာပါ။ ငယ်ငယ်တုန်းကလား ငယ်ငယ်တုန်းကတော့ မောင်ထိုင်းဆိုပြီးအလွယ်ခေါ်ခဲ့ကြတာပေါ့၊ နောက်မှ ကျုပ်အဘိုးက ဒီနာမည်ကိုမကြိုက်လို့ တခြားနာမည်ပြောင်းဆိုလို့ ပြောင်းပေးခဲ့ကြတာတဲ့လေ။ ထားပါတော့ ကျုပ်နာမည်အကြောင်းရှည်ရှည်ဝေးဝေးမပြောပြချင်တော့ပါဘူး။ ကျုပ်ဆက်ပြောပြချင်တာက ကျုပ်အဖေနဲ့အမေရဲ့ ကျုပ်အပေါ်ထားတဲ့မျှော်လင့်ချက်ကိုပါ။ ကျုပ်တို့နိုင်ငံမှာ နိုင်ငံလူဦးရေရဲ့(၇၀)လောက်က ကျေးလက်ဒေသမှာနေကြတာဆိုပဲ၊ ကျုပ်လည်းကျုပ်အဖေနဲ့အမေပြောသံကြားဘူးလို့ပါ၊ ပြီးတော့ ကျေးလက်ဒေသတော်တော်များကလည်းမြို့ကြီး၊ ပြကြီးတွေလို လျှပ်စစ်မီးမရကြသေးတော့ သူတို့နေ့စဉ်ချက်ပြုတ်စားသောက်နိုင်ဖို့အတွက် လိုအပ်တဲ့ ထင်းလောင်စာကို နီးစပ်ရာနိုင်ငံပိုင် သဘာဝသစ်တောတွေကိုပဲ အဓိကမှီခိုအားထားနေကြရတယ်တဲ့လေ။ နီးစပ်ရာဆိုပြီးတော့သာပြောရတာ တကယ်တော့ မနီးလှပါဘူးဗျာ၊ တချို့ဆို ကျွဲ၊ နွားလှည်းတွေနဲ့ တစ်ညအိပ်၊ နှစ်ည အိပ်ခရီးလောက်သွားပြီးကိုယ့်အိမ်အတွက် တစ်နှစ်စာထင်းတိုက်(ခုတ်)သွားကြရတာပါ။

အဲ့ဒါကြောင့် ကျုပ်အရွယ်ရောက်လာတဲ့အခါ အဲ့ဒီလိုထင်းလောင်စာကိုအမှီသဟဲပြုပြီးနေထိုင်နေကြရတဲ့ ကျေးလက်နေပြည်သူလူထုတွေပင်ပန်းဆင်းရဲမှုဒဏ်နည်းနိုင်သမျှနည်းစေပြီး ပြည်သူက အားကိုးရလောက်တဲ့သူတစ်ယောက်ဖြစ်လာအောင်ရယ်၊ အဲ့ဒီကမှတစ်ဆင့် နိုင်ငံပိုင်သစ်တောတွေကိုလည်း တစ်ဖက်တစ်လမ်းကနေကာကွယ်ထိန်းသိမ်းပေးနေတဲ့နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်လာနိုင်အောင်ရယ်၊ အခုကတည်းက ကြိုတင်လေ့ကျင့်ပေးထားတာလို့လည်း ကျုပ်အဖေနဲ့အမေကရှင်းပြပါတယ်။ ကျုပ်ရွာတွေကိုရောက်သခိုက် လေ့လာကြည့်မိသလောက် တစ်အိမ်တစ်အိမ်မှာ ထင်းတွေစုထားကြတာမနည်းလှပါလား၊ အဲ့ဒါနဲ့ ကျုပ်လည်းစပ်စပ်စုစုနဲ့မေးမြန်းကြည့်လိုက်တော့ တစ်နှစ်စာချက်ပြုတ်စားသောက်နိုင်ဖို့ရာ အတွက်မွင့်လင်းရာသီမှာ ကျုပ်စောစောကပြောခဲ့တဲ့ နိုင်ငံပိုင် သဘာဝတောတွေကနေ သွားခုတ်ယူစုဆောင်းထားကြတာတဲ့လေ။

တချို့ကကျတော့လည်းသူတို့ ယာခင်းအစပ်မှာစိုက်ထားတဲ့ အပင်တွေကနေစုထားတာတို့၊ ကိုယ့် ဥယျာဉ်ခြံထဲက မလိုအပ်တဲ့အပင်တွေကို ခုတ်လှဲစုဆောင်းထားတာလို့လည်းပြောကြပါတယ်။ ဒါကတော့တစ်ရွာလုံးအတိုင်းအတာနဲ့ကြည့်ရင်အလွန်နည်းပါတယ်။

ဒါနဲ့ကျုပ်စဉ်းစားကြည့် လိုက်တော့ အိမ်တိုင်းသာ အဲ့ဒီလို နိုင်ငံပိုင်သဘာဝသစ်တောတွေကနေ ထုတ်ယူသုံးစွဲနေကြမယ်ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆို မနည်းလှပါလားလို့တွေးလိုက်မိတယ်၊ပြီးတော့ သူတို့ချက်ပြုတ်တဲ့နေရာမှာ အသုံးပြုတဲ့မီးဖိုကလည်း ကျုပ်တို့ဘိုးဘွားဘီဘင် လက်ထက်ကတည်းက အသုံးပြုလာခဲ့တဲ့

ရိုးရာဖိုခံလောက်မီးဖိုတွေလေ၊သိတယ်မဟုတ်လားအုတ်ခဲဖြစ်ဖြစ်၊ ကျောက်ခဲဖြစ်ဖြစ် သုံးပွင့်ဆိုင်ထား၊ အဲ့အပေါ်မှာအိုးတင်ပြီးချက်ကြရတာ၊ ပြီးမှ အောက်သုံးဘက်ကနေ ထင်းတွေထိုးရတာဆိုတော့ လိုအပ်တာထက် ထင်းပိုကုန်ပြီပေါ့ဗျာ။ ပြီးတော့ လူကိုလည်းမီးပူကဟပ်သေးတယ်၊ မီးခိုးကလည်းအထွက်များတော့ အိုးတွေကော၊ ချက်ပြုတ်တဲ့သူတွေကော မဲတူးကုန်တယ်လေ၊ ပိုဆိုးတာက မွှေရာသီဆိုမီးအန္တရာယ်က ကြောက်ရသေးတယ်၊ ပြီးခဲ့တဲ့နှစ် မွှေတောင်မရောက်သေးပါဘူး၊ ရွာတောင်ပိုင်းက ဒေါ်စပ်စုထမင်းချက်ရင်း သူ့မီးဖိုကနေ မီးပွားလွင့်ထွက်ကာ အိမ်ခေါင်မိုးမီးစွဲပြီးလောင်ရာကနေ မီးကူးသွားတာ ရွာတစ်ဝက်လောက်ကုန်သွားပါရောလား။

အဓိကကတော့ ဒီလိုမီးဖိုမျိုးတွေနဲ့သာ ရှေ့ဆက်သွားနေလို့ကတော့ ကျုပ်တို့နိုင်ငံပိုင်သစ်တောတွေ တစ်နေ့ထက်တစ်နေ့ ပိုပြုန်းတီးလာမှာ ကေန်မလွဲဆိုတာပါဘဲ။ ဒါကကျုပ်အမြင်ပါ၊ သဘာဝသစ်တောတွေလျော့နည်းပျက်စီးလာရတဲ့အကြောင်းတရားတွေ နောက်ထပ်အများကြီးရှိနိုင်ပါသေးတယ်။ အဲ့ဒီရဲ့အကျိုးဆက်တွေကတော့ သစ်တောတွေနည်းပါးလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ ဂေဟစနစ်အခြေအနေတွေပါ ပြောင်းလဲသွားနိုင်ပြီး ရာသီဥတုတွေလည်း ဖောက်လွဲဖောက်ပြန်ဖြစ်လာနိုင်တယ်လို့လည်းရေဒီယိုထဲမှာ ပြောသွားတာ ကျုပ်ကြားဘူးတယ်။ ရေရှည်ကိုမျှော်တွေးစဉ်းစားကြည့်မယ်ဆိုရင်တော့ ရာသီဥတုမမှန်ရာကနေ စိုက်ပျိုးရေးလုပ်ငန်းတွေကိုပါထိခိုက်လာနိုင်ပြီး မိသားစုရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားတစ်ခုဖြစ်လာနိုင်တယ်ဆိုတာပါဘဲ။

ဒါကြောင့် နောက်ပိုင်းမှာတော့ ကျုပ်ရောက်တဲ့ရွာတိုင်းမှာရှိတဲ့ အိမ်ထောင်စုတိုင်းကို ထင်းလောင်စာကုန်ကျမှုသက်သာနိုင်တဲ့နည်းလမ်းတွေ၊ မီးဘေးအန္တရာယ်မကြုံရအောင် ဘယ်လိုမီးဖိုမျိုးကိုသုံးစွဲသင့်တယ်ဆိုတာတွေကို ရွာလူကြီးအကူအညီနဲ့ ဟောရ ပြောရ၊ ကိုယ်တိုင်လည်းဝင်လုပ်ပြရတာပေါ့ဗျာ။ အစကတော့ခနဲခနဲခက်တာပေါ့ဗျာ၊ သိတယ်မဟုတ်လား ကျုပ်တို့လူမျိုးက အကျင့်တစ်ခုကနေ နောက်အကျင့်တစ်ခုကို ပြောင်းယူဖို့ဆိုတာလွယ်လွယ်နဲ့မရဘူးလေ။ ရိုးရာဖိုခံလောက်မီးဖိုဆိုတာက သူတို့စိတ်ထဲမှာ အရိုးစွဲနေပြီလေ၊ ကျုပ်ပြောတဲ့ ထင်းကုန်သက်သာပြီး အစစအရာရာ ပိုကောင်းတဲ့မီးဖိုကို ချက်ချင်းပြောင်းသုံးစွဲဖို့ဆိုတာကတော့ အခက်အခဲတစ်ခုအနေနဲ့ ရှိနေမယ်ဆိုတာ ကျုပ် နားလည်ပါတယ်။ဒါကြောင့် ဟောပြောရင်းစည်းရုံး၊ စည်းရုံးရင်းဟောပြောဆိုသလိုပဲ ဖြည်းဖြည်းချင်းလုပ်နေရတာပေါ့ဗျာ။

အခုတော့ ကျုပ်စေတနာ ကျုပ်ကိုအကျိုးပေးတယ်လို့ဆိုရမလားပဲ၊ ကျုပ်ရောက်ခဲ့တဲ့နေရာတိုင်းက အိမ်ထောင်စုတိုင်းကတော့ ကျုပ်ကိုကျေးဇူးအရမ်းတင်နေကြတယ်လို့ ပြောနေကြတာပြန်ကြားနေရပါပြီ၊ ကျုပ်ပြောပြတဲ့မီးဖိုကို အသုံးပြုနေကြတဲ့အတွက် အရင်ကတစ်နှစ်စာ စုဆောင်းထားတဲ့ထင်းတွေကို နှစ်နှစ်နီးပါးလောက်အထိ သုံးနေရတဲ့အတွက်ကြောင့် နှစ်တိုင်း တောမတက်ရတော့ဘဲ လူရောနွားပါ သက်သာနေတဲ့အကြောင်း၊ မီးခိုးအထွက်နည်းလို့ မီးဖိုချောင်နဲ့အိုးခွက်ပန်းကန်တွေလည်း အရင်ကလောက်မညစ်ပတ်တော့တဲ့အကြောင်း၊ မီးဘေးအန္တရာယ်လည်း အရင်သုံးခဲ့တဲ့ မီးဖိုလောက်မစိုးရိမ်ရတဲ့အကြောင်းနဲ့ ချက်ပြုတ်ချိန်လည်းမြန်လို့ အချိန်ကုန်သက်သာတဲ့အတွက် မိသားစုအရေးကိစ္စတွေကိုလည်း အရင်ကထက်ပိုအလေးထားဆောင်ရွက်လာနိုင်တဲ့ အကြောင်းတွေပေါ့ဗျာ။

ကျုပ်အဖေနဲ့အမေကလည်း ကျုပ်ရဲ့အောင်မြင်မှုတွေကိုကြားပြီး ဂုဏ်ယူလို့မဆုံးတပြုံးပြုံးပေါ့။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလိုပေါ့ဗျာ၊ ကျုပ်အဲ့ဒီလိုပြောလိုက်လို့ ခင်ဗျားတို့နားရှုပ်သွားပြီထင်တယ်၊ ကျုပ်ဆိုလိုတာက ကျုပ်ရဲ့ လုပ်ဆောင်ချက်တွေကြောင့် ထင်းလောင်စာရရှိဖို့ နှစ်တိုင်းတောကို ထိခိုက်စရာမလိုတော့ပဲ ကျုပ်တို့ရဲ့နိုင်ငံပိုင်သစ်တောတွေကိုလည်း ကူညီထိန်းသိမ်းပေးရာရောက်တဲ့အတွက်ကြောင့် ပြောလိုက်တာပါ။

ပြီးတော့မြို့ကနေ တစ်ခါတစ်ခါရောက်ရောက်လာတတ်တဲ့ သစ်တောအရာရှိတွေလိုတော့ ကျုပ်ပခုံးပေါ်မှာ အပွင့်တွေ၊ အခက်တွေ၊ အလက်တွေတော့ မရှိပါဘူး။ ဒါပေမဲ့ ကျုပ်ရင်ထဲမှာတော့ မွေးရာပါအသိစိတ်လို့ ဆိုရ





မလားမသိဘူး။ ကျုပ်တို့ရဲ့ ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းအမွေပေးခဲ့တဲ့ ဒီသစ်တောကြီးတွေ ကျုပ်တို့လက်ထက်မှာ လျော့နည်းပြုန်းတီးမသွားစေချင်တာတော့ ကျုပ်ရဲ့စိတ်ရင်းပါ။

အခုတော့ ကျုပ်အဖေနဲ့အမေရဲ့ရည်ရွယ်ချက်တွေ အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီလို့တော့ကျုပ်ထင်တယ်၊ ဒါပေမဲ့ဒါလောက်နဲ့တော့ကျေနပ်နေလို့မရသေးဘူးဆိုတာလည်း ကျုပ်နားလည်ထားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်မရောက်နိုင်သေးတဲ့ ကျေးလက်ဒေသတွေကျန်နေသေးလို့ပါ။ တစ်နေ့နေ့တော့ကျုပ်ရောက်အောင်သွားပြီး အခုလိုတဲ့ ကျေးလက်နေပြည်သူလူထုရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကူညီဆောင်ရွက်ပေးရင်း။ နိုင်ငံပိုင်သစ်တောတွေကို တတ်နိုင်သလောက် ကာကွယ်ထိန်းသိမ်းပေးသွားဦးမှာပါ။

အခုဆို ကျုပ်ရဲ့နည်းလမ်းတွေအတိုင်း လိုက်လံဆောင်ရွက်ပေးနေတဲ့သူတွေ နေရာတော်တော်များများမှာရှိနေကြပါပြီ၊ ပိုပြီး ဂုဏ်ယူစရာကောင်းတာက ကျုပ်ကိုအားကျပြီး ကျုပ်နဲ့တူတဲ့သူတွေ များများမွေးထုတ်ပေးနိုင်ဖို့ နိုင်ငံခြားတိုင်းပြည်ကြီးတွေကပါ ကျုပ်တို့အစိုးရနဲ့ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပြီး ပါဝင်ဆောင်ရွက်လာတဲ့အတွက်ကြောင့်ပါဘဲ။

ကျုပ်စောစောကပြောခဲ့သလိုပဲ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့တော့ ရှေ့ဆက်လုပ်စရာတွေကျန်နေဦးမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့နိုင်ငံကိုက ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ပဲရှိနေသေးတာဆိုတော့ လောင်စာအတွက် လျှပ်စစ်မီးတို့၊ ဂက်စ်တို့အပြည့်အဝမရခင်စပ်ကြားမှာ အသိစိတ်ရှိရှိနဲ့ ကျုပ်တို့ရဲ့သဘာဝသစ်တောတွေကို ကာကွယ်ထိန်းသိမ်းပေးနေကြရဦးမှာပါ။

ကဲခင်ဗျားတို့လည်း ကျုပ်အကြောင်းနားထောင်ရတာ ငြီးငွေ့နေပြီလားမသိဘူး အဲ-အရေးကြီးတာ တစ်ခုပြောဖို့ကျန်သွားတယ်၊ ကျုပ်နာမည်ကျုပ်သာ မိတ်ဆက်နေတာ၊ ကျုပ်အဖေနဲ့အမေနာမည်ပြောဖို့ မေ့သွားတော့မလို့၊ ကျုပ်အဖေနဲ့အမေရဲ့နာမည်က "**ဦးသစ်တောနဲ့ ဒေါ်သုတေသန**"တဲ့ - - -

**ကာတွန်းကဏ္ဍ**



**ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေး။ ဆင်းရဲခြင်းဘေး၊ ကင်းလွတ်ဝေး။**



**အိုင်ရန်းလွှာ ပျက်သည်းစေမယ့် မည်သည့်ဓာတုပစ္စည်းကိုမှ မထုတ်လုပ်သင့်တော့ဘူး**




APK

**စာမျက်နှာ (၃၆) မှအဆက်** ➢➢

ထို့ကြောင့်ဝန်ကြီးဌာနလက်အောက်ရှိ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရသည့် ဝန်ထမ်းများသည် ခေတ်ပုံနည်းပညာကို စနစ်တကျ အသုံးချတတ်သော ဝန်ထမ်းများဖြစ်စေရန်အတွက် ခေတ်ပုံပညာများကို အချိန်ရလျှင်ရသလို လေ့လာသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ၁၉၉၄-ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေဖြန့်ချိသည့်ဘာသာပြန်ရည်ညွှန်း၊ တတိယတွဲက ကူးယူ၍ အနည်းငယ်သာပြောင်းလဲဖော်ပြခြင်းဖြစ်ပါသည်။**






# Bago Yoma Eco Resort ဖွင့်လှစ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများအား ထာဝစဉ်တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် သဘာဝတောတောင်ရေမြေများ တည်ရှိနေမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ သဘာဝတောအတွင်း နေထိုင်ကျက်စားနေမှုများ ကြည့်ရှုလေ့လာခြင်းနှင့် သန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်တွင် ပြည်သူလူထုအပန်းဖြေ နားနေနိုင်ရန်အတွက် ဌာနအနေဖြင့်သော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား သဘာဝပတ်ဝန်းကျင် စီမံလန်းဆိုပြည်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းများဖြင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝအခြေခံခရီးသွားဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် Eco Natural Resourt Golden Teak Park Co. ,မှ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် (တောင်နဝင်းကြိုးဝိုင်း၊ အလယ်နဝင်းကြိုးဝိုင်း)အတွင်း ပေါက်ခေါင်း-အုတ်တွင်းရိုးမဖြတ်လမ်း မိုင်တိုင်(၄၃)တွင် Bago Yoma Eco Resort ကို (၂၉-၇-၂၀၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ထားရှိခဲ့ပါသည်။ Bago Yoma Eco Resort သည် ၂၀၀၇ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဧက(၂၅၂၀) ခန့်တွင် ကျွန်းပင်ပေါင်း ၁,၄သန်း စိုက်ပျိုးထားသော ကျွန်းစိုက်ခင်းများအတွင်း တည်ဆောက်ထားရှိသည့် သဘာဝအခြေခံခရီးသွားစခန်းတစ်ခုဖြစ်ပြီး ခရီးသွားဧည့်သည်များအတွက် ပဲခူးရိုးမနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဒေသခံများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို လေ့လာသိရှိစေနိုင်ရန်၊ သန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်တွင် နားနေအပန်းဖြေနိုင်ရန်နှင့်မြန်မာနိုင်ငံတွင် ရှားပါးလာပြီဖြစ်သော မြန်မာဒေါင်းစီမံထိန်းသိမ်းရေးနယ်မြေတစ်ခုအဖြစ် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

Bago Yoma Eco Resort တွင် တောတွင်း လမ်းလျှောက်မှုကို နာရီအပိုင်းအခြားနှင့်သော်လည်းကောင်း၊ ခက်ခဲမှု၊ ချောမွေ့လွယ်ကူမှုအရ စိတ်ကြိုက်ရွေးချယ်သွားရောက်နိုင်သကဲ့သို့ ကျွန်းစိုက်ခင်းနှင့် သဘာဝသစ်တောများကိုကြည့်ရှုခံစားခြင်း၊ ဒေသသစ်ပင်အမျိုးပေါင်း များစွာနှင့် ဆေးဘက်ဝင်အပင်များ၊ နွယ်ပင်များလေ့လာနိုင်ခြင်းတို့ကိုသာမက တောတွင်းဆင်စီး၍ စိုက်ခင်းပတ်ဝန်းကျင်အားလေ့လာခြင်း၊ စိုက်ခင်းရေဲယာ၊ ထိစပ်ကြိုးဝိုင်းဧရိယာနှင့် အနီးရှိ ဒေသခံတိုင်းရင်းသားကျေးရွာများသို့ ညအိပ်သွားလာနိုင်ခြင်း၊ စခန်းအနီးရှိ ပေါ်လံကြီးဆင်ဝိုင်းသို့ သွားရောက်ကာ ဆင်များရေချိုးခြင်း၊ အစာကျွေးခြင်းတို့ကိုဆောင်ရွက်နိုင်ခြင်း၊ တောတွင်းစီးစက်ဘီးဖြင့် စိုက်ခင်းကျွန်းတောများ၊ သဘာဝတောကျန်များ၊ တောတွင်းတောင်ယာများ၊ တစ်ဘက်ပိတ်ဆည်လေးများကိုလည်း သွားရောက်လေ့လာနိုင်ပါသည်။ အနီးပတ်ဝန်းကျင်ရှိ ကရင်တိုင်းရင်းသားကျေးရွာများဖြစ်ကြသော ရွှေတောင်



ဆင်စီးခြင်း



တောတွင်းလမ်းလျှောက်ခြင်း



ငှက်ကြည့်ခြင်း

ငွေတောင် (ရွာသစ်၊ ရွာဟောင်း) ခပေါင်းကျေးရွာတို့တွင် ကရင်ရိုးရာဝတ်စုံ၊ ရိုးရာနေထိုင်မှု၊ သက်မွေးမှု လုပ်ငန်းများကို တွေ့မြင်ခံစားနိုင်သကဲ့သို့ ကရင်ရိုးရာဂျပ်ခုပ်ထည်ရက်လုပ်မှု၊ တောင်ယာလုပ်ကိုင်မှုများကိုလည်း လေ့လာနိုင်ပါသည်။ သစ်တောသစ်ပင် ချစ်ခင်တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ လာရောက်တည်းခိုမည့် ဧည့်သည်များအား သစ်ပင်များ စိုက်ပျိုးနိုင်စေရန်လည်း စီစဉ်ဆောင်ရွက်ထားရှိသည့်အပြင် မြန်မာနိုင်ငံ ငှက်နှင့်သဘာဝဝန်းကျင်အဖွဲ့၏ မှတ်တမ်းအရ ဝန်းကျင်ဒေသ ငှက်မျိုးစိတ်(၁၀၀) ခန့်ကို Bago Yoma Eco Resort အနီးပတ်ဝန်းကျင်တွေ့ရှိထားပြီးဖြစ်ရာ မြန်မာ့ဒေါင်းစိမ်း၊ အောက်ချင်း၊ သစ်တောက်ငှက်နှင့် အခြားငှက်အမျိုးအစားများစွာ သွားရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

ထို့ပြင် Bago Yoma Eco Resort သည် မြန်မာ့ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမအတွင်း တည်ရှိနေသဖြင့် သက်တမ်းရင့်ကျွန်းကြီးပိုင်းများ၊ သစ်စေ့ထုတ်ဧရိယာများ၊ (၁၉၁၉)ခုနှစ်တွင် စိုက်ပျိုးခဲ့သော ပေါ်လံကြီးကျေးရွာအနီးရှိ သက်တမ်းနှစ် (၁၀၀)နီးပါးရှိ သက်ကြီးစိုက်ခင်းများသို့ သွားရောက်လေ့လာနိုင်ခြင်းနှင့် Bago Yoma Eco Resort တည်ရှိရာ ဖြိုးစည်သူကျွန်းစိုက်ခင်းတွင် စိုက်ခင်းလုပ်သားများနှင့်အတူ ကျွန်းစိုက်ခင်းလုပ်ငန်းများလုပ်ဆောင်နိုင်ပါသည်။

ဆက်လက်၍ Bago Yoma Eco Resort နှင့် (၄၃)မိုင်ကွာဝေးသော ပြည်မြို့အနီး ကမ္ဘာ့အမွေအနှစ် ပျူရှေးဟောင်းမြို့တော် သရေခေတ္တရာ(မှော်ဇာ)နှင့်(၂၃)မိုင်အကွာတွင် တည်ရှိသော သံခေတ်၊ ပျူခေတ်၊ ရှေးဟောင်းသံပျက်ဖိုကြီးများရှိသည့် ထောင်ရကျေးရွာတို့ကိုလည်း သွားရောက်လေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

Bago Yoma Eco Resort တွင် ရေပူရေအေးစက်နှင့်လေအေးပေးစက်တပ်ထားသော အခန်းပေါင်း(၂၉)ခန်းပါရှိပါသည်။ ဧည့်သည်(၁၅၀)ဦးအတွက် စားသောက်ဆိုင်တစ်ခုနှင့် ဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲကျင်းပပြုလုပ်နိုင်သော လူဦးရေ(၁၀၀)ခန့် ခန်းမဆောင်တစ်ခုလည်း ထည့်သွင်းထားပါသည်။ ထို့အပြင် အနားယူအပန်းဖြေရင်း တိတ်ဆိတ်ငြိမ်သက်စွာစာဖတ်နိုင်ရန် ကော်ဖီဘားနှင့် စာကြည့်တိုက်ငယ်တစ်ခုလည်း တွဲဖက်ဖွင့်လှစ်ထားရှိပြီး ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ ဟောပြောပွဲများကျင်းပပြုလုပ်မည်ဆိုပါက Bago Yoma Eco Resort မှ ဂုဏ်ယူစွာ လက်ခံဆောင်ရွက်ပေးပါမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

အခန်းခနှုန်းထားများအနေဖြင့်လည်း ယခုတင်ပြသည့် မိုးရာသီကာလ၌ Monsoon Privilege အနေဖြင့် အထူးဈေးနှုန်းများအား အောက်ပါအတိုင်းသတ်မှတ်ပေးထားပါသည်။

Bago Yoma Eco Resort
www.bagoyomaecoresort.com

| Type Of Room | Original Price Ks | Monsoon Privilege Price 50% off | Remark | Square-Feet | Room |
|---|---|---|---|---|---|
| Standard Room | 90,000 | 45,000 | With Balcony | 240.00 | 15 |
| Superior Room | 120,000 | 60,000 | With Balcony | 425.43 | 6 |
| Deluxe Room | 150,000 | 75,000 | With Balcony | 293.56 | 6 |
| Junior Suite | 200,000 | 100,000 | With Balcony | 621.63 | 1 |
| Suite | 400,000 | 200,000 | With Balcony | 621.63 | 1 |

* Exclusive of Service Tax 10% and Government Tax 5%







# အဖိုးတန်သစ်မျိုးတန်းဝင် ပျဉ်းကတိုးပင်အကြောင်းသိကောင်းစရာ

ဒေါ်အိအိခင်၊ သုတေသနလက်ထောက်-၃
သစ်တောသုတေသနဌာန

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများသောနိုင်ငံဖြစ်ပြီး အဖိုးတန်သစ်မျိုးများအများဆုံးပေါက်ရောက်သောနိုင်ငံဖြစ်သည်။ အဆိုပါအဖိုးတန်သစ်မျိုးများထဲတွင် ပျဉ်းကတိုးသစ်မျိုးလည်းပါဝင်သည်။ ပျဉ်းကတိုးသစ်သားသည် ခိုင်ခန့်မာကျောပြီးလေးသည်။ သစ်သား၏အရောင်သည် အနီရင့်ရောင်ရှိပြီး အနက်ရောင်အစင်းများရှိသည်။ အနီရင့်ရောင်ရှိသောကြောင့် လူသားတို့၏အမြင်ကိုဆွဲဆောင်စေသည်။ ၎င်းသစ်သားကို ပရိဘောဂအဖြစ်အသုံးပြုခြင်း၊ အိမ်ဆောက်ရာတွင် ပျဉ်းကတိုးသစ်တိုင်များကိုအိမ်တိုင်အဖြစ် အသုံးပြုခြင်း၊ ပျဉ်းကတိုး လျှာထိုးပျဉ်ခင်းသည် လူကြိုက်များလူသုံးများသည်။ ကျွန်မသည် အဖိုးတန်သစ်မျိုးဖြစ်သော ပျဉ်းကတိုးပင်အကြောင်းကို လေ့လာတင်ပြလိုက်ရပါသည်။

| | |
|---|---|
| သိပ္ပံအမည် – | *Xylia xylocarpa*(Roxb.) Taub. |
| မျိုးစုအမည် – | Mimosaceae |
| ဒေသအခေါ်အဝေါ် – | Pyinkado(Myanmar), Irul (India),Sokram (Cambodia), Cam Xe(Vietnam), Deng (Thailand) ,Myanmar Iron Wood, |

## နိုင်ငံအလိုက်ပေါက်ရောက်သောမျိုးရင်း

အာဖရိကနိုင်ငံနှင့်မန်ဒဂက်တာနိုင်ငံများတွင် မျိုးစု *Xylia* အောက်တွင်မျိုးစိတ် ၁၂ ခုအများဆုံးတွေ့ရသည်။ အရှေ့တောင်အာရှတွင် မျိုးစိတ်တစ်ခုသာရှိသည်။ ၎င်းမျိုးစိတ်တစ်ခုကို ရုပ်သွင်ပေဒ(၂)မျိုးဖြင့်ခွဲခြားနိုင်သည်။ အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံတွင် *Xyliaxylocarpa* var. *xylocarpa*သည် အရွက်မွှာအားလုံးနီးပါး ချောမွတ်ပြီးဝတ်မှုန်အိမ်တွင် ဂလင်းပါရှိပါသည်။ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတွင် *Xyliaxylocarpa* var. *kerrii*သည် အရွက်မွှာတွင် အမွေးပါရှိပြီးဝတ်မှုန်အိမ်တွင် ဂလင်းမပါရှိပါ။

## ပေါက်ရောက်ရာဒေသ

အင်ဒိုချိုင်းနားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှာ အများဆုံးပေါက်ရောက်လျက်ရှိ၍ မလေးရှားကျွန်းဆွယ်တွင်လည်းစိုက်ပျိုးကြပါသည်။ ဗီယက်နမ်နှင့်လာအိုနိုင်ငံတောင်ပိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင်လည်းအနှံ့အပြားပေါက်ရောက်ပါသည်။ ပျဉ်းကတိုးပင်များသည်မြေနိမ့်ပိုင်းလွင်ပြင်နှင့်တောင်ခြေများတွင်ပေါက်ရောက်၍ကျောက်စရစ်မြေနှင့်သဲဆန်သောမြေမျိုးတွင် ကောင်းမွန်စွာပေါက်ရောက်သည်။ တစ်ခါတစ်ရံအမြင့် ၈၅၀မီတာအထက်ပေါက်ရောက်တတ်ပါသည်။

## အသုံးဝင်ပုံ

ပျဉ်းကတိုးသစ်များသည် မာကျောပြီး ကြာရှည်ခံသောသစ်မျိုးဖြစ်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်း အမျိုးမျိုး၊ ရထားသံလမ်းတွင် အသုံးပြုသောဇလီဖားတုံး၊ လူအသုံးအဆောင်ပရိဘောဂပစ္စည်းများနှင့် အိမ်များဆောက်လုပ်ရာတွင်လည်းအသုံးပြုကြပါသည်။ ပျဉ်းကတိုးပင်၏အခေါက်နှင့် အသီးများကိုလည်း တိုင်းရင်းဆေးများ ဖော်ထုတ်ရာတွင် များစွာအသုံးပြုပါသည်။

## ရုက္ခဗေဒဆိုင်ရာဖော်ပြချက်

ပျဉ်းကတိုးပင်သည် အရွက်ကြွေသောအပင်အမျိုးအစားဖြစ်ပြီး ခြောက်သွေ့သောနေရာဒေသများတွင် အမြင့် ၂၀ မီတာမှ ၂၅ မီတာအထိရှည်၍ စိုစွတ်၍မြေဆီလွှာကောင်းသောနေရာများတွင် တစ်ခါတစ်ရံအမြင့်မီတာ ၄၀ ကျော်ရှိပါသည်။ ပျဉ်းကတိုးပင်၏ ပင်စည်သည် ဖြောင့်တန်း၍ ဆလင်ဒါပုံရှိပါသည်။ သို့သော်ငြားလည်း တစ်ခါတစ်ရံတွင် ပင်စည်၏အောက်ခြေတွင် ပါးပျဉ်းဖြစ်ပေါ်တတ်ပါသည်။ အခေါက်များသည် အလွှာလိုက်တည်ရှိပါသည်။ ပျဉ်းကတိုးပင်၏ အခေါက်များသည် ဝါညိုရောင်ဖြစ်ပါသည်။ ပျဉ်းကတိုးပင်၏ အရွက်များမှာလည်း နှစ်ဆင့်ငှက်မွေးရွက်ပေါင်းအမျိုးအစားဖြစ်၍ ရွက်မွှာများသည်ဘဲဥပုံစံဆန်နိုင်ကျင်ဘက်ထွက်၍ သုံးစုံမှ ခြောက်စုံအထိ အသီး

သီးပါရှိကြသည်။ အကြီးဆုံးအရွက်မှာ ၁၀ စင်တီမီတာမှ ၁၅ စင်တီမီတာအထိရှိ၍ အကျယ်မှာ ၅ စင်တီမီတာမှ ၆ စင်တီမီတာအထိရှိပါသည်။ရွက်မွှာများ၏ အောက်ခြေတွင် ဂလင်းများပါရှိပါသည်။ ပျဉ်းကတိုးပင်၏ ပန်းပွင့်သည် သေးငယ်ပြီးအဝါရင့်ရောင်ဖြစ်သည်။

### အသီးနှင့်အစေ့၏ဖော်ပြချက်

ပျဉ်းကတိုးပင်၏ အသီးများ အခွံမာကျောပြီးပြား၍ အက်ကွဲအသီးအမျိုးအစားဖြစ်ပါသည်။ အသီး၏အတိုင်းအတာ ၁၀ စင်တီမီတာ မှ ၁၅စင်တီမီတာရှည်၍ ၅စင်တီမီတာ မှ ၆စင်တီမီတာ ကျယ်ပြီးအစေ့ ၅စေ့မှ ၁၀ စေ့အထိပါဝင်ပါသည်။ အသီးသည် အညိုရောင်ရှိ၍ ဘေးဘက်တွင် ထင်ရှားသောအက်ကွဲကြောင်းပါဝင်၍ ခြောက်သွေ့သောအချိန်တွင် ကွေးပြီး အက်ကွဲပါသည်။ အစေ့သည် ပုံသဏ္ဍာန်မမှန်၍ တစ်ခါတစ်ရံ လုံးဝန်း သောပုံစံရှိ၍ အညို ရင့်ရောင်ရှိပြီး ၇.၅ မှ ၉ မီလီမီတာ ကျယ်ပြီး၁၂ မှ ၁၄ မီလီမီတာရှည်၍ ၁ .၅ မှ ၂မီလီမီတာထုပါသည်။ အစေ့၏ အလေးချိန်မှာ အစေ့ ၁၀၀၀စေ့မှာ ၂၄၅၂၆၀ ဂရမ်ရှိပါသည်။

### အပွင့်နှင့်အသီး၏အလေ့အထ

ပျဉ်းကတိုးပင်သည် အသီးသီးချိန်နှင့်အပွင့်ပွင့်ချိန်ကြာ၍ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလမှ မတ်လအထိ ဗီယက်နမ်တောင်ပိုင်းတွင် နိုဝင်ဘာလမှဒီဇင်ဘာလထိ လာအိုတောင်ပိုင်းတွင် ဧပြီလတွင် အပွင့်ပွင့်ကြပါသည်။ မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလမှ ဧပြီလအထိ ဗီယက်နမ်တောင်ပိုင်းတွင် ဧပြီလမှမေလအထိ လာအိုတွင် မတ်လမှ ဧပြီလအထိအသီးသီးပါသည်။ ညှံ့သည့်အသီးတွေမှာ အောင်မြင်သည့်အစေ့များပါရှိရန်နည်းသည် (သို့မဟုတ်) အောင်မြင် သည့်အစေ့များမပါရှိပါ။

### ခူးယူခြင်း

ပျဉ်းကတိုးအသီးများကိုမကွဲထွက်မီ အပင်မှ ခူးယူရမည်။ သို့မှသာလျှင် အသီးကွဲအက်သောအခါ အသီးအတွင်းမှအစေ့များ ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။ ပျဉ်းကတိုးအသီးများခူးရာတွင်လည်း လက်ဖြင့်အသုံးပြုရသောရှည်လျားသောကရိယာများ အသုံးပြုနိုင်သည်။ပျဉ်းကတိုးအသီးခူးရာတွင် ရေးဦးစွာအပင်၏ အောက်ခြေအား ရှင်းလင်းထားရပါမည်။ သို့မှသာလျှင် အစေ့များကို သစ်ပင်၏အောက်တွင် တာပေါ်လင် သို့မဟုတ် ပိုက်ကွန်များဖြင့် စုဆောင်းနိုင်ပါသည်။

### အစေ့အညှောက်ပေါက်ခြင်း

ပျဉ်းကတိုးသစ်စေ့များကို သဲဆန်သောမြေမျိုးတွင် စိုက်ပျိုးကြသည်။ ၃ရက်မှ၄ရက်အတွင်း အစေ့အညှောက်ပေါက်နိုင်သည်။ ၅ရက်မှ ၈ရက်ကြာပြီးနောက် အစေ့ရွက်ထီးတစ်စုံထွက်ပေါ်လာသည်။ အပင်ပေါက်၏ ရေသောက်မြစ် တဖြည်းဖြည်းနှင့်ဖွံ့ဖြိုးလာသည်။

### ကျမ်းကိုးကားစာရင်း

-L.Schmidt , Forest &Landscape Denmark Nguyen Xuan Lieu ,Central Forest Seed Company /Vietnam Tree Seed Project



ပျဉ်းကတိုးသစ်ပင်ပုံ



ပျဉ်းကတိုးအသီးပုံ



ပျဉ်းကတိုးပန်းပွင့် ပန်းခိုင်ပုံ

# မြင်တွေ့ရများပေမဲ့ မလေ့လာဖြစ်သော ညောင်ပင်မျိုးစိတ်များ

ခင်မိမိအောင်၊ သုတေသနလက်ထောက်(၃)

ကမ္ဘာတစ်ဝန်းတွင် ညောင်မျိုးစိတ်ပေါင်း (၇၅၀) နီးပါးရှိပြီး အများစုမှာအပူပိုင်းဒေသများတွင် ပေါက်ရောက်ကြပါသည်။ ၄င်းတို့ထဲမှ (၁၃၂)မျိုးမှာ အပူပိုင်းအမေရိက၊ (၁၁၃)မျိုးမှာ အပူပိုင်းအာဖရိကနှင့် (၅၁၁)မျိုးတို့မှာ အပူပိုင်းအာရှတွင် ပေါက်ရောက်တည်ရှိနေကြပါသည်။ ၄င်းတို့ကိုကြည့်ခြင်းအားဖြင့် အပူပိုင်းအာရှဒေသများတွင် ညောင်မျိုးစိတ်များ များပြားစွာပေါက်ရောက်နေကြောင်း သိရှိရပါသည်။ ညောင်မျိုးစိတ်များသည် အခြားလက်ခံပင်များပေါ်တွင် ကပ်ပါးများအဖြစ် စတင်ပေါက်ရောက်ပါသည်။

ညောင်ပင်များကို ဂရုတစိုက်အလေးထားသောသူများလည်းရှိပါသည်။ ထိုသူတို့မှာ မျောက်၊ ငှက်၊ လင်းနို့များနှင့် အခြားသောသက်ရှိများပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် ညောင်သီးများကို ကြိုက်နှစ်သက်ကြသောကြောင့်ဖြစ်ပါသည်။ ညောင်မျိုးစိတ်များသည် အပူပိုင်းမိုးသစ်တောများအတွက် အလွန်အရေးပါပါသည်။ အဘယ်ကြောင့်ဆိုသော် အခြားသောအပင်မျိုးစိတ်များသည် တစ်နှစ်ပတ်လုံး အသီးမသီးနိုင်ကြသော်လည်း ညောင်မျိုးစိတ်များသည် ဆောင်းရာသီတွင်ပင်လျှင် အသီးသီးနိုင်ကြသည်။ တရုတ်နိုင်ငံတွင် ညောင်မျိုးစိတ်များကို 'One Tree is One Forest'ဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ညောင်ပင်မှညောင်ထောက်ကိုင်းများသည် မြေပေါ်သို့ကျရောက်ကာ သစ်တောတစ်တောနှင့် ပင်တူနေပါသည်။ ထို့ကြောင့် ညောင်ပင်များသည် အပူပိုင်းမိုးသစ်တောများတွင် ကျေးငှက်သာရကာများ၏ အစာကွန်ရက်အတွက် အလွန်အရေးပါသည်။ ကျွန်မတို့၏ မြန်မာနိုင်ငံတွင်လည်း ညောင်ပင်ကိုဘုရားကျောင်းကန်များတွင် အများဆုံးစိုက်ပျိုးကြပြီး အထွတ်အမြတ်ထားသော အပင်အဖြစ် သတ်မှတ်ကြပါသည်။

ကျွန်မသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စစ်ဆောင်ပနား အပူပိုင်းရက္ခဗေဒဥယျာဉ်မှ ညောင်ဇီဝမျိုးစုံမျိုးကွဲပညာရှင်များဖြစ်သော Professor Yan-Qiong PENG ဦးဆောင်သော အဖွဲ့ဝင်များနှင့်အတူ (၁၅-၁၀-၂၀၁၆ မှ ၁၀-၁၁-၂၀၁၆)ထိ ဆက်သွယ်ရေး အရာရှိအဖြစ် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးခရိုင် ရန်ကင်းတောင်ကြိုးပြင်ကာကွယ်တောနှင့် မန္တလေးတောင်ဒေသ၊ ညောင်ဦးခရိုင်၊ လောကနန္ဒာကြိုးပြင်ကာကွယ်တော၊ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်ဒေသဝန်းကျင်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သံတောင်ကြိုးဝိုင်း၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကားအမျိုးသားဥယျာဉ်၊ မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်ကြိုးဝိုင်းနှင့် ဆက်စပ် ဒေသများသွားရောက်ရာ လမ်းတစ်လျှောက်တွင် ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ယခုကဲ့သို့ ကွင်းဆင်းလေ့လာခြင်း လုပ်ငန်းများဆောင်ရွက်သောကြောင့် မြန်မာနိုင်ငံအတွင်း ပေါက်ရောက်နေသော ညောင်ဇီဝမျိုးစုံမျိုးကွဲများအား သိရှိလေ့လာနိုင်ခြင်း၊ အပင်နှင့်အင်းဆက်များကြား နီးနွယ်ဆက်စပ်မှုများအား သိရှိလာနိုင်ခြင်း၊ အပင်များပေါ်တွင် မှီခိုနေထိုင်သောသက်ရှိမျိုးစိတ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ ညောင်ဇီဝမျိုးစုံမျိုးကွဲများကို စာရင်းကောက်ယူခြင်းမှလည်း ညောင်မျိုးစိတ်သစ်များကိုလည်း ထပ်မံတွေ့ရှိလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိပါသည်။

ကျွန်မတို့သည် ခရီးစဉ်တစ်လျှောက်တွင် တွေ့ရှိရသော ညောင်ဇီဝမျိုးစုံမျိုးကွဲများအား စာရင်းကောက်ယူခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း၊ ပန်းပုံစံပြုလုပ်ခြင်းတို့ကို လေ့လာသင်ယူခွင့်ရရှိခဲ့ပြီး ညောင်မျိုးစိတ်ပေါင်း(၄၅) မျိုးအား အဖွဲ့နှင့်အတူ စာရင်းကောက်ယူ စုဆောင်းနိုင်ခဲ့ပါသည်။ Checklist,2003 အရ မြန်မာနိုင်ငံတွင် ညောင်မျိုးစိတ်ပေါင်း(၉၄)မျိုးအား ဖော်ပြထားပြီး ယခုခရီးစဉ်တွင် တွေ့ရှိခဲ့ရသော ညောင်မျိုးစိတ်ပေါင်း(၄၅)မျိုးမှ Checklist,2003 တွင် ဖော်ပြထားခြင်းမရှိသေးသော ညောင်မျိုးစိတ်(၈)မျိုးကိုလည်း ရှာဖွေတွေ့ရှိခဲ့ပါသည်။ ကျွန်မတို့အဖွဲ့ ရှာဖွေတွေ့ရှိခဲ့သော ညောင်မျိုးစိတ်(၈)မျိုးမှာ မျိုးစုတူပြီးမျိုးစိတ်ကွဲပါသည်။ ၄င်းညောင်မျိုးစိတ်(၈)မျိုးမှာ *Ficus concinna, Ficus curtipes, Ficus hookeriana, Ficus stricta, Ficus racemosa, Ficus heterostyla, Ficus subincisa* နှင့် *Ficus langkokensis* တို့ဖြစ်ပါသည်။

ကျွန်မသည် ယခုခရီးစဉ်တွင် ဆက်သွယ်ရေးအရာရှိအဖြစ် လိုက်ပါခွင့်ရသဖြင့် အလွန်ပင်ဝမ်းသာကြည်နူးမိပါသည်။ ခရီးစဉ်တစ်လျှောက်တွင် ကျွန်မသည်

မရောက်ဖူးသေးသောဒေသများကိုရောက်ရှိခဲ့ရခြင်းကြောင့် ဒေသန္တရ ဗဟုသုတရရှိခြင်း၊ မိမိတို့နိုင်ငံသို့ ညောင်မျိုးစိတ်လေ့လာရေးအဖြစ်ရောက်လာသော နိုင်ငံခြားသားဧည့်သည်များအား နိုင်ငံတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များ တောတောင် ရေမြေအလှအပများကိုလည်းလိုက်လံ ပြသခွင့် ရခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဇုဒ္ဒဘာသာထွန်းကားသော တိုင်းပြည်ဖြစ်သောကြောင့် မြတ်စွာဘုရားပွင့်ခဲ့သော ညောင်ပင်အကြောင်းကို သိရှိဖို့ရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မအနေဖြင့် နေရာတိုင်း အမြဲမြင်တွေ့နေရပေမဲ့လည်း မလေ့လာဖြစ်တဲ့ညောင်မျိုးစိတ်အကြောင်းကို လေ့လာရေး သားတင်ပြအပ်ပါသည်။


*Ficus concinna*


*Ficus curtipes*


*Ficus hookeriana*


*Ficus racemosa*


*Ficus heterostyla*


*Ficus subincisa*


*Ficus Langkokensis*

# သဘာဝပတ်ဝန်းကျင်နှင့်ကျန်းမာရေး

ဘာသာပြန်ဆိုသူ- ဖြူဖြူသင်း(တောအုပ်ကြီး)

နှစ်စဉ်လူသန်းပေါင်း (၃၀၀) ကျော်သည် စိတ်ကျရောဂါကို ခံစားနေရပြီး တစ်ကမ္ဘာလုံးကလည်း အဓိကကျန်းမာရေးပြဿနာတစ်ခုအဖြစ် အလေးထားလာကြသည်။ စိတ်ရောဂါသည် ဇီဝသက်ရှိများ၊ လူမှုစီးပွားရေးအခြေအနေများ၊ ပတ်ဝန်းကျင်အခြေအနေများနှင့်လည်း ပတ်သက်ဆက်နွယ်မှု ရှိနေသည်။ ထို့ကြောင့် လူသားတို့အနေဖြင့် သဘာဝပတ်ဝန်းကျင် ဇီဝမျိုးစုံမျိုးကွဲများအား ထိတွေ့မှုများလာခြင်းသည် ထိုသို့သော ရောဂါများကုသရာ၌ များစွာအကျိုးရှိစေသည်။

လွန်ခဲ့သောဆယ်စုနှစ်က အမေရိကန်စာရေးဆရာတစ်ဦးနှင့် ဂျာနယ်လစ်ဖြစ်သူ Richard Louv တို့သည် ကလေးငယ်များအနေဖြင့် ပြင်ပလောကနှင့်ထိတွေ့မှုလျော့နည်းလာမှုကြောင့် ဖြစ်ပေါ်လာသည့် Nature Deficit Disorder အကြောင်းကို"Last Child in the Woods" ခေါင်းစဉ်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။ အခြားသောလေ့လာမှုများအရ သဘာဝပတ်ဝန်းကျင်နှင့်ထိတွေ့မှုရှိခြင်းဖြင့် စိတ်ခံစားသိမြင်မှုစွမ်းရည်များ ကောင်းမွန်လာစေသည့်အပြင် ကျန်းမာရေးနှင့်စိတ်ဖိစီးမှုအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော စိတ်ကျရောဂါများကို ပြန်လည်ကောင်းမွန်လာစေနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

ဥပမာအားဖြင့် ဆွီဒင်နိုင်ငံတွင် စိတ်ဖိစီးမှုများကြောင့်ဖြစ်ပေါ်လာသော စိတ်မှုမမှန်မှုများနှင့် စိတ်ကျရောဂါဖြစ်ပွားမှုများကို ကောင်းမွန်သက်သာစေရန်ရည်ရွယ်ဖွင့်လှစ်ထားသော သဘာဝအခြေခံပြန်လည်တည်ထောင်ရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့ရာတွင်သဘာဝပတ်ဝန်းကျင်နှင့် ပုံမှန်ထိတွေ့မှုရှိခြင်း (သို့) ဥယျာဉ်ခြံများတွင် ရိုးရှင်းစွာနေထိုင်ခြင်းသည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုကြောင်း တွေ့ရသည်။ ထိုသို့ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများပြုလုပ်ပြီး တစ်နှစ်အကြာတွင် လူတစ်ဦးချင်းစီ၏ ဆေးကုသမှုစရိတ်များသည် (၂၈) ရာခိုင်နှုန်း လျော့ကျသွားပြီး ဆေးရုံတက်ရောက်ကုသမှုများသည်လည်း (၆၄) ရာခိုင်နှုန်း အထိလျော့နည်းသွားသည်။

သို့သော် ထိုသို့သော အကျိုးကျေးဇူးများကို မည်ကဲ့သို့ရယူ၍ လူသားများကိုလည်း သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့မှုရှိစေရန် မည်သို့လုပ်ဆောင်ကြမည်နည်း။ လူသားအားလုံး ကျန်းမာစွာနေထိုင်နိုင်စေရန် စိမ်းလန်းစိုပြည်သောနေရာများ ဖန်တီးတည်ထောင်ရန်၊ ပြန်လည်ထိန်းသိမ်းရန်နှင့် အမျိုးမျိုးသောနည်းလမ်းများ ရှာဖွေရန်လိုအပ်သည်။ ထိုသို့သော လုပ်ဆောင်ချက်များတွင် ပန်းခြံဥယျာဉ်များတည်ထောင်ခြင်း၊ လူနေရပ်ကွက်များတွင် စိမ်းလန်းသောနေရာများပြုလုပ်ခြင်း၊ အိမ်ခြံများတွင် ဥယျာဉ်ခြံများစိုက်ပျိုးခြင်းနှင့် လူမှုစီးပွားအဆင့်အတန်းအမျိုးမျိုးအနားယူအပန်းဖြေနိုင်သော သဘာဝနေရာများ သတ်မှတ်ခြင်းတို့ပါဝင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ''စိတ်ကျန်းမာမှုမရှိလျှင် ကိုယ်ကျန်းမာမှုမရှိနိုင်''ဟူ၍ ဆိုထားပေသည်။ စိတ်ကျရောဂါသည် ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသောရောဂါများ၏ (၄.၃)ရာခိုင်နှုန်းရှိပြီး အထူးသဖြင့် အမျိုးသမီးများအတွက် မသန်မစွမ်းဖြစ်စေနိုင်သည့် အဓိကအကြောင်းအရင်းလည်း ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ထုတ်ဝေခဲ့သည့် "Connecting Global Priorities: Biodiversity and Human Health" အစီရင်ခံစာတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့မှုရှိခြင်းသည် စိတ်ကျန်းမာရေးအတွက် ကောင်းမွန်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် စိတ်ကျန်းမာရေးကောင်းမွန်မှုကို ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ခေါင်းဆောင်များက လက်ခံဆောင်ရွက်လျက်ရှိသော "Sustainable Development Goals" များထဲမှ ဦးတည်ချက်တစ်ခုအဖြစ်ထည့်သွင်းထားပြီး တစ်ကမ္ဘာလုံးကလည်း အလေးထားတွန်းအားပေးလုပ်ဆောင်နေကြသည်။

မက္ကဆီကိုနိုင်ငံ၊ ကန်ကမ်မြို့၌ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲညီလာခံတွင် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းအဖွဲ့ဝင်များသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားတို့၏ကျန်းမာရေး ဆက်နွယ်နေမှုကို ဆွေးနွေးခဲ့ကြသည်။ အမျိုးသမီးများ၊ ကလေးငယ်များ၊ ထိခိုက်နစ်နာနိုင်သူများအပါအဝင် လူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်နွယ်မှုသည် စိတ်ကျန်းမာရေးကောင်းမွန်မှုနှင့် ရိုးရာယဉ်ကျေးမှု ထုံးစံများကို အထောက်အပံ့ဖြစ်စေသည့်အတွက် အစိုးရအဖွဲ့အစည်းများအနေဖြင့် ထိုဆက်နွယ်မှုကို ပိုမိုကောင်းမွန်လာ

စေရန် တိုးမြှင့်ဆောင်ရွက်သင့်သည်။ ထို့ပြင် မြို့ပြများတွင် စိမ်းလန်းပြီး ဇီဝမျိုးစုံမျိုးကွဲများရှိသော နေရာများတွင် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ လုပ်ဆောင်ရန်တိုက်တွန်းသင့်သည်။

ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းသည် ထိုသို့အရေးကြီးသောလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်ကတိပြုထားပြီးလည်းဖြစ်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိတ်ကျန်းမာရေးရောဂါများ ကာကွယ်ကုသခြင်းနှင့် ပြန်လည်ကောင်းမွန်စေခြင်းတို့ကိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင်လူတစ်ဦးတစ်ယောက်ချင်း၊ အစုအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများအတွက် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကိုလည်း ရရှိစေမည်ဖြစ်သည်။

အထွေထွေသမားတော်တစ်ဦးဖြစ်သည့် Willian Bird က သဘာဝပတ်ဝန်းကျင်သည် ရောဂါများကို ကုသပေးနိုင်သည့်ဌာနကြီးတစ်ခုဟူ၍ ပြောကြားခဲ့သည်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ ပိုမိုထိတွေ့မှုရှိလာစေရန် မည်သို့လုပ်ဆောင်ကြမည်ကို တွေးတော ကြံဆကြပါစို့။

Note:

1. *Connecting Global Priorities: Biodiversity and Human Health.* www.cbd.int/health/SOK-biodiversity-en.pdf
2. UN Biodiversity Conference: Third meeting of the Conference of the Parties to the Convention on Biological Diversity, Eight meeting of the Conference of the Partied serving as the meeting of the Parties to the Cartagena Protocol on Biosafety, Second meeting of the Conference of the Parties serving as the meeting of the Parties to the Nagoya Protocol on Access and Benefit-sharing, held 2-17 December, 2016 in Cancun, Mexico.



*APK*

အမိကမ္ဘာမြေကြီးဟာ သားဆိုးမွေးမိတဲ့မိခင်လို
ပူလောင်မှုကို ခံစားနေရရှာတယ်

## သစ်ပင်၏ ကျိန်စာ

ငါ့အားသတ်ဖြတ်
ရန်မူလျက်နေ
အို- လူတွေ
ငါ မရှိက၊ ဤဒေသဝယ်
မိုးခေါင်ရေကြီး
ဒုက္ခမီးနဲ့ - - နေကြလေ။

ငါ့အားသတ်ဖြတ်
ရန်မူလျက်နေ
အို- လူတွေ
ငါမရှိက၊ ဤဒေသဝယ်
ခမ်းခြောက်မြေသား
သဲနုံရှားရင်း
ဒုက္ခပြင်းလို့ - -နေကြလေ။

ငါ့အားသတ်ဖြတ်
ရန်မူလျက်နေ
အို- လူတွေ
ငါမရှိက၊ ဤဒေသဝယ်
ညစ်ညမ်းလေထု
ဒုက္ခစုလို့ - - နေကြလေ။

ငါ့အားသတ်ဖြတ်
ရန်မူလျက်နေ
အို- လူတွေ
ငါမရှိက၊ ဤဒေသဝယ်
ဥတုဖောက်ပြန်
ဒုက္ခရန်နဲ့ - - နေကြလေ။

ငါနဲ့ငါ့အမျိုး
အသေဆိုးလို့
ငါသို့ခံစား
ဖြစ်ရပ်များတွက်
သင်တို့ခံစား - -ကျိန်စာများ

စိုးပြေ (ကော့မှူး)

# တရုတ်-မြန်မာချစ်ကြည်ရေးသစ်တောစိုက်ခင်းစီမံကိန်းစိုက်ပျိုးပြီးစီးခြင်း အခမ်းအနားကျင်းပခြင်း









သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ပူးပေါင်း၍ တရုတ်-မြန်မာချစ်ကြည်ရေး သစ်တောစိုက်ခင်းစီမံကိန်း စိုက်ပျိုးပြီးစီးခြင်းအခမ်းအနားကို(၃၁-၈-၂၀၁၇)ရက် နံနက်(၈)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ပေါင်းတည်မြို့နယ်၊ ပေါင်းကြီးဝိုင်းအကွက်အမှတ်(၂၁၈)၌ ကျင်းပပြုလုပ်ရာသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားပါသည်။